# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

**ချမ်းသာ၏**

သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏။
သဒ္ဓါတရားတည်တံ့ခိုင်မြဲခြင်းသည် ချမ်းသာ၏။
ပညာကိုရခြင်းသည် ချမ်းသာ၏။ မကောင်းမှုကို
မပြုခြင်းသည် ချမ်းသာ၏။

**ခုဒ္ဒကနိကာယ် (ဓမ္မပဒ - ၃၃၃)**

၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက် | ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီ ၂ ရက်၊ တနင်္လာနေ့ | အတွဲ (၅၆)၊ အမှတ် (၀၉၄)

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဖွင့်ပွဲတက်ရောက်




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ဖွင့်ပွဲအခမ်းအနားတွင် ငြိမ်းချမ်းရေးအထိမ်းအမှတ် သံလွင်ပင်ကို စိုက်ပျိုးပေးစဉ် (သတင်းစဉ်)

**နေပြည်တော် ဇန်နဝါရီ ၁**

ငြိမ်းချမ်းရေးဖြစ်စဉ်၊ အမျိုးသားပြန်လည်သင့်မြတ်ရေးဖြစ်စဉ်ဆိုသည်မှာ အဖွဲ့အစည်းတစ်ခုနှင့်လည်း လုပ်၍မရကြောင်း၊ အဖွဲ့အစည်းအချို့နှင့်လည်း လုပ်၍မရကြောင်း၊ ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်နေသည့် ပုဂ္ဂိုလ်များအားလုံး ဝိုင်းဝန်းကြိုးစားမှ ရမည်ဖြစ်ကြောင်း ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်များ အောင်မြင်မည်ဆိုသည်ကို မိမိယုံကြည်ပြီးသားဖြစ်ကြောင်း၊ ဘယ်လောက်အချိန်ယူရမလဲဆိုသည်ကိုသာ မသိခြင်းဖြစ်ကြောင်း၊ မိမိအနေဖြင့် အချိန်မဆွဲသင့်တော့ဘူးဟုထင်ကြောင်း၊

*စာမျက်နှာ ၃ ကော်လံ ၁* ✪

မြန်မာတစ်နိုင်ငံလုံးTop-10ဝင်
နေပြည်တော်၊ ပျဉ်းမနားမြို့၏
ပညာပန်းတိုင်
ကိုယ်ပိုင်အထက်တန်းကျောင်း
၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် မူလတန်း၊ အလယ်တန်း၊ အထက်တန်း အားလုံး ကျောင်းအပ် စတင်လက်ခံနေပါပြီ။
Top-10ဝင် (၁)ဦး
(၆)ဘာသာဂုဏ်ထူးရှင် (၅)ဦး
(၅)ဘာသာဂုဏ်ထူးရှင် (၅)ဦး
(၄)ဘာသာဂုဏ်ထူးရှင် (၆)ဦး
(၃)ဘာသာဂုဏ်ထူးရှင် (၇)ဦး
(၂)ဘာသာဂုဏ်ထူးရှင် (၁၀)ဦး
(၁)ဘာသာဂုဏ်ထူးရှင် (၃၅)ဦး
စုစုပေါင်းဂုဏ်ထူးရှင် (၆၈)ဦး
အောင်ချက်ရာခိုင်နှုန်း ၅၅.၄၉%
အဋ္ဌမတန်းအောင်ချက်ရာခိုင်နှုန်း ၁၀၀%
ပညာပန်းတိုင်(၁) ဘားနဒ်လမ်းသွယ်၊ အမှတ်(၂)လမ်းမကြီး၊ ဦးမင်းဒင်ရပ်ကွက်၊ နေပြည်တော်၊ပျဉ်းမနားမြို့။ ဖုန်း - ၀၆၇၂၃၄၃၁၊ ၀၉ ၈၁၀၀၅၂၄၊ ၀၉၄၂၀၇၁၁၃၄၆၊ ၀၉၇၉၉၇၃၃၅၅၅
ပညာပန်းတိုင်(၂) ပဒုမ္မာလမ်း၊ ဘောဂဝတီရပ်ကွက်၊ (အေးငြိမ်းချမ်းသာကိလာနဘုံးဘွားကိုယ်သာရှ)နေပြည်တော်၊ပျဉ်းမနားမြို့။ ဖုန်း - ၀၆၇၂၃၄၃၁၊ ၀၉ ၈၁၀၀၅၂၄၊ ၀၉၄၂၀၇၁၁၃၄၆၊ ၀၉၇၉၉၇၃၃၅၅၅

မြန်မာ့အလင်း

# ဘဝနေဝင်ချိန်များ လှပစေရေး

အမေရိကန်စာရေးဆရာကြီး အားနက်စ်ဟဲမင်းဝေး ရေးသားပြီး လွန်ခဲ့သည့် ၆၅ နှစ် (၁၉၅၂)ခုနှစ်အတွင်းက ထုတ်ဝေခဲ့သော **The Old Man and the Sea** အမည်ရှိ ဝတ္ထုလတ်တစ်ပုဒ်မှာ ကမ္ဘာကျော်ခဲ့သည်။ အဆိုပါဝတ္ထုကို မြန်မာစာရေးဆရာကြီး သုံးဦးဖြစ်သည့် ဆရာကြီး မောင်ဉာဏ်ဝန်က ၁၉၅၄ ခုနှစ်တွင် "အဏ္ဏဝါနှင့်အဘိုးအို" အမည်ဖြင့် လည်းကောင်း၊ ဆရာကြီး တင့်တယ်က ၁၉၆၄ ခုနှစ်တွင် "အဏ္ဏဝါနှင့် အဘိုးအို" အမည်ဖြင့်ပင်လည်းကောင်း၊ ဆရာကြီးမောင်ဆုရှင်က ၁၉၇၄ ခုနှစ်တွင် "ပင်လယ်ပြာနှင့်တံငါအို" အမည်ဖြင့်လည်းကောင်း မြန်မာဘာသာသို့ အသီးသီးပြန်ဆိုခဲ့ကြပြီး ဆရာမောင်ဆုရှင်၏ "ပင်လယ်ပြာနှင့် တံငါအို"က အမျိုးသားစာပေ ဘာသာပြန်ပထမဆု ရရှိခဲ့သည်။

ဝတ္ထုမှာ ဆန်တီယာဂိုအမည်ရှိ တံငါသည်အဘိုးအိုနှင့် ရောမ မာလင် ငါးကြီးတစ်ကောင်တို့ကြားမှ ရုန်းကန်လှုပ်ရှားရသောတိုက်ပွဲကို သရုပ်ဖော်ထားခြင်းဖြစ်သည်။ ရက်ပေါင်း ၈၄ ရက်တိုင်တိုင် ငါးတစ်ကောင်မှမမိခဲ့သော ကံဆိုးရှာသည့် တံငါသည်အဘိုးအိုတစ်ယောက်၊ ၎င်း၏ ဘဝတစ်လျှောက် အကြီးဆုံး ငါးကြီးတစ်ကောင်ကို ပင်လယ်ပြင်၌ ဖမ်းမိခဲ့ချိန်၊ ရောမငါးကြီးကလည်း ၎င်းအသက်ဘေးမှ လွတ်မြောက်ရေးအတွက် ပြန်လည်ရုန်းကန်ကာ သုံးရက်တိုင်တိုင် လူသားအဘိုးအိုတစ်ယောက်နှင့် ရောမငါးကြီး တစ်ကောင်တို့ အားပြိုင်ခဲ့ကြပြီးနောက် အဘိုးအိုမှာ ခြေကုန်လက်ပန်းကျကာ မာလင်ငါးကြီးကို ဖမ်းမိခဲ့သော်လည်း အပြန်လမ်းတွင် ငါးမန်းများကြောင့် ၎င်းဖမ်းမိခဲ့သောငါးကြီးမှာ အရိုးစုမျှသာ ကျန်ခဲ့ရသည့်အကြောင်း ရသမြောက်စွာ ရေးဖွဲ့ခဲ့သည့် ၎င်းဝတ္ထုမှာ ကမ္ဘာကျော်ခဲ့သည်။

အဘိုးအိုသည် လူသားတို့ကို ကိုယ်စားပြုပြီး ပင်လယ်ပြင်သည် လောကကို ကိုယ်စားပြုကြောင်း၊ လူသားသည် မိမိတို့ရှင်သန်မှုအတွက် ရုန်းကန်တိုက်ပွဲဝင်ကြရကြောင်း၊ တစ်ခါတစ်ရံအောင်ပွဲကို ဆွတ်ခူးနိုင်သည့်တိုင် ရလဒ်မှာမူ အနှစ်သာရနှင့် အဓိပ္ပာယ်တို့ ကင်းမဲ့တတ်ကြောင်းကို သင်္ကေတပြု၍ ရေးဖွဲ့ခဲ့ခြင်းဖြစ်သည်ဟု ဝေဖန်သုံးသပ်ချက်များလည်း ရှိခဲ့သည်။ အဆိုပါဝတ္ထုကိုခံစား၍ အဆိုတော်ကြီး ကိုမင်းနောင်သီဆိုခဲ့သော "ဇရာ" သီချင်းမှာလည်း နားဆင်ရသူတို့ကို ခံစားမှုများ နက်နက်ရှိုင်းရှိုင်း ပေးစွမ်းနိုင်ကာ အိုမင်းမစွမ်းကြပြီဖြစ်သော သက်ကြီးရွယ်အိုတို့အပေါ် ကရုဏာစိတ်များ ယိုဖိတ်ဖြစ်ပေါ်စေခဲ့သည်။

ဇရာဟုဆိုသည့် သက်ကြီးရွယ်အိုဘဝ၊ အိုမင်းမစွမ်းသူအဖြစ်ကို (ငယ်ငယ်ရွယ်ရွယ်နှင့် ဘဝနိဂုံးချုပ်သူမှလွဲ၍) မိမိတို့အားလုံး မလွဲမသွေ ရောက်ရှိကြရမည်ဖြစ်သည်။ လူမှုစီးပွားဘဝများ ပြောင်းလဲမှု၊ ရုပ်ဝတ္ထုအသစ်အဆန်းများနှင့် ကာမဂုဏ်အာရုံ အသစ်အဆန်းများအပေါ် ငြီတွယ်မှု၊ လူနေမှုပုံစံများ ပြောင်းလဲရှုပ်ထွေးလာမှုများနှင့်အတူ အမိအဘ၊ အဘိုးအဘွားများအပါအဝင် သက်ကြီးရွယ်အိုများအပေါ် သားသမီး၊ မြေးမြစ်များအပါအဝင် ပျိုရွယ်သူတို့က တာဝန်ယူစောင့်ရှောက်မှုများ ပေါ့လျော့ပျက်ယွင်းလာကြသည်ကို မျက်မှောက်ကာလတွင် တွေ့မြင်လာရပြီ ဖြစ်သည်။

သက်ကြီးရွယ်အိုများကို ကျန်းမာရေးစောင့်ရှောက်မှု၊ လူမှုရေးစောင့်ရှောက်မှု မြှင့်တင်ရန်နှင့် လိုအပ်သည့်နည်းပညာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အကူအညီများပေးရန်စသော ရည်ရွယ်ချက်များအပါအဝင် ကောင်းသော ရည်ရွယ်ချက်များစွာဖြင့် "သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေ"ကို ပြည်ထောင်စုလွှတ်တော်က ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ရက်တွင် ပြဋ္ဌာန်းလိုက်ပြီဖြစ်သည်။ ဘဝ၏နေဝင်ဆည်းဆာချိန် ရောက်ရှိနေပြီဖြစ်သော သက်ကြီးရွယ်အိုများ၏ အနာဂတ်လက်ကျန်အချိန်ကာလကလေးများ လှပစေရေးအတွက် ဥပဒေပါရည်ရွယ်ချက်များ အမြန်ဆုံး အကောင်အထည်ပေါ်လာစေရန် ဆန္ဒမွန်ဖြင့် မျှော်လင့်မိပါကြောင်း။ ။

# ၂၀၁၇ ခုနှစ်၊ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံတွင် တွေ့ဆုံညှိနှိုင်းမှုများမှရရှိလာမည့် ဆုံးဖြတ်ချက်များနှင့်အညီ ဘုံသဘောတူညီချက်တစ်ခုဖြင့် အနာဂတ်တွင် စစ်မှန်သည့် ပြည်ထောင်စုကြီး တည်ဆောက်သွားနိုင်ရေး။

(၂) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။

(၃) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်ရေးအတွက် ဒီမိုကရေစီစံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်နှင့် သင့်လျော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၄) နိုင်ငံတော်၏ စီးပွားရေးမူဝါဒ မျှော်မှန်းချက်များနှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား ဘက်ညီမျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေမည့် စီးပွားရေးအခြေအနေကောင်းများရရှိရန် ကြိုးပမ်းဆောင်ရွက်ရေး။

## မန္တလေး(မြို့တော်အနှံ့) နှစ်သစ်ကြိုဆိုပွဲကျင်းပ

**မန္တလေး ဇန်နဝါရီ ၁**

၂၀၁၇ ခုနှစ် နှစ်သစ်ကူးကြိုဆိုပွဲများကို နေရာအနှံ့ ကျင်းပခဲ့ရာ မန္တလေးမြို့ ကျုံးဘေး တစ်လျှောက်၌လည်း ပျော်ရွှင်စွာ ဆင်နွှဲကြသည်ကို တွေ့မြင်ရသည်။ မန္တလေးကျုံးဘေးတစ်လျှောက်တွင် ည ၉ နာရီမှစ၍ ၂၀၁၇ နှစ်သစ်ကူး ပျော်ရွှင်ရန် ရောက်ရှိနေကြသည်။ အစည်ကားဆုံးနေရာမှာ ၆၆ လမ်း၊ ၂၆ လမ်းထောင့် ဆီဒိုးနားဟိုတယ်ရှေ့ဖြစ်သည်။ ၂၀၁၇ ခုနှစ် နှစ်သစ်ကူးရောက်ရှိသည့် အချိန်တွင် ကျုံးဘေးပတ်လည်နှင့် မန္တလေးမြို့ပေါ်ရပ်ကွက်များမှ ရောင်စုံမီးရှူးမီးပန်းများ ပစ်ဖောက်ခဲ့ကြသည်။

**အောင်ကျော်ထွန်း(ပုသိမ်ကြီး)**



ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစု ပင်လုံအခမ်းအနား ဓာတ်ပုံ - မျိုးမင်းထိုက် (IPRD)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၁-၁-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

### ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၂၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၂၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၂၀၀၀ |

### စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၆၅၀/၆၇၅ ကျပ် |
| အောက်တိန်း ၉၂ | ၆၆၀/၆၉၅ ကျပ် |
| အောက်တိန်း ၉၅ | ၇၁၀/၇၂၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၇၀/၇၁၀ ကျပ် |

### နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၇၅ · ၀ |
| ဥရောပ | တစ်ယူရို | ၁၄၃၃ · ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၄၈ · ၈၈ |
| ထိုင်း | တစ်ဘတ် | ၃၈ · ၂၄ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ · ၁၉ |
| တရုတ် | တစ်ယွမ် | ၁၉၆ · ၈၃ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၆ · ၂၁ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ချိုးစန္ဒီရွှေ၊ ကလျာမိုးမြင့်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



✪ ရှေ့ဖုံးမှ

မိမိတို့ ယခင်နှစ် ပင်လုံညီလာခံကို စလုပ်တုန်းကလည်း တချို့က စောသေးသည်၊ အချိန်နည်းနည်းပေးပါဟု ပြောကြကြောင်း၊ မစောဘူး၊ နောက်ကျနေပြီဟု မိမိပြောခဲ့ကြောင်း၊ ဒီလိုညီလာခံကြီး ဖြစ်မြောက်သင့်သည်မှာ ကြာပြီဖြစ်၍ တစ်ရက်နောက်ကျလျှင်တောင် နောက်ကျလွန်းနေပြီဟု ပြောပြီး ဖြစ်မြောက်အောင်လုပ်ခဲ့ကြောင်း။

**မရသေးသည်မှာ အချိန်လွန်လာ**

အလားတူ ယခုလုပ်ရမည့် ကိစ္စများကိုလည်း မလိုအပ်သည့် အဆောတလျင်လုပ်ခြင်းမဟုတ်ဘဲ အမြန်ဆုံးလုပ်နိုင်ရန်လိုကြောင်း၊ မိမိတို့ ငြိမ်းချမ်းရေးလိုအပ်ခဲ့သည်မှာ လွတ်လပ်ရေးရကတည်းကပင်ဖြစ်ကြောင်း၊ နှစ်ပေါင်း ၇၀ ခန့်ရှိနေပြီဖြစ်ကြောင်း၊ ယခုအချိန်အထိ ငြိမ်းချမ်းရေးလည်း မရသေးသည်မှာ အချိန်လွန်လာပြီဟု ထင်ကြောင်း ပြောကြားသည်။

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက နေပြည်တော် ဝဏ္ဏသိဒ္ဓိရပ်ကွက်ရှိ အဆိုပါဌာနသို့ ကျင်းပစဉ် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အထက်ပါအတိုင်း ပြောကြားခဲ့ခြင်း ဖြစ်သည်။

ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ငြိမ်းချမ်းရေးအထိမ်းအမှတ်သံလွင်ပင်ကို ပြည်ထောင်စုတိုင်းရင်းသား၊ တိုင်းရင်းသူများခြံရံ၍ စိုက်ပျိုးပေးပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မိန့်ခွန်းပြောကြားရာတွင် ဤနေ့ကိုရွေးပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနကို ဖွင့်ရသည့် အကြောင်းအရင်းသည် မိမိတို့၏ ငြိမ်းချမ်းရေးလုပ်ငန်းများ၊ ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းမှုများ ယခုနှစ်တွင် အောင်မြင်ပါစေဆိုသည့် စိတ်ထားဖြင့် ရွေးချယ်ရခြင်း ဖြစ်ပါကြောင်း၊ အောင်မြင်ရန်အတွက်လည်း အားလုံးက ဝိုင်းဝန်းပြီး ကူညီရန်လိုအပ်သည်ကို အထူးအထွေပြောရန် မလိုအပ်ပါကြောင်း။

**အောင်မြင်မှုရအောင် ကြိုးစားရမည်**

မျှော်လင့်ချက်ဆိုသည်မှာ ထပ်တလဲလဲ ပြန်ပြီးရှင်သန်၍ရပါကြောင်း၊ သို့သော် ကုန်သွားသည့် အချိန်များမှာ ပြန်ပြီးမရနိုင်ပါကြောင်း၊ ထို့ကြောင့် မိမိတို့သည် အချိန်ကိုမဖြုန်းရန် အင်မတန်အရေးကြီးပါကြောင်း၊ ယခုနှစ်တွင် မိမိတို့ ဘယ်လောက်အထိ အောင်မြင်မှုရချင်သလဲ ဆိုသည်ကို သန္နိဋ္ဌာန်ချပြီး ကိုယ်လိုချင်သည့် အောင်မြင်မှုရအောင် ကြိုးစားရမည် ဖြစ်ပါကြောင်း။

အမျိုးသားပြန်လည်သင့်မြတ်ရေး ဆိုသည့်အသုံးအနှုန်းကို သုံးထားပါကြောင်း၊ တချို့က အမျိုးသားပြန်လည်ရင်ကြားစေ့ရေးဟု သုံးကြပါကြောင်း၊ ပြန်လည်ရင်ကြားစေ့ရေးဟု သုံးသုံး၊ ပြန်လည်သင့်မြတ်ရေးဟုသုံးသုံး ယခင်က သင့်မြတ်ဖူးသည်၊ ယခင်က ရင်ကြားစေ့ရေးရှိဖူးသည်၊ နောက်ပျောက်ကွယ်သွားသဖြင့် ပြန်ပြီး ပြန်လည်ရရှိအောင်လုပ်သည်၊ ကြိုးပမ်းသည်ဟု အဓိပ္ပာယ်ဆောင်သလားဟု မိမိစဉ်းစားပါကြောင်း။

ထိုသို့ဆိုလျှင် လုံးဝမှန်ကန်သည်ဟု ပြော၍မရပါကြောင်း၊ မိမိတို့သည် တစ်ချိန်တစ်ခါက တကယ့်ကို မှန်ကန်သင့်မြတ်သည့် ရင်ကြားစေ့ရေး ရခဲ့ပြီလားဆိုလျှင် လွတ်လပ်ရေးကာလကတည်းကစပြီး လုံးဝရရှိခြင်း မရှိသေးပါကြောင်း၊ ပြန်လည်ပြီး တည်ဆောက်ရမည့်ကိစ္စ၊ အသစ်တည်ဆောက်ရမည့်ကိစ္စဖြစ်ပါကြောင်း။

**မိမိတို့ဘာသာ ပြန်ပြီးသုံးသပ်ရမည်**

တစ်နည်းအားဖြင့် အသစ်တည်ဆောက်သည်မှာ ပြန်လည်တည်ဆောက်ခြင်းထက် လွယ်သည်ဟု ပြော၍ရပါကြောင်း၊ ပြန်လည်တည်ဆောက်ခြင်းမှာ ယခင်ရှိပြီးသား အဆောက်အအုံကြီးအပေါ် ပြန်ပြင်ပြီး ဆောက်ရခြင်းဖြစ်၍ အခက်အခဲရှိနိုင်ပါကြောင်း၊ အသစ်တည်ဆောက်ပါက ကိုယ်လိုချင်သည့် ပုံစံကိုချပြီး တည့်တည့်မတ်မတ် တည်ဆောက်သွားလျှင် ပိုပြီးလွယ်ကူနိုင်ပါကြောင်း၊ ပြန်လည်တည်ဆောက်သည့်အနေဖြင့် ကြည့်ကြည့်၊ အသစ်တည်ဆောက်သည့်အနေဖြင့် ကြည့်ကြည့် ကြိုးစားရမည်မှာ အမှန်ပင်ဖြစ်ပါကြောင်း၊ အဓိကမှာ စိတ်ဆန္ဒပင်ဖြစ်ပါကြောင်း၊ တကယ် ပြန်လည်တည်ဆောက်ချင်သည့်ဆန္ဒ ရှိသလားဆိုသည်ကို မိမိတို့ဘာသာ ပြန်ပြီးသုံးသပ်ရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

လူတိုင်း လူတိုင်းက မိမိ၏ ဒေါသ၊ လောဘပျောက်အောင် လုပ်မည်ဆိုလျှင် အမျိုးသား ပြန်လည်သင့်မြတ်ရေး၊ ငြိမ်းချမ်းရေးဖြစ်စဉ်ကြီးကို မြန်မြန်ဆန်ဆန် အောင်မြင်မည် ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးအတွက် လုပ်ဆောင်သည့်အခါ ကိုယ်ကဘာပေးနိုင်သလဲ၊ ကိုယ်က ဘယ်လိုပံ့ပိုးပေးနိုင်သလဲ၊ ကိုယ်က ဘယ်လောက် အနစ်နာခံနိုင်သလဲ၊ ကိုယ်က ဘယ်လောက်စွန့်လွှတ်နိုင်သလဲဆိုသည်ကို စဉ်းစားရန်လိုပါကြောင်း၊ ဟိုဘက်က ဘယ်လောက်ပေးမှာလဲ၊ ဟိုဘက်က ဘယ်လောက်ရနိုင်မှာလဲ၊ ဟိုဘက်က ငါတို့အတွက် ဘာတွေလုပ်ပေးနိုင်မှာလဲဆိုသည့်ပုံစံဖြင့် သွားမည်ဆိုလျှင် အောင်မြင်မှုမရနိုင်ပါကြောင်း။

**တည်ထောင်ရန် ကြိုးစားခြင်းဖြစ်**

ဤ NRPC စင်တာ အဆောက်အအုံကြီးကို အလုပ်လုပ်နိုင်သည့် အခြေအနေရောက်ရန် အများကြီး ကြိုးစားခဲ့ရပါကြောင်း၊ ထိုသို့ ကြိုးစားသော်လည်း အားလုံးက ပြီးမြောက်သေးခြင်း မရှိသေးပါကြောင်း၊ တစ်ဆင့်ချင်း၊ တစ်ဆင့်ချင်း ပိုပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးကို သင့်တော်သည့်လုပ်ငန်းများ ပြီးစီးနိုင်ရန်၊ လုပ်ငန်းများကို ပံ့ပိုးနိုင်ရန် အဆောက်အအုံကြီးကို တည်ထောင်ရန် ကြိုးစားခြင်းဖြစ်ပါကြောင်း။

*စာမျက်နှာ ၄ သို့*



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်** (သတင်းစဉ်)




**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်** (သတင်းစဉ်)

*စာမျက်နှာ ၃ မှ*

တချို့က မေးပါကြောင်း၊ ပင်လုံညီလာခံကြီး အောင်မြင်ပြီးလျှင်၊ မိမိတို့လိုချင်သည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို ထူထောင်ပြီးလျှင် ဤ NRPC က မလိုတော့ဘူးလားဆိုပြီး မေးခွန်းထုတ်သူများ ရှိပါကြောင်း၊ ယင်းကို ယခုအချိန်တွင် မိမိပြော၍ မရသေးပါကြောင်း၊ သို့သော် ယခုတည်ဆောက်လိုက်သည့်၊ တည်ဆောက်နေဆဲမှ တည်ဆောက်ပြီးသည့်အခါတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးကို ဆက်ပြီး ထိန်းသိမ်းထားရန် အများကြီး လိုအပ်မည်ဖြစ်ပါကြောင်း။

**ရှင်သန်အောင်လုပ်ရမည်**

စောစောက သံလွင်ပင်ကို စိုက်ခဲ့ပါကြောင်း၊ သံလွင်ပင်၏ အရေးပါပုံကို အပင်စိုက်စဉ်အခါက ရှင်းပြသွားပါကြောင်း၊ သို့သော် ဤသံလွင်ပင်လေးသည် ဒီနေ့စိုက်ပြီး ပစ်ထား၍ မရပါကြောင်း၊ ဒီနေ့စိုက်ပြီး ပြန်လှည့်မကြည့်လျှင် မကြာခင် သေသွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့က ဆက်ပြီး သံလွင်ပင်လေးကို ရှင်သန်အောင် လုပ်ရမည်ဖြစ်ပါကြောင်း။

မိမိတို့သည် သဘာဝမြေသြဇာဖြင့် ဤသံလွင်ပင်လေးကို ရှင်သန်အောင် လုပ်ရမည်ဖြစ်ပါကြောင်း၊ ရေကို လုံလောက်အောင် ပေးရမည်ဖြစ်ပြီး သိပ်အလွန်အကျွံပေး၍ မရပါကြောင်း၊ ယင်းမှာ အပင်များ၏ သဘောတရားပင် ဖြစ်ပါကြောင်း၊ ဘာမဆို သင့်တော်အောင်လုပ်မှ ဤအပင်လေးများ ရှင်သန်နိုင်မည်၊ ဖွံ့ဖြိုးနိုင်မည်၊ အသီးအပွင့်များနှင့် ဝေဆာနိုင်မည်ဖြစ်ပါကြောင်း၊ အလွန်အကျွံလုပ်၍လည်း မရနိုင်ပါကြောင်း။

**ငြိမ်းချမ်းရေးပျက်ပြားခဲ့**

ယခု ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ပတ်သက်ပြီး အရေးကြီးဆုံးမှာ ယုံကြည်မှုတည်ဆောက်ရန်နှင့် ယင်း၏ အခြေခံမှာ ဖြောင့်မတ်ခြင်းဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေး သံလွင်ပင်လေးကို ရှင်သန်စေချင်လျှင် အရေးကြီးသည်မှာ မိမိတို့ အချင်းချင်းအကြား မှန်မှန်ကန်ကန်၊ ဖြောင့်ဖြောင့်မတ်မတ်၊ ပွင့်ပွင့်လင်းလင်း၊




**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်** (သတင်းစဉ်)

ဖြူဖြူစင်စင် ဆက်ဆံနိုင်ရန်လိုပါကြောင်း၊ ကိုယ်လိုချင် တာရှိလျှင်လည်း လိုချင်သည်ဟု ပြော၍ရပါကြောင်း၊ လူဖြစ်သည့်အတွက် လိုချင်တာရှိပါကြောင်း၊ မိမိတို့ ဆန္ဒချင်းမတူ၍ ငြိမ်းချမ်းရေးများ ပျက်ပြားခဲ့ရခြင်း ဖြစ်ပါကြောင်း၊ ကိုယ်လိုချင်တာနှင့် သူလိုချင်တာ မတူသဖြင့် သို့မဟုတ် သူလိုချင်တာကို ကိုယ်ကလည်း လိုချင်ပြီးလုသဖြင့် သင့်မြတ်ရေး၊ ငြိမ်းချမ်းရေးပျက်ပြားခဲ့ခြင်း ဖြစ်ပါကြောင်း။

**ဖြူစင်သန့်ရှင်းသော စိတ်ထားများ**

၂၀၁၇ ခုနှစ်၏ ပထမဦးဆုံးနေ့မှစပြီး အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးအတွက် ဖြူစင်သည့် စိတ်ဓာတ်များနှင့် ဆက်ပြီးသွားကြစို့ဟု တိုက်တွန်းချင်ပါကြောင်း၊ မိမိတို့ ငြိမ်းချမ်းရေးသင်္ကေတသည် ချိုးဖြူလေး ဖြစ်ပါကြောင်း၊ ဖြူစင်ခြင်းဟု ဆိုချင်ပါကြောင်း၊ ဖြူစင်သန့်ရှင်းခြင်းဆိုသည်မှာ တစ်ယောက်နှင့် တစ်ယောက်အပေါ် ဖြူစင်သန့်ရှင်းသော စိတ်ထားများ မထားဘဲ တကယ့်စစ်မှန်သည့် ငြိမ်းချမ်းရေးကို မရနိုင်ပါကြောင်း၊ ခိုင်မြဲသည့် ငြိမ်းချမ်းရေးကို မိမိတို့ မတည်ဆောက်နိုင်ပါကြောင်း။

ငြိမ်းချမ်းရေးအတွက် ဖြူစင်သည့် စိတ်ထားများထားချင်လျှင် မိမိကိုယ်ကို တစ်ချိန်လုံး သုံးသပ်ရမည်ဖြစ်ပါကြောင်း၊ လောဘကို အလှူဒါနဖြင့် အောင်နိုင်စေရာ၏ဟုဆိုသည့်အတိုင်း ကိုယ့်လောဘများနှင့် လိုချင်စိတ်များကို ပေးကမ်းချင်သည့်စိတ်၊ တခြားသူ၏ ဆန္ဒများကို တတ်နိုင်သလောက် မှန်မှန်ကန်ကန် နည်းလမ်းဖြင့် ဖြည့်ဆည်းပေးချင်သည့် စိတ်များဖြင့် အောင်နိုင်ယူရမည်ဖြစ်ပါကြောင်း။

**ငြိမ်းချမ်းရေးဖြစ်စဉ်များ အောင်မြင်မည်**

မိမိတို့၏ ဒေါသများကိုလည်း မေတ္တာထားခြင်းဖြင့် အောင်နိုင်ယူရမည်၊ လောဘနှင့် ဒေါသကို အောင်နိုင်နိုင်မည်ဆိုလျှင် မိမိတို့နိုင်ငံတွင် အမျိုးသား ပြန်လည်သင့်မြတ်ရေး မရှိစရာအကြောင်းဘာမျှမရှိပါကြောင်း၊ ယင်းစိတ်နှစ်ခုသာ ပျောက်ကွယ်သွားမည်ဆိုလျှင်၊ လုံးဝပျောက်ကွယ်သွားခြင်း မဟုတ်ဘဲ အများကြီး လျော့ကျသွားမည်ဆိုလျှင် မိမိတို့၏ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်များ အောင်မြင်မည်ဟု လုံးဝယုံကြည်ပါကြောင်း။

**အကြီးဆုံးစိန်ခေါ်မှုပင်ဖြစ်**

အချိန်တွေ လွန်လာသည့်အတွက် ယခုနှစ်တွင် ငြိမ်းချမ်းရေးပန်းတိုင်ကို တကယ့်ကို တည့်တည့်မတ်မတ် သွားနိုင်ပြီဆိုသည့် အခြေအနေဖြစ်အောင် ဝိုင်းဝန်းပြီး ကြိုးစားစေချင်ပါကြောင်း၊ ငြိမ်းချမ်းရေးပန်းတိုင်ကို ရောက်တော့မည်၊ တည့်တည့်ဖြောင့်ဖြောင့် လမ်းပေါ်ကို ရောက်နေပြီဆိုလျှင် အားလုံးဝိုင်းပြီး အမြန်ဆုံးဖြစ်အောင် ကြိုးစားရမည်၊ တည့်တည့်မတ်မတ် လမ်းပေါ်ရောက်ရန်မှာ အကြီးဆုံးစိန်ခေါ်မှုပင် ဖြစ်ပါကြောင်း။

ယင်းစိန်ခေါ်မှုများကို ဤအဆောက်အအုံထဲမှ ဗဟိုပြုပြီး မိမိတို့ ရင်ဆိုင်သွားမည်ဖြစ်ပါကြောင်း၊ ရင်ဆိုင်သည့်အခါတွင်လည်း နိုင်ငံသူ နိုင်ငံသားအားလုံး၏ အကူအညီဖြင့်၊ တစ်ကမ္ဘာလုံးမှာရှိသည့် မိမိတို့ နိုင်ငံအပေါ် တကယ့်ကို စေတနာထားသည့် မိတ်ဆွေများ၏ ဝန်းရံမှုဖြင့် မိမိတို့ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးရအောင် လုပ်သွားမည်ဆိုသည်ကို ပြည်သူပြည်သားအားလုံးသိအောင် ပြောချင်ပါကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့သည် ငြိမ်းချမ်းရေးဗဟိုဌာနအတွင်း လှည့်လည်ကြည့်ရှုသည်။

**သံလွင်ခက်ကို ကိုက်ချီ၍ ပျံသန်းနေသော ချိုးငှက်ဖြူ**

ယဉ်ကျေးမှုတိုင်းတွင် ငြိမ်းချမ်းရေးအမှတ်သင်္ကေတများ ကိုယ်စီကိုယ်ငရှိနေတတ်ပြီး နိုင်ငံတကာ အသိအမှတ်ပြု အမှတ်သင်္ကေတတစ်ရပ်မှာ သံလွင်ခက်ကို ကိုက်ချီ၍ ပျံသန်းနေသော ချိုးငှက်ဖြူဖြစ်သည်။ သံလွင်ခက်ကို ကိုက်ချီ၍ ပျံသန်းနေသော ချိုးငှက်ဖြူသည် ငြိမ်းချမ်းရေးအထိမ်းအမှတ်သင်္ကေတများအနက် ရှေးအကျဆုံးသင်္ကေတ လက္ခဏာတစ်ခုဖြစ်ပြီး အောင်ပွဲ၏ အထိမ်းအမှတ်အဖြစ်လည်း အမှတ်သညာ ပြုကြသည်။

သံလွင်ပင်သည် ဖျက်ဆီး၍ မရနိုင်သော အပင်၊ ခံနိုင်ရည်ရှိသော အပင်၊ လူတို့အတွက် အကျိုးပြုသော အပင်၊ ငြိမ်းချမ်းရေးအသွင်ဆောင်သော အပင်၊ လောကအကျိုးသယ်ပိုးသော အပင်အဖြစ်လည်း မှတ်ယူကြသည်။ အရွယ်ရောက်ပြီး သံလွင်ပင်၏ အမြင့်မှာ ပေ ၅၀ နှင့် ပင်စည်လုံးပတ် ၃၃ ပေခန့်ရှိ၍ အနှစ် ၂၀၀၀ ကျော်အထိ ရှင်သန်နိုင်ကြောင်း သိရသည်။

ထို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးတို့ကို ဦးစီးဆောင်ရွက်မည့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဖွင့်ပွဲအထိမ်းအမှတ်အနေဖြင့် စိုက်ပျိုးခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## မြန်မာနှင့် ဂျပန် ကင်းထောက်အမျိုးသမီးများ၏ စတုတ္ထအကြိမ် အပြည်ပြည်ဆိုင်ရာ စခန်းချသင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁**

မြန်မာကင်းထောက် အမျိုးသမီးအဖွဲ့နှင့် ဂျပန်ကင်းထောက် အမျိုးသမီးအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် စတုတ္ထအကြိမ် အပြည်ပြည်ဆိုင်ရာ စခန်းချသင်တန်း (Fourth International Camp for MMGG and GSJ) ဆင်းပွဲကို ဒီဇင်ဘာ ၃၀ ရက် မွန်းလွဲပိုင်းက နေပြည်တော်ရှိ အားကစားလေ့ကျင့်ရေးစခန်း(Gold Camp)၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးကင်းထောက်အဖွဲ့ အမျိုးသမီးကင်းထောက်ချုပ် ဒေါက်တာ ဒေါ်တင်လှကြည်နှင့် ဂျပန်နိုင်ငံအိုဆာကာ အမျိုးသမီးကင်းထောက် အဖွဲ့မှ Chief Executive Organizer, Ms. Kuniko Tatamitani တို့က အမှာစကားပြောကြားသည်။

ထို့နောက် အမျိုးသမီးကင်းထောက်ချုပ် ဒေါက်တာ ဒေါ်တင်လှကြည်နှင့် ဒုတိယကင်းထောက်ချုပ် ဒေါ်ခင်စောဥမ္မာ တို့က သင်တန်းသူ မြန်မာအမျိုးသမီးကင်းထောက် ၉၂ ဦးနှင့် ဂျပန်အမျိုးသမီးကင်းထောက် ၄၁ ဦးတို့အား သင်တန်းဆင်းလက်မှတ်များပေးအပ်ကာ ဂျပန်နိုင်ငံ အိုဆာကာ အမျိုးသမီးကင်းထောက်အဖွဲ့မှ Chief Executive Organizer, Ms. Kuniko Tatamitani နှင့် အပြည်ပြည်ဆိုင်ရာ ကော်မရှင်နာ Ms. Michiko Hanaoka တို့က သင်တန်းတွင် ကူညီဆောင်ရွက်ပေးကြသူများအား ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်သည်။




**စတုတ္ထအကြိမ် အပြည်ပြည်ဆိုင်ရာ စခန်းချသင်တန်း(Fourth International Camp for MMGG and GSJ) ဆင်းပွဲတွင် မြန်မာနိုင်ငံ အမျိုးသမီးကင်းထောက်အဖွဲ့ အမျိုးသမီးကင်းထောက်ချုပ် ဒေါက်တာ ဒေါ်တင်လှကြည် သင်တန်းဆင်းလက်မှတ်များ ပေးအပ်စဉ်**

ယင်းနောက် စတုတ္ထအကြိမ် အပြည်ပြည်ဆိုင်ရာ စခန်းချသင်တန်း အတွက် အလှူရှင်များက အလှူငွေများ ပေးအပ်ရာ အမျိုးသမီးကင်းထောက်ချုပ် ဒေါက်တာ ဒေါ်တင်လှကြည်က လက်ခံသည်။

ယင်းစခန်းချ သင်တန်းကို ဒီဇင်ဘာ ၂၈ ရက်က စတင်၍ နေပြည်တော်ရှိ အားကစားလေ့ကျင့်ရေး စခန်း(Gold Camp)၌ ဖွင့်လှစ်ခဲ့ရာ ဂျပန်နိုင်ငံ အိုဆာကာမြို့နှင့် ဟီရိုရှီးမားမြို့မှ ကင်းထောက်အမျိုးသမီးများနှင့် ကြီးကြပ်သူများ ၄၁ ဦးနှင့် အထက်မြန်မာပြည်၊ အောက်မြန်မာပြည်နှင့် နေပြည်တော်ရှိ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်များမှ မြန်မာကင်းထောက်အမျိုးသမီး ၉၂ ဦးတို့ တက်ရောက်ခဲ့ကြပြီး ဂျပန်နှင့် မြန်မာ ကင်းထောက်ပညာများ အတွေ့အကြုံဖလှယ်ခြင်း၊ ငြိမ်းချမ်းရေးနှင့် ပတ်သက်သည့် ဆွေးနွေးပွဲများ၊ နိုင်ငံအလိုက် ရိုးရာယဉ်ကျေးမှု တေးသီချင်းများ၊ ဝတ်စားဆင်ယင်မှုများ၊ ရိုးရာအကနှင့် ကစားပွဲများ၊ တောတွင်းစခန်းချ ပညာရပ်များ၊ ရှေးဦးသူနာပြုစုနည်းများ၊ မီးပုံပွဲများ လေ့ကျင့်သင်ကြားခဲ့ကြောင်း သိရသည်။ **ကိုလတ်(သတင်းစဉ်)**

## မြို့နယ်လုံးကျွတ် ဘာသာပေါင်းစုံ နှစ်သစ်ကူးပွဲတော်ကျင်းပ

**ဖယ်ခုံ ဇန်နဝါရီ ၁**

ရှမ်းပြည်နယ် တောင်ပိုင်း ဖယ်ခုံမြို့၌ (၅)ကြိမ်မြောက် မြို့နယ်လုံးကျွတ် ဘာသာပေါင်းစုံကော်မတီက ကြီးမှူးကျင်းပသော လူမျိုး/ဘာသာပေါင်းစုံ နှစ်သစ်ကူးပွဲတော်ကို ဒီဇင်ဘာ ၃၁ ရက် ညနေ ၆ နာရီခွဲက ယေဇူးရွှေနှလုံးတော်ဘုရားကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ဖယ်ခုံကက်သလစ် သာသနာဂိုဏ်းအုပ် ဆရာတော်ကြီး ရောဘတ်၊ နှစ်ခြင်းဓမ္မဆရာ ဦးထွန်းလှ၊ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုဌာန ခေါင်းဆောင်ဆရာတော် ဦးတိဿနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်ဇော်တို့က နှစ်သစ်အကြိုအမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ကြွရောက်လာကြသော ဆရာတော်/သံဃာတော်များအား လှူဖွယ်ဝတ္ထုများကို ဆက်ကပ်လှူဒါန်းပြီး ခရစ်ယာန်ဘုန်းတော်ကြီးများ၊ ဗုဒ္ဓဘာသာဘုန်းတော်ကြီးများနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က နှစ်သစ်ကူးမီးပုံကို မီးရှူး မီးပန်းများဖြင့် ပစ်ဖောက်မီးညှိ၍ ၂၀၁၇ ခုနှစ် နှစ်သစ်ကို ကြိုဆိုခဲ့ကြသည်။ ထို့နောက် ကယန်း၊ ရှမ်း၊ ပအိုဝ်း၊ ကယား စသည့် တိုင်းရင်းသားပေါင်းစုံက ရိုးရာယဉ်ကျေးမှု အဆို၊အကများဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည်။

အခမ်းအနားသို့ ဗုဒ္ဓဘာသာဘုန်းတော်ကြီးများ၊ RC ကက်သလစ်ဘာသာ ဆရာတော်နှင့် ဘုန်းတော်ကြီးများ၊ နှစ်ခြင်းခရစ်ယာန်ဘာသာ သင်းအုပ်ဆရာတော်ကြီးများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ဘာသာပေါင်းစုံ၊ လူမျိုးပေါင်းစုံမှ ပြည်သူများ စည်ကားသိုက်မြိုက်စွာ ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။
**မောင်မောင်ထွေး(ပြန်/ဆက်)**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် လူငယ်များစကားဝိုင်း (ငြိမ်းချမ်းရေးစကားဝိုင်း) ကျင်းပ

# ငြိမ်းချမ်းရေးဆိုသည်မှာ စားပွဲဝိုင်း၌ထိုင်ပြီး ညှိနှိုင်းဆွေးနွေး၍ အဖြေယူရသည့်ကိစ္စဖြစ်

**နေပြည်တော် ဇန်နဝါရီ ၁**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် လူငယ်များစကားဝိုင်း (ငြိမ်းချမ်းရေးစကားဝိုင်း) ကို ယနေ့မွန်းလွဲ ၂ နာရီက နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟို ဌာန-၂ ၌ ကျင်းပသည်။

ငြိမ်းချမ်းရေးစကားဝိုင်း၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အဖွင့်အမှာစကားပြောကြားရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်သူများအားလုံးနှင့် ကမ္ဘာသူ ကမ္ဘာသားအားလုံး ၂၀၁၇ ခုနှစ်တွင် နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ၊ ကောင်းကျိုးလိုရာဆန္ဒအဝဝနှင့်ပြည့်စုံကြပါစေဟု ဆုတောင်းမေတ္တာပို့လိုက်ပါကြောင်း။




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် လူငယ်များစကားဝိုင်း (ငြိမ်းချမ်းရေးစကားဝိုင်း) တွင် အမှာစကားပြောကြားစဉ် (သတင်းစဉ်)

### စိန်ခေါ်မှုတစ်ခုဖြစ်

မိမိတို့၏ သန်း ၅၀ ကျော် နိုင်ငံသူ၊ နိုင်ငံသားများထဲတွင် မြောက်မြားစွာသော ဆန္ဒများရှိမည်ဖြစ်ပါကြောင်း၊ ထိုဆန္ဒများအနက် ဘယ်ဆန္ဒသည် အဓိကအကျဆုံးလဲ၊ ဘယ်ဟာတွေကို ဦးစားပေးပြီး အကောင်အထည်ဖော်ရမလဲ ဆိုသည်ကို ပြည်သူလူထုရွေးချယ်တင်မြောက်ထားသည့် အစိုးရတစ်ခုအတွက် အကြီးဆုံးတာဝန်တစ်ခု၊ စိန်ခေါ်မှုတစ်ခုဖြစ်ပါကြောင်း။

ဘယ်ဆန္ဒကို ဦးစားပေးရမလဲဆိုသည်ကို ရွေးချယ်ရန်လည်း အရေးကြီးပါကြောင်း၊ ယင်းဆန္ဒများကို ဘယ်လိုပုံစံဖြင့် ဖြည့်ဆည်းပေးရမည်ဆိုသည်ကို ဆုံးဖြတ်ရန်လည်း အင်မတန်မှ အရေးကြီးပါကြောင်း၊ တချို့က နည်းလမ်းက အရေးမကြီးဘူး၊ ကိုယ်လိုရာ ရရင်ပြီးရောဟု ထင်ကြပါကြောင်း၊ ကိုယ်လိုရာ ပန်းတိုင်ရောက်ရင်ပြီးရော ဘယ်လိုလမ်းက သွားရ၊ သွားရဆိုပြီး ယူဆသူများလည်း ရှိပါကြောင်း၊ မိမိတို့အမြင်တွင် လမ်းမှားသွားလျှင် ပန်းတိုင်ရောက်သည့်အခါ ကိုယ်ထင်သလို မဟုတ်တာဖြစ်တတ်ပါကြောင်း၊ လမ်းမှန်ကသွားမှသာလျှင် မိမိတို့ လိုချင်သည့်ပန်းတိုင်ကို မှန်မှန်ကန်ကန်ရောက်မည်ဖြစ်ပါကြောင်း။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ငြိမ်းချမ်းရေးကော်မရှင်မှအဖွဲ့ဝင်များ၊ လူငယ်များနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်စဉ် (သတင်းစဉ်)

၂၀၁၇ခုနှစ်တွင် စတင်စဉ်းစားရမည်မှာ နိုင်ငံအတွက် ဘာတွေပထမဦးဆုံး ဦးစားပေးပြီးလုပ်ရမလဲဆိုသည့်ကိစ္စဖြစ်ပါကြောင်း၊ ယခင်နှစ်က ပြည်သူလူထုအများစု၏ ရွေးချယ်တင်မြောက်မှုဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အစိုးရ စတင်ထူထောင်ကတည်းက မိမိတို့တင်ပြထားသည့်ကိစ္စများရှိပါကြောင်း၊ ဘာတွေကို မိမိတို့ ဦးစားပေးပြီး ဆောင်ရွက်မလဲဆိုသည်ကို မိမိတို့တင်ပြထားပါကြောင်း၊ ထိုထဲတွင် အရေးအကြီးဆုံးတစ်ခုမှာ ပြည်တွင်းငြိမ်းချမ်းရေးဖြစ်ပါကြောင်း၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ပြည်သူလူထု၏ ဘဝတိုးတက်ရေးသည် မိမိတို့ ဦးစားပေးထားသည့်ကိစ္စနှစ်ခုဖြစ်ပါကြောင်း၊ ထိုနှစ်ခုမှာ ဆက်နွှယ်မှုရှိပါကြောင်း၊ မိမိတို့နိုင်ငံသည် အေးချမ်းမှ နိုင်ငံသူနိုင်ငံသားများ၏ဘဝ တိုးတက်နိုင်မည်ဖြစ်ပါကြောင်း၊ ဘဝတိုးတက်မှ ငြိမ်းချမ်းရေးကို ထိန်းသိမ်းထားနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ထိုနှစ်ခုကို အရေးအကြီးဆုံး ရည်ရွယ်ချက်အနေဖြင့် သတ်မှတ်ထားခြင်းဖြစ်ပါကြောင်း။

### ညှိနှိုင်းဆွေးနွေး

ပထမနှစ်ဦးပိုင်းမှစပြီး မိမိတို့အစိုးရအဖွဲ့ တစ်နှစ်ပြည့်မည့်အချိန်အထိ ဝန်ကြီးဌာန၊ အစိုးရဌာနအသီးသီးမှ တစ်နှစ်အတွင်း ဆောင်ရွက်ချက်များ၊ တစ်နှစ်အတွင်း ကြုံတွေ့ခဲ့ရသည့်စိန်ခေါ်မှုများကို ဘယ်လိုနည်းဖြင့် ကျော်လွှားမလဲဆိုသည့် မိမိတို့ခန့်မှန်းထားသည့်အစီအစဉ်များကို တင်ပြသွားမည်ဖြစ်ပါကြောင်း၊ မိမိတို့၏ရည်မှန်းချက်များအနက်ဦးစားပေးပြီး ကိုယ်တိုင်တာဝန်ယူထားသည့်ကိစ္စတစ်ခုမှာ ပြည်တွင်းငြိမ်းချမ်းရေးပင်ဖြစ်ပါကြောင်း၊ မိမိတို့အစိုးရအဖွဲ့ဖွဲ့ပြီး များမကြာမီ မေလမှစ၍ ဒုတိယပင်လုံညီလာခံ၊ ငြိမ်းချမ်းရေးညီလာခံကြီးကျင်းပရေးအတွက် ကြိုးစားခဲ့ပါကြောင်း၊ ဒုတိယပင်လုံညီလာခံကြီးကျင်းပရန်အတွက် ခြေလှမ်းအများကြီးလှမ်းရန်လိုပါကြောင်း၊ ခြေလှမ်းအများကြီး လှမ်းရန်လိုအပ်သည့်အထဲတွင် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးကိစ္စ ဖြစ်ပါကြောင်း၊ အပစ်အခတ်ရပ်စဲပြီးမှ တကယ့်ငြိမ်းချမ်းရေးကို မိမိတို့ရနိုင်မည် ဖြစ်ပါကြောင်း၊ ပစ်ရင်းခတ်ရင်းနှင့် ငြိမ်းချမ်းရေးရသည်ဆိုသည်မှာ မဖြစ်နိုင်ပါကြောင်း၊ တကယ့် ငြိမ်းချမ်းရေးဆိုသည်မှာ ဆွေးနွေးပွဲစကားဝိုင်းတွင် ထိုင်ပြီး ဆွေးနွေးခြင်းဖြင့်သာ ရနိုင်မည်ဖြစ်ပါကြောင်း၊ ကမ္ဘာ့သမိုင်းတွင် ဘယ်လောက်ပင်စစ်ပွဲများ တိုက်ခိုက်တိုက်ခိုက် နိဂုံးချုပ်အဖြေမှာ စကားပြောပြီး အဖြေရှာရသည့်ကိစ္စ၊ စားပွဲဝိုင်း၌ထိုင်ပြီး ညှိနှိုင်းဆွေးနွေး၍ အဖြေယူရသည့်ကိစ္စပင်ဖြစ်ပါကြောင်း။

၂၀၁၇ ခုနှစ်၏အစပိုင်း ဒီနေ့တွင် ငြိမ်းချမ်းရေးနှင့်ပတ်သက်သည့်စကားဖြင့် စချင်သည်ဟု မိမိဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်သည့် စကားဆိုသည်မှာ အခုငြိမ်းချမ်းရေးအတွက် လုပ်ကိုင်နေသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် မိမိတို့အစိုးရဘက်မှ အဖွဲ့များ ဆွေးနွေးရုံသာမဟုတ်ပါကြောင်း၊ မိမိတို့ပြည်သူပြည်သားများနှင့် ဆွေးနွေးခြင်းကို ဆိုလိုခြင်းဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသူ နိုင်ငံသားများအားလုံးပါလာအောင် မိမိတို့နိုင်ငံသူ နိုင်ငံသားများသည် ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ဘယ်လိုအမြင်ရှိသလဲ၊ ငြိမ်းချမ်းရေးနှင့် ပတ်သက်သည့်ပြဿနာများ၊ စိန်ခေါ်မှုများကို ဘယ်လိုကိုင်တွယ်ရန် ရည်ရွယ်ချက်ရှိသလဲဆိုသည်ကို သိရန်လိုပါကြောင်း၊ အားလုံးလက်တွဲပြီး လုပ်လျှင် အောင်မြင်မည့်ကိစ္စတစ်ခုဖြစ်ပါကြောင်း၊ ဒါကို ဆွေးနွေးရန်အတွက် ဘယ်သူနှင့်စတင်ဆွေးနွေးမလဲဆိုသည်ကို စဉ်းစားပါကြောင်း။

အမှန်ပြောရလျှင် မိမိအနေဖြင့် ယခုထက်ငယ်သည့်ကလေးများနှင့် ဆွေးနွေးချင်ပါကြောင်း၊ ပထမဦးဆုံး ကလေးများနှင့်ဆိုလျှင် သိပ်အဆင်မပြေဘူးဆိုပြီး လူငယ်များနှင့် စခြင်းဖြစ်ပါကြောင်း၊ နောင်တစ်ချိန်တွင် ကလေးများနှင့် ဆွေးနွေးမှုများလည်းလုပ်ချင်ပါကြောင်း၊ စီးပွားရေးသမားများနှင့် ဆွေးနွေးမှုများလည်းလုပ်ချင်ပါကြောင်း၊ ဒါမှ စီးပွားရေးသမားများ၏ နိုင်ငံရေး၊ ငြိမ်းချမ်းရေးအပေါ် အမြင်ကို သိနိုင်မည်ဖြစ်ပါကြောင်း။

ဘယ်လိုစီးပွားရေးသမားများကဝိုင်းဝန်းပြီး ငြိမ်းချမ်းရေးအတွက် ကူညီနိုင်မလဲဆိုသည်ကို ဆွေးနွေးနိုင်မည်ဖြစ်ပါကြောင်း၊ ဒီလိုဆွေးနွေးပွဲများလုပ်ခြင်းအားဖြင့် နိုင်ငံသူ နိုင်ငံသားအားလုံးသည် ဒီငြိမ်းချမ်းရေးဖြစ်စဉ်ကို သူတို့လည်း ပိုင်သည်ဆိုသည့်စိတ်ရှိမည်ဖြစ်ကြောင်း၊ ရှိလာစေချင်ကြောင်း၊ အခုခေတ်တွင် နိုင်ငံရေးအရ အင်မတန်အရေးကြီးသည့်စကားလုံးတစ်ခု၊ အသုံးအနှုန်းတစ်ခုမှာ ပိုင်ဆိုင်မှုဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးဖြစ်စဉ်ဆိုသည်မှာ တစ်နိုင်ငံလုံး၏ ပိုင်ဆိုင်မှုဖြစ်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့အားလုံးပိုင်ဆိုင်ရန် မိမိတို့မှာ တာဝန်ရှိပါကြောင်း။

ယခုလိုဆွေးနွေးပွဲများ လုပ်ဖြစ်ရသည့်အကြောင်းအရင်းတစ်ခုမှာ မိမိတို့နိုင်ငံ၌ တူညီသည့်ကိစ္စအများကြီးရှိသည်ကို ပေါ်လွင်စေချင်၍ ဖြစ်ပါကြောင်း၊ လူငယ် ၁၈ ယောက်၏ အတွေးအခေါ်၊ စိုးရိမ်မှု၊ မျှော်လင့်မှု၊ ပူပန်မှုများသည် လူငယ်အများကြီး၏ စိတ်ထဲတွင်ရှိသည့် စိုးရိမ်ပူပန်မှုများ၊ မျှော်လင့်ချက်များနှင့် ထပ်တူထားမှ ထပ်မျှဖြစ်မည်ဟု ယုံကြည်ပါကြောင်း၊ အချင်းချင်းကြားတွင် ပိုပြီး သွေးစည်းညီညွတ်သည့် အနေအထားကိုလည်း ဖြစ်သွားစေချင်ပါကြောင်း။

*စာမျက်နှာ ၇ သို့*

# ငြိမ်းချမ်းရေးသာအဓိက

**ကိုသာယာ**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ဟာ ၂၈-၆-၂၀၁၆ ရက်နေ့မှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့နဲ့ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ အဲဒီတွေ့ဆုံပွဲမှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "နောင်မျိုးဆက်တွေအတွက် ထားခဲ့ရမယ့် အကောင်းဆုံးအမွေအနှစ်ဆိုတာ ငြိမ်းချမ်းရေးပါပဲ၊ ကျွန်မတို့နိုင်ငံဟာ ငြိမ်းချမ်းမှ တိုးတက်နိုင်မှာပါ၊ ညီညွတ်မှ ငြိမ်းချမ်းနိုင်မှာပါ၊ ဒါ့ကြောင့် ကျွန်မတို့က ညီညွတ်ရေးကို ရှာဖွေရမယ်၊ ညီညွတ်ရေးကို အခြေခံတဲ့ ငြိမ်းချမ်းရေးကို တည်ဆောက်ရမယ်" လို့ ဆွေးနွေးမှာကြားခဲ့ပါတယ်။

**အတိတ်ကိုသင်ခန်းစာယူပြီး ကောင်းမွန်တဲ့အနာဂတ်ကိုဖန်တီး**

ကျွန်တော်တို့နိုင်ငံဟာ နယ်ချဲ့လက်အောက်က လွတ်မြောက်ဖို့ အသက်သွေးချွေးမြောက်မြားစွာပေးဆပ်ခဲ့ရတာပါ။ ဒါပေမယ့် လွတ်လပ်ရေးရတဲ့အချိန်က စပြီး ဒီနေ့အထိ ပြည်သူလူထုဟာ လွတ်လပ်ရေးရဲ့အရသာကို ပြည့်ပြည့်ဝဝမခံစားနိုင်ကြသေးပါဘူး။ အထူးသဖြင့် တိုင်းရင်းသားအများစုနေကြတဲ့ နယ်စပ်ဒေသ၊ တောင်ပေါ်ဒေသတွေမှာပေါ့။ လွတ်လပ်ရေးနဲ့အတူ လူမျိုးစွဲ၊ ဘာသာစွဲ၊ ဝါဒစွဲတွေကို အခြေခံတဲ့ လက်နက်ကိုင်အဖွဲ့အစည်းတွေ ပေါ်ပေါက်လာပြီး ပြည်တွင်းဆူပူသောင်းကျန်းမှုဒဏ်ကို အားလုံးခံစားရပါတယ်။ လက်နက်ကိုင်ပဋိပက္ခတွေကြောင့် မငြိမ်မသက်ဖြစ်နေတဲ့ နယ်စပ်ဒေသတစ်လျှောက် တိုင်းရင်းသားပြည်သူများသာမက တစ်နိုင်ငံလုံးက ပြည်သူအားလုံးကိုပါ ဒုက္ခမျိုးစုံကို မျှဝေခံစားခဲ့ကြရတာပါ။

လွတ်လပ်ရေးရပြီးနောက် ရန်ကုန်အစိုးရလို့တောင် ခေါ်ခံရလောက်အောင် တရားဥပဒေစိုးမိုးမှုကင်းမဲ့ပြီး သောင်းကျန်းမှုထူပြောခဲ့ရာက ဒီအခြေအနေရောက်အောင် ပေးဆပ်ရင်းနှီးခဲ့ရတာတွေက အများကြီးပါ။ တကယ်တော့ ဒါတွေအားလုံးဟာ နိုင်ငံရဲ့အရင်းအမြစ်တွေ ဆုံးရှုံးရတာပါ။ ပေါင်းစည်းရင် အင်အားဖြစ်ပြီး တိုးတက်အောင်မြင်မှုတွေ ရရှိခံစားကြရမယ့်အစား ကွဲပြားခြားနားခြင်းပဋိပက္ခတွေနဲ့ လျှောက်ခဲ့လို့ ကြုံခဲ့ရတဲ့ နစ်နာဆုံးရှုံးမှု အတိတ်သမိုင်းဟာ သင်ခန်းစာယူစရာတွေပါ။ ရလဒ်ကတော့ တစ်ချိန်က အရှေ့တောင်အာရှမှာ လက်ရှိဖွံ့ဖြိုးတိုးတက်နေတယ်ဆိုတဲ့ နိုင်ငံတချို့ထက် ရှေ့ကပြေးခဲ့တဲ့အဆင့်ကနေ လက်ရှိအခြေအနေအထိ ဖွံ့ဖြိုးတိုးတက်မှု အောက်ကျနောက်ကျသွားခဲ့တာပါပဲ။ ပြည်သူလူထုရဲ့လိုအင်ဆန္ဒနဲ့အညီ ပြောင်းလဲနေတဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်နေတဲ့ အချိန်မှာ အတိတ်ကဖြစ်ပျက်ခဲ့တာတွေကို အတိတ်မှာပဲထားခဲ့ပြီး အခုချိန်မှာ သာယာငြိမ်းချမ်းတဲ့နိုင်ငံအဖြစ် ပြောင်းလဲပစ်ဖို့အခွင့်အရေး အားလုံးမှာရှိနေပါပြီ။ ဒါကို လက်လွတ်မခံဘဲ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲပြီး အေးချမ်းသာယာတဲ့ နိုင်ငံတော်ကိုတည်ဆောက်ဖို့ အားလုံးမှာတာဝန်ရှိနေပါတယ်။

**နားလည်မှု၊ ယုံကြည်မှုတို့ဖြင့် ပူးပေါင်းဆောင်ရွက်မှ**
**ငြိမ်းချမ်းရေးရေရှည်တည်တံ့ခိုင်မြဲမည်**

နိုင်ငံတော်အစိုးရအနေနဲ့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို ငြိမ်းချမ်းရေးအတွက်သာမက အားလုံး တောင့်တမျှော်မှန်းတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို အကောင်အထည်ဖော်ရေးအတွက် အခြေခံလိုအပ်ချက်အဖြစ် ဦးစားပေးသတ်မှတ်ပြီး အရှိန်အဟုန်နဲ့ဆောင်ရွက်နေတာ အားလုံးအသိပါ။ လိုအပ်တဲ့ကော်မတီတွေ၊ အဖွဲ့အစည်းတွေ ဖွဲ့စည်းပြီး တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုတွေနဲ့ ရှေ့ဆက်သွားမယ့် ငြိမ်းချမ်းရေးလမ်းကြောင်းကို ရှာဖွေဖော်ဆောင်နေပါတယ်။ လက်နက်ကိုင်ပဋိပက္ခများရဲ့ အခြေခံဖြစ်တဲ့ နိုင်ငံရေးပြဿနာများကို ညီညွတ်မှု၊ ပေါင်းစည်းမှုတို့ဖြင့် ဖြေရှင်းအကောင်အထည်ဖော်နိုင်ဖို့အတွက် (၂၁) ရာစု ပင်လုံညီလာခံလို့ခေါ်တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကြီးကို ကျင်းပခဲ့ပြီး ဖြစ်ပါတယ်။

အရင်အစိုးရကစခဲ့တဲ့ရလဒ်အဖြစ် NCA ကို တချို့အဖွဲ့တွေ လက်မှတ်ရေးထိုးကြပြီး တချို့က မထိုးကြသေးပါဘူး။ ငြိမ်းချမ်းရေးတံခါးကို အမြဲဖွင့်ထားပြီး ဆွေးနွေးညှိနှိုင်းကြဆဲပါ။ အဲဒီရဲ့ အကျိုးဆက်နဲ့ လက်ရှိအစိုးရရဲ့ ဦးစားပေးလုပ်ဆောင်ချက်တွေကြောင့် ဖြစ်ပေါ်ခဲ့တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစု ပင်လုံကတစ်ဆင့် အခုချိန်မှာ အောက်ခြေအဖွဲ့အစည်းတွေဟာ ဆွေးနွေးညှိနှိုင်းမှုတွေ ဆက်လုပ်နေကြပါတယ်။ အဲဒီကမှတစ်ဆင့် ၂၀၁၇ ခုနှစ်မှာ ဒုတိယအကြိမ် (၂၁) ရာစု ပင်လုံညီလာခံကို ဆက်ကျင်းပဖို့ ရည်ရွယ်လုပ်ဆောင်နေကြပါတယ်။ အဲဒီညီလာခံကြီးက ထွက်ပေါ်လာတဲ့ ရလဒ်များနဲ့အညီ တစ်နိုင်ငံလုံးအတွက် ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးရရှိရေး၊ ရရှိဖို့ ဆက်လက်ဆောင်ရွက်ကြရမှာ ပါဝင်ပတ်သက်တဲ့ အဖွဲ့အစည်းတွေအနေနဲ့ အပြန်အလှန်နားလည်မှု၊ အပြန်အလှန်ယုံကြည်မှုတို့ဖြင့် ပူးပေါင်းအဖြေရှာ ညှိနှိုင်းဆွေးနွေးဆောင်ရွက်ကြပြီး ရလာမယ့်ဆုံးဖြတ်ချက်များနဲ့အညီ ဘုံသဘောတူညီချက်တစ်ခုနဲ့ စစ်မှန်တဲ့ ပြည်ထောင်စုကြီးကို တည်ဆောက်သွားကြမှာပါ။ ဒီခရီးစဉ်ကြီးမှာ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးရဲ့ ထောက်ခံမှုနဲ့ တက်ကြွစွာပူးပေါင်း ပါဝင်ကြရမှာဖြစ်ပါတယ်။ စည်းလုံးညီညွတ်မှု၊ အပြန်အလှန်လေးစားယုံကြည်မှု၊ စိတ်ရှည်သည်းခံမှုတွေနဲ့ ဝိုင်းဝန်းလုပ်ကြမယ်ဆိုရင် အောင်မြင်နိုင်တဲ့အနေအထားပါ။

**ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ပျက်ပြားစေမယ့်လုပ်ရပ်များကို**
**တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်**

နိုင်ငံတော်ကို ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုအဖြစ် တည်ဆောက်နိုင်ဖို့ ကြိုးစားဆောင်ရွက်ရာမှာ ပြုပြင်ပြောင်းလဲရမယ့်အလုပ်တွေဟာ အများကြီးပါ။ နှစ်ပေါင်းများစွာ အမြစ်တွယ်ခဲ့တဲ့ အကြောင်းအရာတချို့ကို ချက်ချင်းပြောင်းလဲဖို့ဆိုတာက လွယ်မှာမဟုတ်ပါဘူး။ အဲဒီအထဲမှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကတော့ ပိုပြီး ခဲယဉ်းသလို ပိုပြီးနူးညံ့သိမ်မွေ့ရမှာလည်း ဖြစ်ပါတယ်။ ပါဝင်ပတ်သက်သူတွေဟာ တစ်စည်းတစ်လုံးတည်းနဲ့ ညီညွတ်ကြရမှာပါ။ မယုံကြည်မှုတွေ၊ သံသယတွေကို ဖျောက်ဖျက်နိုင်ကြရမှာပါ။ ပြဿနာအသစ်တွေမဖန်တီးမိဖို့ ရှောင်ကြဉ်ကြရမှာပါ။ ရှေ့တိုးရမယ့်ခြေလှမ်း နောက်ပြန်လှည့်တာမျိုးမဖြစ်ဖို့ သတိထားဆင်ခြင်ကြရမှာပါ။

နိုင်ငံတော်အစိုးရအနေနဲ့ တိုးတက်ပြောင်းလဲမှုအားလုံးရဲ့ အခြေခံဖြစ်တဲ့ ငြိမ်းချမ်းရေးကို ကြိုးပမ်းဆောင်ရွက်နေဆဲမှာပဲ တိုက်ပွဲတွေဖြစ်နေပြန်ပါတယ်။ ရခိုင်ပြည်နယ်မြောက်ပိုင်းမှာဖြစ်တယ်။ ရှမ်းပြည်နယ် အရှေ့မြောက်ဘက်မှာ ဖြစ်တယ်။

နိုင်ငံတော်က ပြည်တွင်းငြိမ်းချမ်းရေးကို ဦးစားပေးဆောင်ရွက်နေတုန်းမှာပဲ အထက်ပါဖြစ်စဉ်တွေ ပေါ်ပေါက်လာတာဟာ တော်တော်စိတ်မကောင်းစရာပါ။ အားကောင်းတိုးတက်လာရမှာထက် အားပျော့ယုတ်လျော့သွားစေတဲ့ အနုတ်လက္ခဏာပါ။ အေးချမ်းဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို ရည်မှန်းကြိုးစား ဆောင်ရွက်နေတဲ့ နိုင်ငံတော်အကြီးအကဲများနဲ့ ပြည်သူလူထုအတွက် ကြီးမားတဲ့အဟန့်အတားပါ။ ဒီလောက် ကြိုးစားဆောင်ရွက်နေဆဲမှာပဲ ဒီဇင်ဘာလ ၂၀ ရက်နေ့က နမ္မတူမြို့နယ် ပန်လုံကျေးရွာအနီးမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအချင်းချင်း တိုက်ပွဲဖြစ်ကြောင်းနဲ့ ပြည်သူတစ်ယောက် ဒဏ်ရာရကြောင်း၊ တိုက်ပွဲတွေကြောင့် သီပေါ၊ လားရှိုး၊ နမ့်ဆန်ဆက်သွယ်ရေးလမ်းကြောင်း ပြတ်တောက်သွားပြီး တိုက်ပွဲဖြစ်တဲ့ရွာက ရွာသူရွာသားတွေဟာ တိုက်ပွဲနဲ့ကင်းလွတ်တဲ့ရွာတွေကို ထွက်ပြေးတိမ်းရှောင်နေရကြောင်း သတင်းများအရ ထပ်မံသိရပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေဟာ တပ်မတော်နဲ့သာမကဘဲ အချင်းချင်းလည်း တိုက်ပွဲတွေ ဖြစ်နေကြပါတယ်။ ဒီအတိုင်းသွားနေကြမယ်ဆိုရင်တော့ ငြိမ်းချမ်းရေးဖြစ်စဉ်က ရင်လေးစရာကောင်းနေဦးမှာပါပဲ။

ဖြစ်စဉ်အားလုံးမှာ စတင်ဖြစ်ပွားပေါ်ပေါက်မှုတွေ မတူပေမယ့် နိုင်ငံတော်ဘက်ကတော့ ထိခိုက်နစ်နာမှုက အတူတူပဲ။ နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာကို တိုက်ခိုက်တာ၊ နယ်မြေပိုင်ဆိုင်မှုကို ထိပါးလာတာ၊ ဒေသခံ တိုင်းရင်းသားပြည်သူကို ဒုက္ခရောက်ပြီး အခက်အခဲတွေဖြစ်စေတာ၊ တည်ငြိမ်အေးချမ်းမှုပျက်ပြားစေတာ အားလုံးအတူတူထိခိုက်နစ်နာတာပါပဲ။ ပြဿနာတစ်ခုဟာ မဖြစ်ရင်အကောင်းဆုံးပါ။ ဖြစ်လာပြီဆိုရင်တော့ အခုလို နောက်ဆက်တွဲတွေက ဆက်လာရတာပါ။ ဖြစ်စဉ်တွေဟာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့ လုံခြုံရေးကို ထိပါးလာတာတွေဖြစ်တော့ တပ်မတော်က မဖြစ်မနေပါလာရပါတယ်။ အကြမ်းဖက်တိုက်ခိုက်လာလို့ တုံ့ပြန်ကာကွယ်ရမှုက လက်တလောလိုအပ်ချက်ဖြစ်လာပါတယ်။

ငြိမ်းချမ်းရေးဖြစ်စဉ်တွေကို ရှေ့တိုးပြီးဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ဖို့နဲ့ ခြေလှမ်းတွေ နောက်ပြန်မသွားဖို့ ကြိုးစားကြရမှာပါ။ ညီညွတ်မှုနဲ့ တည်ဆောက်ကြရမှာပါ။ အခုလို ပြည်ထောင်စုပြိုကွဲစေမယ့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲစေမယ့် အချုပ်အခြာအာဏာပျက်ပြားစေမယ့် အရေးတွေကို ရှောင်ရှားပြီး တိုးတက်ဖြစ်ထွန်းမှုကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ဝိုင်းဝန်းထိန်းသိမ်းကာကွယ်ကြရမှာပါ။

**ပဋိပက္ခများနဲ့ တပ်မတော်ရဲ့တာဝန်**

ရခိုင်မြောက်ပိုင်းရော၊ မုံးကိုးဖြစ်စဉ်မှာပါ တပ်မတော်ပါဝင်လာရတာက သက်သက်မဲ့ တိုက်ကွက်ဖော်ချင်လို့၊ အကြောင်းရှာပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေကို ဖိအားပေးချင်လို့ဆိုတဲ့ လုပ်ကြံစွပ်စွဲသံတွေလည်း ကြားရပါတယ်။ သေချာပြန်ဆန်းစစ်ကြည့်ရင် ဒီပဋိပက္ခတွေစခဲ့တာ ဘယ်သူတွေလဲဆိုတာကို အားလုံးအသိပါ။ အဲဒီအကြောင်းအစတွေကြောင့် တပ်မတော်က အကျိုးဆက်အဖြစ် ပါဝင်ခဲ့ရတာပါ။

တပ်မတော်ဆိုတာ အခြေခံဥပဒေဘောင်အတွင်းက ရပ်တည်နေတယ်ဆိုတာက ပကတိအမှန်တရားဖြစ်ပါတယ်။ နိုင်ငံအတွက် အခြေခံလိုအပ်ချက်ဟာ ငြိမ်းချမ်းရေးပါ။

တစ်ယောက်နဲ့တစ်ယောက် သံသယတွေရှိနေသရွေ့ မယုံကြည်နေသရွေ့ တိုက်ပွဲတွေဖြစ်နေသရွေ့ ငြိမ်းချမ်းရေးနဲ့ အလှမ်းဝေးနေဦးမှာပါ။ ဖြစ်စဉ်ဟာ နှေးကွေးနေဦးမှာပါ။ နိုင်ငံရဲ့ရည်မှန်းချက်တွေဟာ ဝေဝါးနေဦးမှာပါ။ ဒါကြောင့် ပထမအဆင့်အပစ်အခတ်တွေ ရပ်စဲရေး ကြိုးစားပြီး ညှိနှိုင်းဆွေးနွေးမှုတွေ လုပ်ရမှာပါ။ အပေးအယူ အလျှော့အတင်းမှာ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကိုတော့ ထိပါးလို့မရတာတွေကို ထိပါးလို့မဖြစ်နိုင်ပါဘူး။ ဒါကိုတော့ သက်ဆိုင်သူတွေက နားလည်လက်ခံပေးနိုင်ရပါလိမ့်မယ်။ မရမနေတောင်းဆိုပေမယ့်လည်း မရနိုင်မှန်းသိရင်တော့ တရားသေစွဲကိုင်လို့မရနိုင်တာမျိုးတွေကို စွန့်လွှတ်သင့်ရင် စွန့်လွှတ်ရပါလိမ့်မယ်။ ဒါမှလည်း ညှိနှိုင်းတဲ့အဆင့်ကို ရောက်ကြမှာပါ။

အလားတူပါပဲ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းရင်းသားတွေဘက်က ရသင့်တဲ့အခွင့်အရေး၊ ပေးသင့်ပေးထိုက်တဲ့အခွင့်အရေးတွေကိုလည်း လိုက်လျောပေးကြရမှာပါ။ တိုင်းဒေသကြီးများနဲ့ ပြည်နယ်များအကြား ဘက်ညီမျှတစွာ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်မယ့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်ရေးအတွက် ပြင်ဆင်သင့်တာတွေ ပြင်ရမှာပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေကို လုပ်ထုံးလုပ်နည်းများနဲ့အညီ ပြင်ဆင်ရေးကို အားလုံးက သဘောတူပြီးသားပါ။ ဒါပေမယ့် ငြိမ်းချမ်းရေးမရရင် အဲဒီအဆင့်ကို လှမ်းလို့မရပါ။ အခုအချိန်မှာ နိုင်ငံအတွက် ငြိမ်းချမ်းရေးဟာ အခြေခံလိုအပ်ချက် ဖြစ်ပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေးကို မဖြစ်မနေတည်ဆောက်ကြရမှာသာဖြစ်ပါတယ်။

**လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များနဲ့အညီ**

အခုလို လက်နက်ကိုင်လမ်းစဉ်နဲ့ တိုက်ပွဲတွေဖြစ်နေမယ်ဆိုရင် နိုင်ငံအတွက် ဘာမှ အကျိုးဖြစ်ထွန်းလာစရာ မရှိပါဘူး။ ငြိမ်းချမ်းရေးအတွက် သက်ဆိုင်သူအားလုံးဟာ ဆွေးနွေးအဖြေရှာကြရမှာပါ။ နိုင်ငံနဲ့ပြည်သူလူထုအတွက် စဉ်းစားရမှာဖြစ်လို့ ရရှိနေတဲ့အခွင့်အရေးနဲ့ အကျိုးစီးပွားတွေကို ဖက်တွယ်နေလို့ မဖြစ်နိုင်တော့ပါဘူး။ စွန့်လွှတ်သင့်တာ စွန့်လွှတ်ပြီးမှသာ တောင်းဆိုရမှာကို ထပ်မံတောင်းဆိုသင့်ပါတယ်။ အဟောင်းတွေကိုလည်း ဖက်တွယ်ထားမယ်၊ အသစ်တွေကိုလည်း ထပ်လိုချင်တယ်ဆိုတဲ့အတွေးထဲက ရုန်းထွက်ကြရမှာပါ။ စစ်မှန်ပြီး ရေရှည်တည်တံ့မယ့် ငြိမ်းချမ်းရေးအတွက် စဉ်းစားသင့်ကြပါပြီ။

ဒါကြောင့် မကြာမီကျရောက်တော့မယ့် (၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားဦးတည်ချက်များနဲ့အညီ တာဝန်ရှိသူများနဲ့ တိုင်းရင်းသားပြည်သူများက ခင်းပြီးသားငြိမ်းချမ်းရေးလမ်းကြောင်းပေါ်မှာ တက်ညီလက်ညီနဲ့ ပူးပေါင်းလျှောက်လှမ်းကြရမှာပါ။ နိုင်ငံမှာ လိုအပ်ချက်အားလုံးရဲ့အဓိကဟာ ငြိမ်းချမ်းရေးပါပဲ။ ဒါကြောင့် စည်းလုံးညီညွတ်မှုနဲ့ ငြိမ်းချမ်းရေးကို တည်ဆောက်ကြပြီး နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဆောင်ရွက်ကြပါစို့လို့တိုက်တွန်းလိုက်ရပါတယ်။ ။

**အခုလို လက်နက်ကိုင်လမ်းစဉ်နဲ့ တိုက်ပွဲတွေဖြစ်နေမယ်ဆိုရင် နိုင်ငံအတွက် ဘာမှ အကျိုးဖြစ်ထွန်းလာစရာ မရှိပါဘူး။ ငြိမ်းချမ်းရေးအတွက် သက်ဆိုင်သူအားလုံးဟာ ဆွေးနွေးအဖြေရှာကြရမှာပါ။ နိုင်ငံနဲ့ပြည်သူလူထု အတွက် စဉ်းစားရမှာဖြစ်လို့ ရရှိနေတဲ့အခွင့်အရေးနဲ့ အကျိုးစီးပွားတွေကို ဖက်တွယ်နေလို့ မဖြစ်နိုင်တော့ပါဘူး။ စွန့်လွှတ်သင့်တာ စွန့်လွှတ်ပြီးမှသာ တောင်းဆိုရမှာကို ထပ်မံတောင်းဆိုသင့်ပါတယ်။ အဟောင်းတွေကိုလည်း ဖက်တွယ်ထားမယ်၊ အသစ်တွေကိုလည်း ထပ်လိုချင်တယ်ဆိုတဲ့အတွေးထဲက ရုန်းထွက်ကြရမှာပါ။ စစ်မှန်ပြီး ရေရှည်တည်တံ့မယ့် ငြိမ်းချမ်းရေးအတွက် စဉ်းစားသင့်ကြပါပြီ။**

## တာချီလိတ်မြို့အဝင် စေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူပူဇော်ပွဲ ကျင်းပ

**တာချီလိတ် ဇန်နဝါရီ ၁**

စေတနာရှင်၊ အလှူရှင်များ စုပေါင်း၍ တာချီလိတ်မြို့အဝင်၌ တည်ထားကိုးကွယ်သည့် သဗ္ဗညုဆုတောင်းပြည့်စေတီတော်မြတ်ကြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တင်လှူပူဇော်ပွဲကို ဇန်နဝါရီ ၁ ရက် နံနက် ၁၁ နာရီက အဆိုပါဘုရားပရိဝုဏ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

ရွှေထီးတော် တင်လှူပူဇော်ပွဲသို့ နဂါးနှစ်ကောင်ကျောင်းတိုက်ဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ရ ဘဒ္ဒန္တဓမ္မသီရိ ၊ မိုင်းဖုန်းဆရာတော် သဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တဉာဏသံဝရ၊ မိုင်းလင်းဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိမလ အမှူးပြုသော ဆရာတော် သံဃာတော်များ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်အေး၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဘုန်းမြတ်၊ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နဂါးနှစ်ကောင်ကျောင်းတိုက်ဆရာတော် အမှူးပြုသော ဆရာတော် သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာဆင်ယင်ကျင်းပပြီး ပရိတ်တရားတော်များချီးမြှင့်ကာ မဟာဗောဓိ ကမ္မဋ္ဌာန်းကျောင်းတိုက်ဆရာတော်ထံမှ ညွှန်ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး မင်္ဂလာအချိန်တွင် ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို အစီအစဉ်အတိုင်း စေတီတော်ပေါ်သို့ ပင့်ဆောင်တင်တော်မူသည်။

အဆိုပါ သဗ္ဗညု ဆုတောင်းပြည့်စေတီတော်ကို ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၂၅ ရက်က ပန္နက်ရိုက်၍ စတင်တည်ထားခဲ့ကာ ဉာဏ်တော်အမြင့် ၅၄ ပေ၊ ထီးတော်မှာ ကိုးပေခွဲရှိပြီး စေတီတော်ရင်ပြင်မှာ ပေ ၁၁၀ ပတ်လည်ကျယ်ဝန်းကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

# ပြည်တွင်းငြိမ်းချမ်းရေးနှင့် ပြည်သူလူထု၏ဘဝတိုးတက်ရေးသည် မိမိတို့ ဦးစားပေးထားသည့်ကိစ္စနှစ်ခုဖြစ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြုလူငယ်များ ငြိမ်းချမ်းရေးစကားဝိုင်းတွင် အပြန်အလှန်ဆွေးနွေးကြစဉ် (သတင်းစဉ်)

*စာမျက်နှာ ၅ မှ*

မိမိတို့အစိုးရဘက်မှ ပြည်သူလူထုကို မတည်နိုင်သည့်ကတိများ မည်သည့်အခါကမျှ မပေးခဲ့ပါကြောင်း၊ ပေးခဲ့သည့်ကတိများမှာ ရိုးရိုးသားသား ကတိများပင်ဖြစ်ပါကြောင်း၊ ၎င်းတို့ကိုလည်း မိမိတို့ တည်ခဲ့ပါကြောင်း၊ ထပ်ပြီး တည်အောင်လုပ်သွားမည်ဖြစ်ပါကြောင်း၊ အရေးကြီးသည်မှာ တစ်ယောက်နှင့်တစ်ယောက်အပေါ် ယုံကြည်မှုရှိရန်ဖြစ်ပါကြောင်း၊ ယုံကြည်မှုမရှိဘဲ တိုးတက်မှုမရှိနိုင်ပါကြောင်း၊ ကတိများကြီးကြီးမားမားပေးပြီး နောက်တစ်နေ့ ဖျက်လိုက်လျှင် ကောင်းကျိုးမဖြစ်နိုင်ပါကြောင်း၊ ထို့ကြောင့် မိမိတို့သည် မဖြစ်နိုင်သည့်ကိစ္စများကို ပြည်သူများအား ကတိမပေးပါကြောင်း၊ ပွင့်ပွင့်လင်းလင်း ဖြောင့်ဖြောင့်မတ်မတ်နှင့် ဆက်ဆံပါမည်ဆိုသည်ကို ပြောပြီး အစိုးရတာဝန်ကို ယူခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခုအထိလည်း မိမိတို့၏အစိုးရတာဝန်ထမ်းဆောင်ခဲ့သည့် ၉ လအတွင်း ပြည်သူကိုပျက်ပြားခဲ့ခြင်းမရှိပါကြောင်း၊ ပြည်သူကိုပေးခဲ့သည့်ကတိလည်း မိမိတို့ပျက်ပြားခဲ့ခြင်း မရှိပါကြောင်း၊ မိမိတို့ဖြစ်စေချင်သလောက် ၉ လအတွင်း ဖြစ်ခဲ့သလားဆိုလျှင် တချို့အရာတွေကတော့ မျှော်မှန်းသလောက် မဖြစ်ပေမယ့် တချို့ကိစ္စတွေမှာတော့ မမျှော်မှန်းဘဲနှင့်လည်း တိုးတက်မှုများ ရှိလာပါကြောင်း၊ ဒါသည်ဖြစ်ရိုးဖြစ်စဉ်သာဖြစ်ပါကြောင်း၊ တခြားနိုင်ငံက သံတမန်များ၊ တခြားဒီမိုကရေစီအပြောင်းအလဲကို ဖြတ်သန်းခဲ့ရသည့်နိုင်ငံမှ သံတမန်များနှင့် ဆွေးနွေးသည့်အခါ သူတို့အနေဖြင့် မိမိတို့၏ တိုးတက်မှုများကို အားရသည်ဟု ဂုဏ်ပြုပါကြောင်း၊ သူတို့အတွေ့အကြုံအရ မိမိတို့၏ ၉ လအတွင်း လုပ်ဆောင်ချက်များကို သူတို့၏အမြင်တွင် အားရသည်ဟု ဆိုပါကြောင်း၊ သူတို့ပြောကြားမှုများက မိမိတို့အတွက် အားတက်စရာဖြစ်ပါကြောင်း၊ သို့သော် ကျေနပ်နေ၍ မဖြစ်ပါကြောင်း၊ ထပ်ပြီး ကြိုးစားနိုင်သည်ဆိုသောစိတ် အပြည့်အဝဖြင့် ဆက်ပြီးလုပ်သွားမည်ဖြစ်ပါကြောင်း၊ မိမိတို့ဘာပဲလုပ်လုပ် ကောင်းသောအစိုးရများ၏ အခြေခံဖြစ်သည့် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု ဆိုသည့် မူနှစ်ခုကို ဆက်ပြီး ဆုပ်ကိုင်သွားပါမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် စကားဝိုင်းသို့ တက်ရောက်လာကြသည့်လူငယ်များက ငြိမ်းချမ်းရေးအတွက် ယုံကြည်မှုတည်ဆောက်ရေး၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များ လုပ်ပိုင်ခွင့်ပိုမိုရရှိရေး၊ ပြည်ထောင်စုစိတ်ဓာတ်ထားရှိရေး၊ မတူကွဲပြားမှုမှ ညီညွတ်မှုတည်ဆောက်နိုင်ရေး၊ ပြည်တွင်းစစ်ကြောင့် ရရှိခဲ့သည့် စိတ်ဒဏ်ရာများကုစားနိုင်ရေး၊ ပြည်သူလူထုကို ဗဟိုပြုသည့် တရားဥပဒေဖြင့် အုပ်ချုပ်ရေး၊ ငြိမ်းချမ်းရေးဖြစ်စဉ်များတွင် လူငယ်များပါဝင်ရေး၊ စစ်ကြောင့် ကိုယ်အင်္ဂါ ဆုံးရှုံးခဲ့ရသူများအား ကူညီစောင့်ရှောက်ရေး စသည့်ကိစ္စများနှင့် ပတ်သက်၍ အပြန်အလှန်ဆွေးနွေးကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် လူငယ်များက ဂါရဝပြုပေးအပ်သော အမှတ်တရပန်းစည်းလက်ဆောင်ကိုလက်ခံပြီး လူငယ်များနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်သည်။

အဆိုပါစကားဝိုင်းသို့ ပြည်နယ်နှင့်တိုင်းဒေသကြီးကိုယ်စားပြု လူငယ် ၁၆ ဦး၊ မသန်စွမ်းကိုယ်စားပြုလူငယ် တစ်ဦး၊ အမျိုးသမီးကိုယ်စားပြု လူငယ်တစ်ဦးတို့နှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ငြိမ်းချမ်းရေးကော်မရှင်မှ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# လူငယ်တွေဆိုတာဟာ အနာဂတ်အတွက် ပခုံးပြောင်းတာဝန်ယူမယ့်သူတွေ ဖြစ်တယ်

နေပြည်တော် ဇန်နဝါရီ ၁

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြုလူငယ်ကိုယ်စားလှယ် ၁၈ ဦးတို့သည် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန-၂ ၌ တွေ့ဆုံပြီး ငြိမ်းချမ်းရေးစကားဝိုင်းအဖြစ် အပြန် အလှန်ဆွေးနွေးခဲ့ကြသည်။**

**အဆိုပါငြိမ်းချမ်းရေးစကားဝိုင်းသို့ တက်ရောက်ဆွေးနွေးခဲ့ကြသည့် လူငယ်များ၏စကားသံများကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။**

**စစ်ကိုင်းတိုင်းဒေသကြီးမှ လူငယ်ကိုယ်စားလှယ် ကိုဇော်သူရိန်ထွန်း**

ငြိမ်းချမ်းရေးစကားဝိုင်းကို လာတက်တဲ့ လူငယ်တွေက လူငယ်မူဝါဒကို ရေးဆွဲနေတဲ့ လူငယ်တွေဖြစ်ပါတယ်။ ငြိမ်းချမ်းရေးခေါင်းစဉ်အောက်မှာ လူငယ်တွေအနေနဲ့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကို မေးချင်တာတွေ၊ ဆွေးနွေးချင်တာတွေရှိပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ နှစ်ပေါင်း ၆၀ ကျော်ကြာ စစ်ပွဲတွေဖြစ်ခဲ့ပြီး အခုလူကြီးတွေက ငြိမ်းချမ်းရေးအတွက် ညှိနှိုင်းနေတာမျိုးရှိပါတယ်။ လူငယ်တွေအားလုံးကတော့ စစ်ပွဲတွေမလိုချင်တော့ပါဘူး။ လက်ရှိဆောင်ရွက်နေတဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်တွေအပေါ် အားရတဲ့အပိုင်းတွေရှိသလို အားမရတဲ့အပိုင်းတွေလည်း ရှိပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်ဘက်က တစ်ဖက်သတ်သိမ်းသွင်းနေတယ်လို့ ခံစားရကြောင်း ပြောပါတယ်။ ဒီအချိန်ဟာ အခွင့်ကောင်းပါပဲ။ ဒီအချိန်မှ မမီဘူးဆိုရင် နောက်ဘယ်အချိန်မှ မရှိနိုင်တော့ပါဘူး။ NCA အပေါ်မှာ ခွင်းချက်မရှိလက်ခံပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ လက်နက်ကိုင်ပြီး ဆွေးနွေးလို့တော့ မရနိုင်ပါဘူး။ အဲ့ဒီတော့ NCA ကို လက်မှတ်ရေးထိုးပြီးတော့မှ ငြိမ်းချမ်းရေးဆွေးနွေးပွဲတက်တာမျိုးက ယုတ္တိလည်းတန်ပါတယ်။ ဖြစ်လည်းဖြစ်သင့်တယ်လို့ မြင်ပါတယ်။ NLD အစိုးရတက်လာတဲ့အချိန်မှာ လူငယ်တွေနဲ့ စကားဝိုင်းပထမဦးဆုံးလုပ်တာဖြစ်ပါတယ်။ နောက်ပိုင်းမှာလည်း ဒီလိုမျိုးပုံမှန်လေးလုပ်ပေးစေချင်ပါတယ်။ ဒီလိုလူငယ်တွေချည်းမဟုတ်ဘဲ အလွှာအသီးသီးက လူငယ်တွေနဲ့လည်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တွေ့သင့်ပါတယ်။ ငြိမ်းချမ်းရေးအပြင် ကျန်တဲ့ ပညာရေး၊ စီးပွားရေးစကားဝိုင်းတွေကိုလည်း လုပ်ပေးသင့်ပါတယ်။

**မသန်စွမ်းလူငယ်ကိုယ်စားလှယ် ကိုဇော်ဝင်းအောင်**

ငြိမ်းချမ်းရေးလုပ်ဆောင်မှုတွေနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ မသန်စွမ်းသူတွေအနေနဲ့ ဘယ်လိုမျိုး ပါဝင်နိုင်မလဲ။ လက်ရှိလုပ်နေတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေမှာရော မသန်စွမ်းသူတွေကို ဘယ်လောက်အထိ ထည့်သွင်းစဉ်းစားထားသလဲဆိုတာ သိချင်ပါတယ်။ ငြိမ်းချမ်းရေးဆိုတာ လက်ရှိကိုယ့်ရဲ့ဘဝမှာ ကောင်းကောင်းမွန်မွန်နဲ့ အေးအေးချမ်းချမ်းအပူအပင်မရှိ၊ တခြားသူတွေရဲ့ အနှောင့်အယှက်အတားအဆီးတွေမခံရဘဲနဲ့ လွတ်လပ်စွာနေထိုင်နိုင်တာကို ငြိမ်းချမ်းရေးလို့ ယူဆပါတယ်။ မသန်စွမ်းသူတွေအနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေမှာပါဝင်ဖို့အတွက် ကြိုးစားနေတာရှိပါတယ်။ လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်နဲ့ ပတ်သက်ပြီး လှုပ်ရှားနေတာတွေရှိပါတယ်။ မသန်စွမ်းသူတွေအနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာပါဝင်ဖို့အတွက် ကြိုးစားနေပါတယ်။ လူ့အသိုင်းအဝိုင်းထဲက မသန်စွမ်းသူတွေကို လက်တွဲပေးကြပါ။ တစ်ဦးနှင့်တစ်ဦး ချစ်ချစ်ခင်ခင်နဲ့ ငြိမ်းချမ်းရေးနဲ့အတူတကွ နေထိုင်ကြဖို့လည်း ပြောချင်ပါတယ်။ အရင်က ကြမ်းတမ်းတဲ့ဘဝတွေနဲ့ ဒီနိုင်ငံမှာ နေထိုင်ခဲ့ကြရတယ်။ အခုပြောင်းလဲလာတဲ့ခေတ်စနစ်နဲ့အတူ ၂၀၁၇ ခုနှစ် နှစ်သစ်မှာ မိဘပြည်သူများအားလုံး ငြိမ်းချမ်းကြပါစေလို့ ဆုတောင်းပါတယ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး

**တနင်္သာရီတိုင်းဒေသကြီးမှ လူငယ်ကိုယ်စားလှယ် ကိုသူရစိုး**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ လူငယ်တွေရဲ့ငြိမ်းချမ်းရေးစကားဝိုင်းဟာ အင်မတန်မှ လိုအပ်တဲ့စကားဝိုင်းတစ်ခုဖြစ်ပါတယ်။ လူငယ်တွေဟာ နိုင်ငံရဲ့အနာဂတ်ဖြစ်ပါတယ်။ အနာဂတ်ရဲ့ ခေါင်းဆောင်တွေ၊ တိုင်းပြည်ရဲ့အရင်းအမြစ်တွေဖြစ်တဲ့ လူငယ်တွေရဲ့ပါဝင်ခွင့်တွေကို နေရာတိုင်းမှာရဖို့အတွက် သိပ်ကိုအရေးကြီးပါတယ်။ စကားဝိုင်းတွေကနေတစ်ဆင့် နောက်ဆုံးနိုင်ငံရဲ့ငြိမ်းချမ်းရေးကို တည်ဆောက်နေတဲ့၊ ကြိုးစားနေတဲ့၊ အဖြေရှာနေတဲ့နေရာတစ်ခုဖြစ်တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံဆိုတဲ့နေရာမျိုးတွေမှာ လူငယ်တွေအနေနဲ့ ပြောဆိုခွင့်ရှိဖို့ မျှော်လင့်နေပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာရှိတဲ့ ငြိမ်းချမ်းရေးကိုစိတ်ဝင်စားတဲ့ လူငယ်တွေကို အစိုးရကဖိတ်ကြားပေးဖို့နဲ့ ပါဝင်ခွင့်ကို လမ်းဖွင့်ပေးထားဖို့ တောင်းဆိုချင်ပါတယ်။ မငြိမ်းချမ်းခြင်းရဲ့အကျိုးဆက်တွေကြောင့် လူငယ်တွေဟာ တခြားနိုင်ငံမှာ ရွှေ့ပြောင်းအလုပ်သမားဘဝနဲ့ နေထိုင်ကြရပါတယ်။ တခြားနိုင်ငံမှာလည်း သူတို့ရဲ့ဘဝလုံခြုံမှုတွေ၊ ငြိမ်းချမ်းမှုတွေမရှိပါဘူး။ ဒီလိုမျိုးအခြေအနေတွေကို အစိုးရအနေနဲ့ အတတ်နိုင်ဆုံး ကာကွယ်စောင့်ရှောက်ပေးစေချင်ပါတယ်။

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး**

လူငယ်တွေဆိုတာဟာ အနာဂတ်အတွက် ပခုံးပြောင်းတာဝန်ယူမယ့်သူတွေ ဖြစ်တယ်။ လူငယ်တွေရဲ့ လက်ရှိငြိမ်းချမ်းရေးနဲ့ပတ်သက်တဲ့ အမြင်တွေ၊ အတွေးတွေဟာ နောင်လျှောက်လှမ်းမယ့်လမ်းမှာ သူတို့ရဲ့အတွေးအခေါ် အယူအဆတွေဟာ အင်မတန်အရေးပါမယ်လို့ ကျွန်တော့်အနေနဲ့ ယူဆတယ်။ လူငယ်မူဝါဒကို စပြီးရေးဆွဲတဲ့ ရည်ရွယ်ချက်ကလည်း လူငယ်တွေကို စနစ်တကျစုစည်းပြီးတော့ နိုင်ငံအတွက်အကျိုးရှိမယ့် လုပ်ငန်းတွေကို ဘယ်လိုလုပ်ကြမလဲ။ လူငယ်တွေရဲ့ အခွင့်အရေးတွေလည်း အပြည့်အဝရရှိဖို့နဲ့ လူငယ်တွေရဲ့ လုပ်နိုင်စွမ်းအားဟာ အမြင့်မားဆုံးဖြစ်အောင် ဘယ်လိုဆောင်ရွက်ကြမလဲဆိုတာ အတွက်လုပ်တာ ဖြစ်ပါတယ်။

လူငယ်မူဝါဒ ပေါ်ပေါက်လာတဲ့အခါမှာ လူငယ်မူဝါဒဟာ တိုင်းပြည်အတွက်ကို လူငယ်တွေဘယ်လိုအကျိုးပြုမယ်ဆိုတာကို ရေးဆွဲထားတာဖြစ်တဲ့အတွက်ကြောင့် လူငယ်တွေရဲ့အကျိုး၊ တိုင်းပြည်ရဲ့အကျိုးနဲ့ အများကြီးဆက်စပ်တဲ့ အတွက်ကြောင့် မူဝါဒအပေါ်မူတည်ပြီးတော့ ကျွန်တော်တို့ ဆက်လက်အကောင်အထည်ဖော်သွားမှာ ဖြစ်ပါတယ်။ မူဝါဒဆိုတာကလည်း တစ်ခါရေးပြီးတာနဲ့ တစ်သက်လုံး ဒီပုံစံအတိုင်းသွားတာ မဟုတ်ပါဘူး။ ပိုမိုကောင်းမွန်ဖို့ ကျွန်တော်တို့ ဆက်လက်လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။

**(သတင်းစဉ်)**



ကိုဇော်ဝင်းအောင်



ကိုသူရစိုး



ကိုဇော်သူရိန်ထွန်း

❒ *ကျောဖုံးမှ*

ကိုးတန်ကောက်ရွာသို့ သွားရောက်ရှင်းလင်းရခြင်း အကြောင်းရင်းကို ဆက်လက်စိစစ်ရာတွင် မောင်တောမြို့နယ် နိုရူလာရဲကင်းစခန်း၌ ရှေ့တန်း အမှတ်(၂၂) လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှ ရဲအုပ် ကျော်မြင့်အောင် ဦးစီးရဲတပ်ဖွဲ့ဝင် ၁၁ ဦး လုံခြုံရေးဆောင်ရွက်နေစဉ် နိုဝင်ဘာလ ၃ ရက်နေ့ ညနေ ၅ နာရီ မိနစ် ၅၀က အကြမ်းဖက်သမားခေါင်းဦးသည် မောင်တော-အလယ်သံကျော်လမ်းအတိုင်း ဆိုင်ကယ် သုံးစီးဖြင့်မောင်းနှင်လာပြီး ရဲကင်းစခန်းဝင် ပေါက်အနီးရပ် တန့်ကာ ဆိုင်ကယ်ပေါ်မှ လက်နက်ငယ်ဖြင့် ပစ်ခတ်ခဲ့ သောကြောင့် ကင်းတာဝန်ကျ ဒုရဲတပ်ကြပ် မင်းမင်းစိုးတွင် ညာဘက် ရင်အုံ ညှပ်ရိုးအောက် ဖောက်ဝင်ဒဏ်ရာတစ်ချက်၊ ညာလက်မောင်း သေနတ်ဒဏ်ရာတစ်ချက်၊ ညာနံရိုး ဖောက်ဝင်ဒဏ်ရာနှစ်ချက် ထိမှန်သေဆုံးပြီး ရဲတပ်ကြပ် မျိုးဇော်ကိုတွင် ညာလက်မောင်း တစ်ချက်၊ ဝဲဘက်ဝမ်း ဗိုက်အောက်ရပ် ထိမှန်ဒဏ်ရာတစ်ချက်တို့ ရရှိခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့ကြောင်း၊ နိုရူလာရဲကင်းစခန်းကို ဝင်ရောက် ပစ်ခတ်ခဲ့သော အကြမ်းဖက်တိုက်ခိုက်သူများသည် ကိုးတန် ကောက်ကျေးရွာသို့ သွားရောက်ရှောင်တိမ်းနေ ကြောင်း နယ်မြေသတင်းရရှိသဖြင့် လည်းကောင်း၊နိုဝင်ဘာလ ၃ ရက် နေ့ နိုင်ငံခြားသံတမန်များအဖွဲ့ ကိုးတန်ကောက်ကျေးရွာသို့ ရောက်ရှိစဉ် ကျေးရွာလူထုမှ ကြိုတင်ဖြန့်ဝေပေးထားသော ဖြစ်စဉ်မှန် မဟုတ်သည့် စာရွက်စာတမ်းများကို ကိုင်ဆောင် ဆန္ဒပြသည့် အသွင်မျိုးဖြင့် ဆောင်ရွက်ခဲ့သဖြင့် စာများဖြန့်ဝေ သည်ဟု သတင်းရရှိထားသူကို စိစစ်ဖော်ထုတ်ရန်အတွက် လည်းကောင်း ကိုးတန်ကောက်ကျေးရွာအတွင်း နိုဝင်ဘာလ ၅ ရက်နေ့တွင် ဝင်ရောက်ရှင်းလင်းခဲ့ရခြင်းဖြစ်ကြောင်း ယင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယင်းနေ့ ကိုးတန်ကောက်ရွာသို့ ဝင်ရောက်ရှင်းလင်း ချိန်တွင် အကြမ်းဖက်အမှုများနှင့် သက်ဆိုင်သည့် နူအာလောင်(၂၂ နှစ်)၊ ဆော်လီမူလာ (၃၅ နှစ်)နှင့် မာမွတ်နော်ဘီ (၃၂ နှစ်)တို့ကို မြေမြှုပ်ထားသော ဓားမ ခြောက်ချောင်း၊ ဓားဦးချွန်တစ်ချောင်းနှင့် မိုန်းတံတစ်ချောင်း တို့နှင့်အတူ ဖော်ထုတ်ဖမ်းဆီးခဲ့ပြီး ကျန်ရှိသည့် မပတ်သက် သူများကို ရွာအတွင်း အေးချမ်းစွာနေထိုင်ရန် မှာကြား၍ ပြန်လွှတ်ပေးခဲ့ကြောင်း၊ ယခုဖြစ်စဉ်တွင် ဦးစီးခေါင်းဆောင် တာဝန်ရှိသူမှာ အမှတ်(၂) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲမှ ရဲမှူး ရဲထွန်းနိုင်၊ အမှတ်(၃၆)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ဒုတိယရဲအုပ် တေဇာလင်း၊ ဗီဒီယိုရိုက် ကူးသူ ရဲတပ်သားဇော်မျိုးထိုက်နှင့် ရွာသားများအား ရိုက်နှက်ကန်ကျောက်သူ ရဲတပ်သား ပြည့်ဖြိုးသွင်တို့ဖြစ်ကြောင်း ကနဦး စိစစ်ဖော်ထုတ်ရရှိခဲ့ သည်ဟု သိရှိရသည်။

ရိုက်နှက်ကန်ကျောက်သည့် ကျန်ရဲတပ်ဖွဲ့ဝင်များကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း၊ ကနဦးစိစစ်ဖော်ထုတ် ရရှိသူများကိုထိန်းသိမ်းထားရှိပြီး ရဲစည်းကမ်းထိန်းသိမ်း ရေး ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက် လျက်ရှိကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထား သည်။ **(သတင်းစဉ်)**



# နိုင်ငံတော်သို့ လက်နက်အပ်နှံ အလင်းဝင်ရောက်သူများအား လှိုက်လှဲစွာကြိုဆို

**ရန်ကုန် ဇန်နဝါရီ ၁**

ဇန်နဝါရီ ၁ ရက် နှစ်သစ်မင်္ဂလာအချိန်အခါတွင် မြဝတီမြို့သို့ ခွဲထွက် DKBA တပ်ဖွဲ့ဝင်ခုနစ်ဦး အလင်းဝင်ရောက်လာရာ မြို့နယ်ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် စစ်ဘက်ဆိုင်ရာတာဝန်ရှိသူများက ဝမ်းသာလှိုက်လှဲစွာ ကြိုဆိုခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

DKBA ခွဲထွက်အဖွဲ့ဖြစ်သော စောအောင်ဆန်းအဖွဲ့မှ ဗိုလ်ကြီးအဆင့်ရှိ ဝင်းဇော်ဦး ဆောင်သောအင်အား ခုနစ်ဦးသည် မြဝတီမြို့သို့ အလင်းဝင်ရောက်လာရာ အမ်(၁၆) တစ်လက်၊ အိပ်ချ်ကေ (၃၂) နှစ်လက်၊ အမ်(၇၉)လောင်ချာတစ်လက်၊ ကာဘိုင်နှစ်လက်နှင့်အတူ မိုင်းငါးလုံးကို တာဝန်ရှိသူများထံအပ်နှံခဲ့ပြီး မြို့နယ်မှအလင်းဝင်ရောက်လာသူတို့ကို အခမ်းအနားဖြင့် လှိုက်လှိုက်လှဲလှဲ ကြိုဆိုခဲ့ကြကြောင်း သိရသည်။ **(၁၁၂)**

# မုံးကိုးဒေသခံ တိုင်းရင်းသားပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**မူဆယ် ဇန်နဝါရီ ၁**

မူဆယ်ခရိုင် မုံးကိုးမြို့၌ ယခုအခါ နယ်မြေဒေသ အေးချမ်းသာယာလာပြီဖြစ်၍ မြို့တွင်းသို့ ပြန်လည် ဝင်ရောက်လာသည့် ဒေသခံတိုင်းရင်းသားပြည်သူ များအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကိန်မိုင်၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကမ္ဘောဇအလင်း တန်းဖောင်ဒေးရှင်းမှ ဦးသက်အောင်တို့အဖွဲ့သည် ဒီဇင်ဘာ ၃၀ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင် မုံးကိုးမြို့သို့ရောက်ရှိပြီး ထောက်ပံ့ပစ္စည်းနှင့် အန္တေး ထည်များ ပေးအပ်လှူဒါန်းခဲ့သည်။

ခရိုင်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့သည် နယ်မြေ ဒေသ အေးချမ်းသာယာလာပြီဖြစ်၍ မြို့တွင်းသို့ ပြန်လည်ဝင်ရောက်လာသည့် ဒေသခံတိုင်းရင်းသား ပြည်သူများအား စိစစ်လက်ခံ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခြင်း၊ မြို့မဈေးအတွင်း ငြိမ်းချမ်းစွာ ရောင်းဝယ်လျက်ရှိသည့် ဒေသခံပြည်သူများကို တွေ့ဆုံအားပေးစကားများပြောကြားပြီး မြို့တွင်း၌ လက်နက်ကိုင်ပူးပေါင်းအဖွဲ့များ၏ ပစ်ခတ်တိုက်ခိုက်မှု ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် ဌာန/ပုဂ္ဂလိကပိုင် အဆောက်အအုံများ၏ အခြေအနေအား လှည့်လည် ကြည့်ရှုခဲ့ကြသည်။

ယင်းနောက် အမှတ် (၅) ရပ်ကွက်ရှိ ရာစုသစ် အိမ်ရာဝင်းအတွင်း ယာယီဖွင့်လှစ်ထားရှိသည့် စာသင် ကျောင်း၌ ပညာသင်ကြားလျက်ရှိသော အ.ထ.က (မုံးကိုး)၊အ.မ.က (ဖော်ကျိုး)၊ အ.မ.က(ခွဲ)(မန်ဂျပ်) တို့မှ ကျောင်းသား ကျောင်းသူ ၄၇၂ ဦးတို့အား ကြည့်ရှု အားပေးခြင်း၊ စားသောက်ဖွယ်ရာများ ထောက်ပံ့ခြင်း၊ ပညာသင်ကြားပို့ချလျက်ရှိသည့် ဆရာ ဆရာမများ အတွက် ထောက်ပံ့ငွေပေးခြင်း၊ တက္ကသိုလ်ဝင်တန်း တက်ရောက်နေသည့် သံဃာ သုံးပါးအတွက် အထူး ထောက်ပံ့ငွေ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကမ္ဘောဇ အလင်းတန်းဖောင်ဒေးရှင်းမှ အန္တေးထည် ၈၀၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ထို့နောက် မုံးကိုးမြို့ အုပ်ချုပ်ရေးမှူးရုံးသို့ရောက် ရှိခဲ့ပြီး မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊မြို့မိမြို့ဖများနှင့် တွေ့ဆုံကာ အားပေးစကားပြောကြားပြီး ဖြစ်စဉ်အတွင်း ထိခိုက်သေဆုံးခဲ့သည့် ဦးပုကိုင်းလီငယ် မိသားစုအား ငွေကျပ် ငါးသိန်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဝန်ထမ်းမိသားစုများအား စားသောက်ဖွယ်ရာ များ၊ ရပ်ကွက် (၆)ရှိ ကက်သလစ်(စိန့်ဖရန်စစ်)ဘုရား ကျောင်း ထောက်ပံ့ငွေပေးအပ်ခြင်းနှင့် ဒေသခံ စစ်ဘေး ရှောင် ပြည်သူများအား ကမ္ဘောဇအလင်းတန်းဖောင်ဒေး ရှင်းက အန္တေးထည် ၁၀၄၀၀ အား ထောက်ပံ့ပေးအပ်ခဲ့ ကြသည်။

မုံးကိုးမြို့တွင် ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များအတွင်း အစိုးရဌာနများနှင့် တပ်မတော်၏ကူညီစောင့်ရှောက်မှု နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လွှတ်တော် ကိုယ်စားလှယ်များက ဒေသခံတိုင်းရင်းသား ပြည်သူများ အား ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးစကားပြောကြား သည်။

ထို့နောက် လိုအပ်သည့် ထောက်ပံ့မှုများကို ပေးအပ်ခဲ့ကြသည့်အတွက် ဒေသခံတိုင်းရင်းသား ပြည်သူများအနေဖြင့် စိုးရိမ်မှုများလျော့နည်းသွားပြီ ဖြစ်ကြောင်းနှင့် အစိုးရတာဝန်ရှိသူများ၊စေတနာရှင် များအပေါ် ကျေးဇူးတင်ရှိပါကြောင်း ပြန်လည်ပြောကြား ကြသည်။ **(ခရိုင်/ပြန်ဆက်)**

# ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ပဲခူးအကျဉ်းထောင် စစ်ဆေး

**ပဲခူး ဇန်နဝါရီ ၁**

ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးအောင်ဇော်သိန်းသည် တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးမောင်မောင်ရွှေ၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဦးတင်ဟုန်၊တိုင်းဒေသကြီးတရားရေးဦးစီးမှူးဦးမြင့် ဆန်း၊ ခရိုင်တရားသူကြီး ဒေါ်ခင်မာဆွေ၊ မြို့နယ်တရားသူကြီး ဦးကျော်သင်းတို့ သည် ဒီဇင်ဘာ ၃၀ ရက် နံနက် ၉ နာရီခွဲက ပဲခူးအကျဉ်းထောင်အားသွားရောက် စစ်ဆေးခဲ့သည်။

ပြစ်ဒဏ်ကျခံနေရသူများ၏ အဆောင်များ၊စားဖိုဆောင်များအား လှည့်လည် ကြည့်ရှု၍ နေရာထိုင်ခင်း သက်သာချောင်ချိမှု ရှိ/မရှိ၊ ကျန်းမာရေးမကောင်းပါက ဆေးကုသနိုင်ရန် အခွင့်အရေး၊ ညှဉ်းပန်းနှိပ်စက်မှု ရှိ/မရှိ၊ ဥပဒေနှင့်အညီ ရသင့် ရထိုက်သော အခွင့်အရေးခံစားနိုင်ရေးတို့နှင့်စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းကာ လိုအပ် သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သန့်စင်(ပဲခူး)**

# တစ်ဖက်နိုင်ငံသို့ ထွက်ခွာမည့် မသင်္ကာသူ ၂၅ ဦး ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း ပင်လယ်ပြင်လုံခြုံရေးဆောင်ရွက်နေ သည့် တပ်မတော်(ရေ)မှ စစ်ရေယာဉ်သည် ယနေ့နံနက် ၂ နာရီ မိနစ် ၅၀ ခန့် တွင် မသင်္ကာဖွယ် လက်ခတ်လောင်းလှေနှစ်စင်းအား တွေ့ရှိသဖြင့် မီးအချက်ပြ၍ ခေါ်ယူစဉ် ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးရာ လိပ်ရကျေးရွာ၏ တောင်ဘက် မီတာ ၃၀၀၀ ခန့်အကွာ၌ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ လောင်းလှေများပေါ်၌ တစ်ဖက်နိုင်ငံသို့ထွက်ခွာမည့်သူ ၂၃ ဦးနှင့် လာရောက်ခေါ်ယူသည့် တစ်ဖက်နိုင်ငံသားနှစ်ဦးတို့ကို ဖမ်းဆီးရမိခဲ့ရာ တရားဥပဒေအရ စစ်ဆေးအရေးယူဆောင်ရွက်နိုင်ရန် မောင်တောမြို့မရဲစခန်းသို့ လွှဲပြောင်းအပ်နှံ သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# တူလာတူလီကျွန်းကျေးရွာမှ ရာအိမ်မှူး တစ်ဦး ပျောက်ဆုံး

**နေပြည်တော် ဇန်နဝါရီ ၁**

မောင်တောမြို့နယ် တူလာတူလီကျွန်းကျေးရွာမှ ရာအိမ်မှူးတစ်ဦး ဒီဇင်ဘာ ၃၀ ရက် ညပိုင်းက ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

မောင်တောမြို့နယ် တူလာတူလီ ကျွန်းကျေးရွာမှ ရာအိမ်မှူး လာလူများ သည် ဒီဇင်ဘာ ၃၀ ရက် ည ၇ နာရီက ကျေးရွာလုံခြုံရေး လာရောက်ဆောင်ရွက်သော မင်းကြီးကျေးရွာ အုပ်ချုပ်ရေးမှူး ဦးလှထွန်းကို ရွာထိပ်သို့လိုက်ပို့ရာမှ နေအိမ်သို့ ပြန်လည်ရောက်ရှိလာခြင်းမရှိဘဲ ပျောက်ဆုံးလျက်ရှိကြောင်း ဒီဇင်ဘာ ၃၁ ရက် ည ၁၀ နာရီတွင် မင်းကြီးကျေးရွာ ရဲကင်းစခန်းသို့ လာရောက်အကြောင်းကြားသဖြင့် ရဲတပ်ဖွဲ့က စုံစမ်းရှာဖွေလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# သဲကုန်းမြို့နယ် အင်းမဈေး၌ ဆိုင်ခန်း ၈၆ ခန်းမီးလောင်

**အင်းမ ဇန်နဝါရီ ၁**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ် အင်းမမြို့ သီရိရတနာရပ်ကွက်ရှိ အင်းမဈေးတွင် ဒီဇင်ဘာ ၃၁ ရက်က မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်မှုကြောင့် အင်းမ ဈေးအတွင်းရှိ ဈေးဆိုင်ခန်းပေါင်း ၂၅၇ ခန်းရှိသည့်အနက် အလျား ရှစ်ပေ၊ အနံ ခြောက်ပေ၊ အမြင့် ပေ ၁၀၊ သွပ်မိုး ပျဉ်ခင်းအမျိုးအစား အထည်ဆိုင် ၁၆ ဆိုင်၊ ကုန်စုံဆိုင် ၅၃ ဆိုင်နှင့် အခြားကုန်ရောင်းချ သည့် ဆိုင် ၁၇ ဆိုင် စုစုပေါင်း ၈၆ ဆိုင် မီးလောင်ခဲ့သည်။



မီးလောင်ရာသို့ မီးငြိမ်းသတ် ယာဉ် ၁၄ စီး ၊ ရေသယ်ယာဉ် လေးစီး၊ တပ်မတော်ပိုင် ရေသယ်ယာဉ် တစ်စီး စုစုပေါင်း ၁၉ စီးနှင့်အတူ သန္ဓေမီးသတ် ၁၀၅ ဦးနှင့် အရန်မီးသတ် ၁၅၀ ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် ခရိုင်/မြို့နယ် မီးသတ်ဦးစီးမှူးများ၊တပ်မမှူး၊ ဗျူဟာမှူး နှင့် ခရိုင်/မြို့နယ် အုပ်ချုပ်ရေးမှူးများ နှင့် ရဲတပ်ဖွဲ့မှူးတို့က ငြိမ်းသတ်ခဲ့ရာ ယင်းည ၁၀ နာရီခွဲတွင် မီးငြိမ်းသတ်နိုင်ခဲ့ ကြောင်း သိရသည်။ မီးလောင်မှုနှင့် ပတ်သက်၍ အင်းမရဲစခန်းက စစ်ဆေး ဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

**သူရအောင် (ပြည်)**

# ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဇန်နဝါရီ ၁**

ထူးခြားသည့်ညအပူချိန်များမှာ ပူတာအိုမြို့နှင့် ဟားခါးမြို့တို့၌ ၄ ဒီဂရီစင်တီဂရိတ်စီ၊ နမ့်စန်မြို့ ဟဲဟိုးမြို့နှင့် နောင်ချိုမြို့တို့၌ ၈ ဒီဂရီ စင်တီဂရိတ်စီတို့ဖြစ်ကြသည်။

**(မိုး/ဇလ)**

# ကျွန်တော်နဲ့ တစေ့တစောင်း



## ပါမောက္ခ၊ ဒေါက်တာအောင်ထွန်းသက်

ကျွန်တော်ကြားဖူးတဲ့ တရုတ်ကျိန်စာတစ်ခု "စိတ်ဝင်စားစရာကောင်းတဲ့ ဘဝနဲ့အသက်ရှင်ရပါစေ"တဲ့ ကျွန်တော်လည်း ဒီကျိန်စာအတိုက်ခံရသလို ခံစားနေရပါတယ်။ အခုချိန်မှာ အလွန်စိတ်ဝင်စားစရာကောင်းတဲ့ အကြောင်းကိစ္စတွေကို နေ့စဉ်လိုလို ကြုံတွေ့ရင်ဆိုင်နေတာ တွေ့ရပါတယ်။ အထူးသဖြင့် ကျွန်တော်စိတ်ဝင်စားတဲ့ စီးပွားရေးနယ်ပယ်မှာပိုပြီး တွေ့နေရပြန်တယ်။ ကျွန်တော်ဟာ နိုင်ငံရေးဘောဂဗေဒကို စိတ်ဝင်စားတယ်။ စီးပွားရေးနဲ့ နိုင်ငံရေးဆက်ဆံမှု၊ ရင်းနှီးမှုကို လက်ခံတယ်။ နိုဝင်ဘာလ ၈ ရက်နောက်ပိုင်း နိုင်ငံပြောင်းလဲမှုတွေကြောင့် စီးပွားရေးအခြေအနေတွေ သိသိသာသာ တိုးတက်လိမ့်မယ်လို့ မျှော်လင့်ခဲ့တာ။ အထူးသဖြင့်အစိုးရ အသစ်တက်ပြီးအချိန်မှာ အရှိန်မြှင့်လာလိမ့်မယ်လို့ ယုံကြည်ခဲ့ပါတယ်။ ကိုယ့်နိုင်ငံအပေါ် နိုင်ငံတကာ မျက်စိကျနေချိန်ဟာရခဲတဲ့ အခွင့်အရေးပဲဖြစ်တယ်။ အထူးသဖြင့် အမေရိကန်ပြည်ထောင်စုရဲ့ စီးပွားရေးပိတ်ဆို့မှုတွေ ဖြေလျှော့ခဲ့မှုဟာ နိုင်ငံရေးအံ့ဩဖွယ်ရာ နိမိတ်လက္ခဏာကြောင့် ရလာတဲ့ စီးပွားရေး အကျိုးအမြတ်ဖြစ်တယ်။ ဒီအခွင့်အရေးတွေကို ယူနိုင်ဖို့လိုအပ်တယ်။ အခွင့်အရေးပေါ်ပေမယ့် မယူတတ်ရင် အကျိုးရှိမှာမဟုတ်ဘူး။ အခုဆိုရင် ဘာလိုလိုနဲ့ ကိုးလပြည့်တော့မယ်။ ပြုပြင်ပြောင်းလဲမှုတွေ ဆောင်ရွက်ရင်း " အခုရေတွင်းတူး၊ အခုရေကြည်သောက်နိုင်"တဲ့ အခြေအနေမဖြစ်နိုင်တာကို ပြည်သူတွေက လက်ခံကြတယ်။ သည်းခံကြတယ်။ ခွင့်လွှတ်ကြတယ်။ ဒါကြောင့်လည်း ပြည်သူတွေရဲ့ မျှော်လင့်မှုတွေကိုရအောင် ပိုပြီးအားထုတ်ကြိုးစားမှာဖြစ်တယ်။

နိုင်ငံရဲ့ စီးပွားရေးအခြေခံတွေဟာ အလွန်ကောင်းတယ်။ ပထဝီအနေအထားအရ အခွင့်သာသလို နိုင်ငံဖွံ့ဖြိုးမှုအတွက် လိုအပ်တဲ့ သဘာဝသယံဇာတတွေ ပေါကြွယ်ဝခဲ့တယ်။ ခေတ်အဆက်ဆက် ရွေးချယ်ခဲ့တဲ့ ပေါ်လစီတွေ၊ အကောင်အထည်ဖော်ရာမှာ ရင်ဆိုင်ရတဲ့ အခက်အခဲတွေကြောင့် ကျွန်တော်တို့နိုင်ငံဟာ ၁၉၈၇ ခုနှစ်မှာ အဆင်းရဲဆုံးနိုင်ငံ စာရင်းဝင်နိုင်ငံဖြစ်ခဲ့ရတယ်။ တစ်ချိန်က စီးပွားရေးပညာရှင်တွေက အရှေ့တောင်အာရှ စီးပွားရေးအရ အလားအလာအကောင်းဆုံးနိုင်ငံလို့ ဟောကိန်းထုတ်ခဲ့ပေမယ့် ထင်သလိုမဖြစ်လာခဲ့ဘူး။ နိုင်ငံတိုင်းလိုလို ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးချိန်မှာ ကျွန်တော်တို့နိုင်ငံက ဆိုရှယ်လစ်စီးပွားရေးစနစ်ကို ရွေးချယ်ခဲ့တယ်။ နောက်ပိုင်းကာလတွေမှာ နိုင်ငံတကာမှာ အာဏာရှင်စနစ်ကတစ်ဆင့် ဒီမိုကရေစီစနစ်ကို ကူးပြောင်းချိန်မှာ ကျွန်တော်တို့အနေနဲ့ စစ်အုပ်ချုပ်စနစ်အောက်မှာ လှုပ်ရှားခဲ့ရတယ်။ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးတယ်လို့ ကြုံးဝါးခဲ့ပေမယ့် လက်တွေ့မှာတော့ "မြေညီကွင်း" မဟုတ်ဘဲ ခရိုနီအရင်းရှင် စီးပွားရေးစနစ်ကို ကျင့်သုံးခဲ့ပြန်တယ်။ သမိုင်းတစ်လျှောက် လမ်းဆုံလမ်းခွရောက်တိုင်း လမ်းလွဲခဲ့တယ်။ ရွေးချယ်မှုမှားခဲ့တယ်။ အဓိကကတော့ ကောင်းမွန်တဲ့အုပ်ချုပ်စီမံမှု မရှိလို့ဖြစ်တယ်။ အထိန်းအကွပ်အားနည်းပြီး တစ်ချက်လွှတ်စီမံမှုတွေကြောင့်ပဲ။

ကျွန်တော်ဟောပြောပွဲတွေမှာ အမြဲသတိပေးခဲ့တာ

**လတ်တလောလူတိုင်းစိတ်ဝင်စားနေတာက ဒေါ်လာဈေးတက်မှု ကျပ်ငွေတန်ဖိုးသိသိသာသာလျော့နည်းလာခဲ့တယ်။ ဒီပြဿနာကို ဖြေရှင်းတဲ့နေရာမှာ ဈေးကွက်စီးပွားရေးကြောင့် ဝယ်လိုအားနဲ့ရောင်းလိုအားကြောင့်လို့ ကျောင်းသင်ခန်းစာထဲမှာ ပြောသလိုပြောလို့မဖြစ်ဘူး။ နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးဘဝကို နိုင်ငံတော်အစိုးရက လုံးဝမပါဝင်ဘဲ လက်ပိုက်ကြည့်နေတာမျိုး ဘယ်နေရာမှမရှိပါဘူး။ ဈေးကွက်ကို ဘယ်လောက်အားကိုးပြီး အစိုးရကဘယ်လောက်ပါဝင်ရမလဲဆိုတဲ့ ရွေးချယ်မှုကို လုပ်ကြရတာဖြစ်တယ်။ မျှမျှတတစဉ်းစားနိုင်ဖို့ အရေးကြီးတယ်။ ဒါပေမယ့် ဝမ်းသာစရာသတင်းက ဒီမနက်ဂျာနယ်တွေမှာ ဗဟိုဘဏ်ကဝင်ပြီး ကိုင်တွယ်လှုပ်ရှားမယ်ဆိုတဲ့သတင်းဖြစ်**

တစ်ခုရှိတယ်။ အနာဂတ်လုပဖို့အင်အားကို အတိတ်ကဖြစ်ရပ်တွေအပေါ်အာရုံမပြုဘဲ ကိုယ်လိုချင်တဲ့အနာဂတ်ရအောင် ဖန်တီးသင့်ပါတယ်။ ပြီးခဲ့တာတွေကို ဘာမှလုပ်လို့မရတော့ဘူး။ ပြီးခဲ့တာတွေ အတိတ်မှာထားခဲ့ပြီး ရှေ့အနာဂတ်မှာ လိုချင်တာရအောင် ကြိုးစားရမှာဖြစ်တယ်။

ကောင်းမွန်တဲ့ စီမံအုပ်ချုပ်မှုစနစ်တစ်ခုတည်ထောင်ဖို့ ခေါင်းဆောင်မှုနဲ့ စီမံခန့်ခွဲမှုလိုအပ်တယ်လို့ မြင်မိတယ်။ အခုချိန်မှာ ခေါင်းဆောင်မှု၊ ဦးဆောင်မှုက ပြောစရာမရှိဘူး။ ပြည်တွင်းပြည်ပ လူတိုင်းကြည်ညိုအားကိုးတဲ့သူ ခေါင်းဆောင်ကောင်းတစ်ဦးမှာ ရှိသင့်တဲ့ အရည်အချင်းအပြည့်ရှိတယ်။ ဒါပေမယ့် ခေါင်းဆောင်ကို ပံ့ပိုးပေးနိုင်တဲ့သူတွေလိုအပ်တယ်။ အရည်အချင်းတွေ ပြည့်ဝပြီး ထူးချွန်သူတွေရှိဖို့လိုအပ်တယ်။ ကျွန်တော် တလောကပြောခဲ့သလို အမှားလုပ်ရဲသူတွေ များများရှိဖို့လိုတယ်။ မှားတာတွေကြောက်နေရင် ဘာမှမလုပ်တာအကောင်းဆုံးပဲ။ ဒီနေရာမှာ တာဝန်ယူမှု၊ တာဝန်ခံမှု လိုအပ်တယ်။ မိမိကိုပေးထားတဲ့တာဝန်ကို ရဲရဲဝံ့ဝံ့ယူနိုင်ရတယ်။ အောင်မြင်အောင်ကြိုးစားပြီး မအောင်မြင်ရင် ရာထူးကိုစွန့်ရဲတဲ့သူတွေရှိရမယ်။ ဒီသတ္တိမျိုးက အချိန်ယူပြီးမွေးရမှာ ကျွန်တော်က စီမံခန့်ခွဲမှုပညာကို လေ့လာသူတစ်ဦးဖြစ်တာမို့ ကြုံတွေ့နေရတဲ့အနေအထားဟာ စီမံခန့်ခွဲမှုအားနည်းမှုကြောင့် ဖြစ်တယ်လို့ ယူဆမိတယ်။ အခုချိန်မှာ စစ်မှန်တဲ့ပြုပြင်ပြောင်းလဲမှုတွေကို လုပ်ဖို့လိုအပ်တယ်။ တာဝန်ရှိသူတွေရဲ့ စေတနာကိုပြည်သူက အသိအမှတ်ပြုတယ်။ လုပ်တဲ့အမှားကို နားလည်ကြမယ်။ လက်ခံကြမယ်။

အစိုးရယန္တရားဟာ လိုအပ်တာထက် ကြန့်ကြာတယ်။ သွက်လက်မြန်ဆန်အောင် မလိုအပ်တာတွေကို ဖြေလျှော့သင့်တယ်။ ဖြစ်နိုင်ရင် ပယ်ဖျက်ရဲရမယ်။ ဌာနအားလုံးကို မလိုအပ်တဲ့ အလုပ်အစီအစဉ်၊ မလုပ်အပ်တဲ့ စာရွက်စာတမ်းတွေကို ပယ်ဖျက်စေသင့်တယ်။ အခုခေတ်မှာ စက္ကူတွေသုံးနေတာ သဘာဝမကျတော့ဘူး။ ကြိုးနီစနစ်တွေ အရင်ထက်ပိုလာတယ်လို့ ပြောကြတယ်။ ဒီလိုဖြစ်တာက မဆန်းလှဘူး။ မှားမှာ ကြောက်တဲ့အခြေခံကြောင့် ဖြစ်တယ်။

စီးပွားရေးတိုးတက်ချင်ရင် စီးပွားရေးမျက်စိနဲ့ကြည့်ရတယ်။ ဆုံးဖြတ်ရမယ်။ အခုတော့ အရာရာအုပ်ချုပ်ရေး ပေတံနဲ့ချိန်ထိုးနေတာဖြစ်တယ်။ ဒီနေရာမှာလည်း ဈေးကွက်စီးပွားရေးစနစ်ကို ပုံချအပြစ်တင်လို့မရဘူး။ အခုဆိုရင် နေရာတိုင်းလိုလို ဝယ်လိုအားနဲ့ရောင်းလိုအားကြောင့်လို့ ပြောနေတယ်။ စီးပွားရေးတက္ကသိုလ် ပထမနှစ်သင်တန်းတက်နေရသလိုပဲ စီးပွားရေးဘဝကို မမြင်နိုင်တဲ့လက်မည်းကြီးက ကြီးစိုးနေတာကို နေရာတိုင်းမြင်လို့မဖြစ်ဘူး။ လိုအပ်ရင်အစိုးရက စွက်ဖက်ရမယ်။ အစိုးရရဲ့စွက်ဖက်မှုကို သိမ်သိမ်မွေ့မွေ့ ဆောင်ရွက်နိုင်ဖို့သာလိုအပ်တယ်။ ကိုယ်နဲ့မဆိုင်ဘူးလို့ ယူနေလို့မဖြစ်ဘူး။ စွက်ဖက်သင့်ရင် စွက်ဖက်ရမယ်။

စီမံခန့်ခွဲမှု ရှုထောင့်ကကြည့်ရင် ရလဒ်ကိုအခြေခံဖို့ လိုအပ်တယ်။ ကိုယ်မျှော်လင့်တောင့်တတဲ့ရလဒ်ကို ဖော်ထုတ်ပြီး ရအောင်လုပ်ရမှာသာ ဖြစ်တယ်။ အခုတော့ ရလဒ်အစားအလုပ်ကို ဦးစားပေးနေသလို ဖြစ်တယ်။ လူတိုင်းအလုပ်များပြီး ပင်ပန်းနေ အလုပ်တွေကို ပင်ပင်ပန်းပန်း ကြိုးစားနေကြတယ်။ ဒါပေမယ့် ကြိုးစားအားထုတ်သလို ကိုယ်လိုချင်တဲ့ ရလဒ်ရဖို့ လိုအပ်တယ်။ ကြိုးစားရုံသက်သက်နဲ့ ကျေနပ်လို့ မဖြစ်ဘူး။ ရလဒ်ကို ဖော်ထုတ်သွားရမှာဖြစ်တယ်။

အတိတ်ကို ပြန်မကြည့်ပါနဲ့လို့ ကျွန်တော်ကိုယ်တိုင် သတိပေးခဲ့ပေမယ့် အထက်တန်းပညာရေးနဲ့ပတ်သက်ပြီး တက္ကသိုလ်တွေနဲ့ပတ်သက်ပြီး စိုးရိမ်စရာဖြစ်တယ်။ ကျောင်းသားထုနဲ့ ရင်ဆိုင်ရတဲ့ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းအရမဖြေရှင်းဘဲ ပညာရေးလက်နက်သုံးပြီး ဖြေရှင်းခဲ့တယ်။ ဒါကြောင့်မို့ တက္ကသိုလ်တွေကို လူနဲ့မနီးတဲ့နေရာတွေမှာပို့ထားတယ်။ သွားရေးလာရေးမလွယ်ကူတာရယ်။ ပတ်ဝန်းကျင်အခြေအနေတွေကြောင့် တက္ကသိုလ်ပညာရေးဟာ ပျက်စီးခဲ့တယ်။ ဒါပေမယ့် ဒီကိစ္စကိုဖြေရှင်းဖို့လွယ်ကူမှာမဟုတ်တော့ဘူး။ အဖြေခက်တာမို့ ဒီအတိုင်းထားပြန်ရင်လည်း အခြေအနေတွေက အလိုလိုကောင်းလာမှာ မဟုတ်ဘူး။ မိမိနိုင်ငံမှာရှိတဲ့ ကျန်းမာရေးစောင့်ရှောက်မှုကို အားမရလို့ငွေကုန်ခံပြီး နိုင်ငံခြားသွား ဆေးကုသူတွေ အများကြီးပဲ။ ဒါတွေကိုပြန်ကုစားဖို့ ကာလတိုမှာမလုပ်နိုင်ပေမယ့် ကာလရှည်အတွက်တော့ စဉ်းစားရမှာဖြစ်တယ်။

လတ်တလော လူတိုင်းစိတ်ဝင်စားနေတာက ဒေါ်လာဈေးတက်မှု ကျပ်ငွေတန်ဖိုး သိသိသာသာ လျော့နည်းလာခဲ့တယ်။ ဒီပြဿနာကို ဖြေရှင်းတဲ့နေရာမှာ ဈေးကွက်စီးပွားရေးကြောင့် ဝယ်လိုအားနဲ့ ရောင်းလိုအားကြောင့်လို့ ကျောင်းသင်ခန်းစာထဲမှာ ပြောသလို ပြောလို့မဖြစ်ဘူး။ နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးဘဝကို နိုင်ငံတော်အစိုးရက လုံးဝမပါဝင်ဘဲ လက်ပိုက်ကြည့်နေတာမျိုး ဘယ်နေရာမှ မရှိပါဘူး။ ဈေးကွက်ကိုဘယ်လောက်အားကိုးပြီး အစိုးရကဘယ်လောက်ပါဝင်ရမလဲဆိုတဲ့ ရွေးချယ်မှုကို လုပ်ကြရတာဖြစ်တယ်။ မျှမျှတတစဉ်းစားနိုင်ဖို့ အရေးကြီးတယ်။ ဒါပေမယ့် ဝမ်းသာစရာသတင်းက ဒီမနက်ဂျာနယ်တွေမှာ ဗဟိုဘဏ်ကဝင်ပြီး ကိုင်တွယ်လှုပ်ရှားမယ်ဆိုတဲ့ သတင်းဖြစ်တယ်။

ဆရာကြီးဒေါက်တာဦးလှမြင့်က နိုင်ငံတစ်နိုင်ငံတိုးတက်ချင်ရင် အပြင်ကြည့်ရမယ်လို့ ပြောခဲ့တယ်။ အဓိပ္ပာယ်က ပို့ကုန်ကိုအခြေပြုတဲ့ ဖွံ့ဖြိုးမှုမဟာဗျူဟာကို ရွေးချယ်ဖို့ အခုလို မြန်မာကျပ်ငွေတန်ဖိုးကျချိန်ဟာ ပို့ကုန်သမားတွေအတွက် အခွင့်အရေးပဲ။ ဒါပေမယ့် သိသိသာသာတိုးမလာသေးဘူး။ ဒီနေရာမှာလည်း ပို့ကုန်တိုးမြှင့်ချင်ရင် မက်လုံးကို စဉ်းစားဖို့ လိုအပ်တယ်။ အခုဆိုရင် ပို့ကုန်သမားတွေကို အခွန်စီးကြပ်နေတယ်။ တချို့နိုင်ငံ-ဥပမာ ဗီယက်နမ်နိုင်ငံမှာ အခွန်လျှော့ရုံမက ပို့ကုန်သမားတွေကို မက်လုံးတွေပေးခဲ့တယ်။ ကျွန်တော်တို့မှာလည်း ဒီလိုစဉ်းစားရမှာ။ အခွန်တွေလျှော့လိုက်ရင် အစိုးရဝင်ငွေနည်းတော့မယ်ဆိုတာ တစ်ခုပဲ စဉ်းစားလို့ မဖြစ်ဘူး။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ထင်သလောက်ဝင်မလာတာတွေ့ရတယ်။ ဝင်လာချင်အောင် ဘာလုပ်သင့်သလဲ။ ဘယ်လိုမက်လုံးတွေ ပေးရမလဲ၊ ဘယ်သူတွေမှာ ရင်းနှီးမြှုပ်နှံနိုင်တဲ့ အင်အားတွေရှိသလဲ၊ တခြားနိုင်ငံကိုသွားမယ့်အစား ကိုယ့်နိုင်ငံကိုဝင်လာအောင် ဘာလုပ်သင့်သလဲ။ ဒီမေးခွန်းတွေရဲ့အဖြေကိုမရှာဘဲ အလိုလိုဝင်လာမှာမဟုတ်ဘူး။

စီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူပြုတာက နိုင်ငံတော်ကချမှတ်လိုက်တဲ့ မူဝါဒဖြစ်တယ်။ အရေးကြီးတာက ချမှတ်လိုက်တဲ့ ပေါ်လစီ တည်ငြိမ်ဖို့လိုအပ်တယ်။ မကြာခဏ စိတ်ကူးရတိုင်း ပေါ်လစီကို ပြောင်းလို့မဖြစ်ဘူး။ အမှန်တော့ ယုံကြည်မှုကိုတည်ဆောက်ရမှာဖြစ်တယ်။ တို့နိုင်ငံမှာလာပြီး ရင်းနှီးမြှုပ်နှံပါ။ တရားဥပဒေစိုးမိုးရေးကို အာမခံမယ်။ ဥပဒေအရ လုံလောက်တဲ့ အကာအကွယ်တွေပေးမယ်။ လုံလောက်ပြည့်စုံတဲ့ မက်လုံးတွေပေးရမှာဖြစ်တယ်။

ကျွန်တော် ကျေနပ်တဲ့ကိစ္စတစ်ခုက အဂတိလိုက်စားမှုနဲ့ ပတ်သက်လာရင် သံသယမရှိတော့ဘူး။ ရိုးသားကြတယ်။ ဖြောင့်မတ်ကြတယ်။ တစ်နည်းပြောရရင် လူကောင်းတွေနဲ့ လှုပ်ရှားနေတာဖြစ်တယ်။ လူကောင်းတွေကို လူတော်တွေနဲ့ ပေါင်းစပ်ပေးနိုင်ဖို့ လိုအပ်ပါတယ်။ စီမံခန့်ခွဲမှုပညာမှာ လူကောင်းလူတော်မခွဲခြားဘူး။ တာဝန်ရှိသူဟာ ကောင်းလည်းကောင်းရမယ်။ တော်လည်းတော်ရမယ်လို့ လက်ခံတယ်။ ကျွန်တော်ကတော့ ၂၀၁၇ ကို လှိုက်လှဲစွာကြိုဆိုတယ်။ ဖြတ်သန်းခဲ့တဲ့ကာလ အတွေ့အကြုံတွေကို သင်ခန်းစာယူပြီး နှစ်သစ်မှာ အရှိန်အဟုန်နဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍ အသီးသီးတိုးတက်အောင် ဆောင်ရွက်နိုင်လိမ့်မယ်လို့ ယုံကြည်မိတယ်။

နိုင်ငံတစ်နိုင်ငံရဲ့ အခြေနေ အနေအထားကိုသုံးသပ်ရာမှာ ရက်လနဲ့ဆုံးဖြတ်လို့ မဖြစ်ပါဘူး။ ကာလရှည်မဟာဗျူဟာရှိဖို့ အရေးကြီးလှတယ်။ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးတွေ အပေါ် ယုံကြည်မှုအပြည့်ရှိဖို့လိုပြီး အထူးသဖြင့် လူငယ်တွေကို အားကိုးရမှာသာဖြစ်ပါတယ်။

# ကော့သောင်းမြို့၌ မျက်စိဝေဒနာရှင် ပြည်သူများအားစတင်ခွဲစိတ်ကုသ

**ကော့သောင်း ဇန်နဝါရီ ၁**

သန်းဒီပါ ဘက်စုံဖောင်ဒေးရှင်းနှင့် ကော့သောင်းဂရုကမ္ဗဏီလီမိတက်မှ စေတနာရှင်များပူးပေါင်းက၁ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင်ကုသရေးဦးစီးဌာန၊ ပြည်သူ့ဆေးရုံကြီး၌ ဇန်နဝါရီ ၁ ရက်တွင် ခရိုင်အတွင်းရှိ မျက်စိဝေဒနာရှင် ပြည်သူများအား စက္ခုဒါနကုသိုလ်အဖြစ် စတင်ခွဲစိတ်ကုသပေးခဲ့ကြောင်း သိရသည်။

မျက်စိပါရဂူ ဆရာဝန်ကြီးများနှင့် ခရိုင်ပြည်သူ့ဆေးရုံမှ ဆရာဝန်များ ပူးပေါင်းကာ ခရိုင်အတွင်းရှိ မျက်စိဝေဒနာသည်များအား ဒီဇင်ဘာ ၂၆ ရက်မှစတင်ကာ လိုအပ်သည့်စမ်းသပ်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပြီးနောက် ခွဲစိတ်ကုသရန်လိုအပ်သည့် မျက်စိဝေဒနာရှင် ၁၄၉ ဦးအား ဇန်နဝါရီ ၁ ရက်မှစတင်ကာ ခွဲစိတ်ကုသပေးခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါစက္ခုဒါနကုသိုလ် အစီအစဉ်တွင် သာမန်စမ်းသပ်စစ်ဆေးလူနာ ၂၇၇ ဦး၊ မျက်စိခြစ်လူနာ ၃၀၊ ခွဲစိတ်ကုသမှုခံယူမည့် ဝေဒနာရှင် ၁၄၉ ဦးဖြစ်ရာ မျက်စိဝေဒနာရှင်စုစုပေါင်း ၄၅၆ ဦးအား စက္ခုဒါနကုသိုလ်အဖြစ် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။ **ကျော်စိုး (ကော့သောင်း)**



# လွတ်လပ်ရေးနေ့အထိမ်းအမှတ် စက်ဘီးပြိုင်ပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားမှုအရ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်၊ Myanmar CP Livestock Co.,Ltd. နှင့် သာယာဝတီခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာနတို့ပူးပေါင်း၍ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စက်ဘီးပြိုင်ပွဲကို ဇန်နဝါရီ ၁ ရက်ကကျင်းပရာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဦးမောင်မောင်လွင်က သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးသည်။

အဆိုပါ စက်ဘီးပြိုင်ပွဲတွင် အမျိုးသား ၁၄၁ ဦး၊ အမျိုးသမီး ၂၅ ဦး စုစုပေါင်း ၁၆၆ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး သံဖြူကျေးရွာမှ သာယာဝတီမြို့သို့ ကီလိုမီတာ ၁၀ အကွာအဝေးကို စီးနင်းယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲဆက်လက်ကျင်းပရာ ဆုရရှိသူများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# တိုက်ချင်းပစ်ဒုံးကျည်(ICBM)ကို စမ်းသပ်ပစ်လွှတ်ရန် နီးကပ်လာပြီဖြစ်ကြောင်း မြောက်ကိုရီးယားခေါင်းဆောင်ပြောကြား



**ပြုံယမ်း ဇန်နဝါရီ ၁**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းသည် နိုင်ငံအတွင်း စမ်းသပ်ပြင်ဆင်မှုများ လုပ်ဆောင်လျက်ရှိသည့် တိုက်ချင်းပစ်ဒုံးကျည် (ICBM)ကို စမ်းသပ်ပစ်လွှတ်မှု ပြုလုပ်နိုင်တော့မည့် နောက်ဆုံးအဆင့်ကို ရောက်ရှိနေပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကင်ဂျုံအန်းသည် တိုက်ချင်းပစ်ဒုံးကျည်စမ်းသပ်ပစ်လွှတ်ရန် အနီးဆုံးအခြေအနေရောက်ရှိနေပြီဖြစ်ကြောင်းကို တနင်္ဂနွေနေ့တွင် ၎င်း၏နှစ်စဉ်ပုံမှန်ပြုလုပ်မြဲ နိုင်ငံရေးလုပ်ဆောင်ချက်တစ်ခုဖြစ်သည့် နှစ်သစ်ကူးမိန့်ခွန်းအတွင်း ထည့်သွင်းပြောဆိုခဲ့သည်ကို နိုင်ငံပိုင်ကိုရီးယား ဗဟိုရုပ်မြင်သံကြားထုတ်လွှင့်မှုအစီအစဉ်၌ ထုတ်လွှင့်ပြသခဲ့သည်။ ကင်၏မိန့်ခွန်းတွင် မြောက်ကိုရီးယားနိုင်ငံသည် ပြီးခဲ့သည့်နှစ်အတွင်းက နျူကလီးယားစမ်းသပ်အောင်မြင်မှုနှစ်ခုနှင့်အတူ တိုက်ချင်းပစ်ဒုံးကျည်အမျိုးအပြားကို စမ်းသပ်အောင်မြင်ခဲ့ပြီး နောက်တွင် နျူကလီးယားအင်အားကြီးနိုင်ငံတစ်ခုအနေဖြင့် ပေါ်ထွက်လာမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။ **(အန်အိတ်ချ်ကေ)**

# နာဂျက်ဖ်၌ အိုင်အက်စ်အဖွဲ့၏ တိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင် ခုနစ်ဦးသေဆုံး

**ဘဂ္ဂဒက် ဇန်နဝါရီ ၁**

အီရတ်နိုင်ငံတောင်ပိုင်းမြို့တော် နာဂျက်ဖ်တွင် တနင်္ဂနွေနေ့က ရဲတပ်ဖွဲ့ဝင်များ တာဝန်ထမ်းဆောင်လျက်ရှိသည့် စစ်ဆေးရေးဂိတ်တစ်ခုကို အိုင်အက်စ်စစ်သွေးကြွအဖွဲ့ဝင်များက တိုက်ခိုက်မှုလုပ်ဆောင်ခဲ့ရာ ရဲတပ်ဖွဲ့ဝင် ခုနစ်ဦးသေဆုံးခဲ့ပြီး ၁၇ ဦးဒဏ်ရာရရှိခဲ့ကြောင်း ဒေသရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

တိုက်ခိုက်မှု လုပ်ဆောင်ခဲ့သူများသည် နာဂျက်ဖ်မြို့ အနောက်ပိုင်းရှိ အယ်ကွာဒီစီယာမြို့နယ်အနီးဝန်းကျင်ရှိ ကန္တာရအတွင်း ယာဉ်နှစ်စီးဖြင့်လှည့်လည် သွားလာနေသူများဖြစ်သည်ဟု ဆိုသည်။ ရဲတပ်ဖွဲ့ဝင်များသည် လုံခြုံရေးဂိတ်သို့ ဝင်ရောက်လာသော ယာဉ်တစ်စီးကိုစစ်ဆေးရန် ရပ်တန့်စေခဲ့ရာ ယာဉ်မောင်းသူက တင်ဆောင်လာသည့် ပေါက်ကွဲပစ္စည်းကိုဖောက်ခွဲခဲ့ကြောင်း သိရသည်။

ဒုတိယယာဉ်တစ်စီးမှာ မောင်းနှင်ထွက်ပြေးခဲ့ရာ ရဲများက ယာဉ်အတွင်းရှိစစ်သွေးကြွနှစ်ဦးကို အသေပစ်ခတ် ဖမ်းဆီးကာ ရပ်တန့်အောင် လုပ်ဆောင် နိုင်ခဲ့သည်ဟု ရဲအဖွဲ့ကပြောကြားခဲ့သည်။ အွန်လိုင်းတွင် ပျံ့နှံ့လျက်ရှိသည့် သတင်းများအရ တိုက်ခိုက်မှုလုပ်ဆောင်ခဲ့သူမှာ အိုင်အက်စ်စစ်သွေးကြွအဖွဲ့ဖြစ်ကြောင်း ဖော်ပြထားသည်။ ဖောက်ခွဲမှုကို မလုပ်ဆောင်မီ သေနတ်သမား လေးဦးသည် သေနတ်ပစ်ခတ်ခဲ့ပြီး ငါးယောက်မြောက် အမျိုးသားက အသေခံကားဗုံးခွဲမှုလုပ်ဆောင်ခဲ့ကြောင်း သိရသည်။ နာဂျက်ဖ်မြို့သည် ဘဂ္ဂဒက်တောင်ပိုင်းမှ ကီလိုမီတာ ၁၆၀ အကွာတွင်တည်ရှိပြီး အိုင်အက်စ်အဖွဲ့နှင့် အီရတ်တပ်မတော်အင်အားစုများအကြား တိုက်ပွဲများဖြစ်ပွားခဲ့သည့် မိုလ်ဆူးမြို့နှင့် ဝေးကွာသည်။ **(ရိုက်တာ)**

# တောင်ဆူဒန်ရှိကာကွယ်ရေးအင်အားစုများ၏လုံခြုံရေးကို အခိုင်အမာဆောင်ရွက်မည်

**တိုကျို ဇန်နဝါရီ ၁**

ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနသည် တောင်ဆူဒန်ရှိ ကုလသမဂ္ဂငြိမ်းချမ်းရေး မစ်ရှင်အတွင်း၌ ပါဝင်ဆောင်ရွက်နေသည့် ဂျပန်ကာကွယ်ရေးအင်အားစုများ၏ ဘေးကင်းလုံခြုံရေးကို ခိုင်မာသေချာအောင် လုပ်ဆောင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

SDFအဖွဲ့ဝင်ပေါင်း ၃၅၀ ပါဝင်သည့် ယူနစ်အဖွဲ့သည် ဂျပန်နိုင်ငံ၏အသစ်ပြဋ္ဌာန်းမည့် လုံခြုံရေးဆိုင်ရာဥပဒေအတွက် ဒီဇင်ဘာ၁၂ ရက် ကတည်းက စတင်ကာ တာဝန်များတိုးချဲ့ဆောင်ရွက်ရန် တာဝန်ပေးအပ်ခြင်းခံခဲ့ရသည်။

ကာကွယ်ရေးယူနစ်၏ အဖွဲ့ဝင်များအနေဖြင့် အကယ်၍ တိုက်ခိုက်မှုများ ရုတ်တရက် ကျရောက်လာခဲ့လျှင် အရေးပေါ်ဆောင်ရွက်နိုင်ရန်အတွက် ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းသူများ ကာကွယ်ရေးမစ်ရှင်အဖွဲ့နှင့် အာဏာပိုင်များထံသို့ သွားရောက်ရာတွင် လက်နက်များကိုင်ဆောင်သွားခွင့်ပြုထားကြောင်း သိရသည်။

ဂျပန်ကာကွယ်ရေး ယူနစ်သည် ယခုအခါ တောင်ဆူဒန်မြို့တော် ဂျူဘားနှင့် အနီးတစ်ဝိုက်နေရာများတွင် အခြေခံအဆောက်အအုံတည်ဆောက်မှုနှင့် လမ်းများဖောက်လုပ်မှုတို့ကို ဆောင်ရွက်လျက်ရှိသည်။**(အန်အိတ်ချ်ကေ)**

# အစ္စတန်ဘူလ် နိုက်ကလပ်၌ သေနတ်ပစ်ခတ်မှုများဖြစ်ပွား၊ ၃၉ ဦး သေဆုံး

**အစ္စတန်ဘူလ် ဇန်နဝါရီ ၁**

တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့ ဘော့စဖောရပ်စ် ရေလက်ကြားပေါ်ရှိ နိုက်ကလပ်တစ်ခုတွင် တနင်္ဂနွေနေ့က နှစ်သစ်ကူးပွဲတော် ဆင်နွှဲနေကြသူများအား သေနတ်သမားတစ်ဦးက ပစ်ခတ်ခဲ့မှုကြောင့် နိုင်ငံခြားဧည့်သည်များအပါအဝင် လူ ၃၉ ဦးထက်မနည်း သေဆုံးသွားခဲ့ကြောင်း သိရသည်။

သေနတ်သမားသည် သေနတ်ဖြင့် တရစပ်ပစ်ခတ်ပြီးနောက် နိုက်ကလပ်မှ ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။ နှစ်သစ်ကူးချိန် လွန်မြောက်ပြီး တစ်နာရီခန့်အကြာတွင် နိုက်ကလပ်အတွင်းသို့ သေနတ်သမားဝင်ရောက်လာပြီး တွေ့ကရာကို သေနတ်ဖြင့် တရစပ်ပစ်ခတ်ခဲ့ရာ နိုက်ကလပ်အတွင်းရှိ နေသူအချို့သည် အသက်ရှင်လွတ်မြောက်ရန်အတွက် ရေထဲသို့ခုန်ချထွက်ပြေးခဲ့ကြသည်။

အကြမ်းဖက်တိုက်ခိုက်မှု လုပ်ဆောင် ခဲ့သူသည် တစ်ကိုယ်တော် သေနတ်သမားဖြစ်သည်ဟု အာဏာပိုင်များက ဖော်ပြခဲ့ကြသော်လည်း လူမှုကွန်ရက်အပါအဝင် အချို့သော သတင်းရင်းမြစ်များက တိုက်ခိုက်မှုတွင် တစ်ဦးမက ပါဝင်နေနိုင်သေးကြောင်း ဝေဖန်သုံးသပ်ခဲ့ကြသည်။

တူရကီရှိ နေတိုးအဖွဲ့ဝင်များသည် ဇူလိုင်လအတွင်းက မအောင်မမြင်ဖြစ်ခဲ့သည့် အာဏာသိမ်းကြိုးပမ်းမှုအတွက် အခြေအနေများ ပြန်လည်ငြိမ်သက်မှုရရှိရန်ကြိုးပမ်းလျက်ရှိပြီး အစ္စတန်ဘူလ်နှင့် အန်ကာရာတို့တွင် အိုင်အက်စ် အစွန်းရောက်အဖွဲ့နှင့် ကာ့ဒ်စစ်သွေးကြွအဖွဲ့တို့က လုပ်ဆောင်သည်ဟု ပြောဆိုနေကြသည့် တိုက်ခိုက်မှုများစွာ ပေါ်ပေါက်နေချိန်တွင် ယင်းသေနတ်ပစ်ခတ်မှုက နေတိုးအဖွဲ့ဝင်များအား ထိတ်လန့်တုန်လှုပ်သွားစေခဲ့သည်။ ဘာလင်တွင် ခရစ္စမတ်ဈေး တိုက်ခိုက်ခံရပြီး လူ ၁၂ ဦးသေဆုံးခဲ့ရပြီးနောက် နှစ်သစ်ကူးတွင်ကျရောက်နိုင်ဖွယ်ရှိသည့် အကြမ်းဖက်တိုက်ခိုက်မှု အန္တရာယ်များအတွက် ဥရောပတစ်ခွင်တွင် လုံခြုံရေးသတိပေးမှုများ အဆက်မပြတ် နှိုးဆော်နေသည့်ကြားမှပင် ယခုကဲ့သို့ အကြမ်းဖက်တိုက်ခိုက်မှုမျိုး ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။ တိုက်ခိုက်မှုကျူးလွန်ကာ ထွက်ပြေးသွားသူအား အမြန်ဆုံးဖမ်းဆီးနိုင်ရေး စုံစမ်းစစ်ဆေးမှုများ ဆက်လက်လုပ်ဆောင်နေကြောင်း သိရသည်။ **(ရိုက်တာ)**




သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ရာနေရာအနီးတွင် ရဲတပ်ဖွဲ့ဝင်များလုံခြုံရေးဆောင်ရွက်စဉ်



# သမ္မတပတ် ၎င်းအားစွပ်စွဲပြောဆိုမှုလုပ်ဇာတ်သာဖြစ်ဟု ပြောကြား မှားယွင်းလုပ်ဆောင်မှုအတွက် အရေးယူဆောင်ရွက်ခြင်းကို ငြင်းဆန်

**ဆိုးလ် ဇန်နဝါရီ ၁**

နိုင်ငံတော်သစ္စာဖောက်မှုဖြင့် တရားစွဲဆိုခြင်းခံထားရသည့် တောင်ကိုရီးယား သမ္မတပတ်ဂွန်ဟေးသည် အကျင့်ပျက်ခြစားမှုဖြင့် တရားစွဲဆိုခံထားရသည့် အခြေအနေတစ်ရပ်ကြောင့် တစ်လကြာအောင် တိတ်ဆိတ်နေခဲ့ရသည့် အခြေအနေကို စတင်ဖြိုခွင်းကာ စွပ်စွဲခံထားရမှုများကို ငြင်းဆန်ခဲ့ကြောင်း သိရသည်။

သမ္မတပတ်သည် မှားယွင်းလုပ်ဆောင်မှုအတွက် အရေးယူဆောင်ရွက်ခံရခြင်းကို ငြင်းဆန်ကန့်ကွက်ခဲ့ပြီး ၎င်းအားစွပ်စွဲပြောဆိုထားသည်များမှာ လုပ်ဇာတ်ခင်းခြင်းသာဖြစ်ပြီး မှုသားစကားသက်သက်သာဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့ပြင်သမ္မတပတ်သည် တောင်ကိုရီးယားနိုင်ငံပိုင် ဆမ်ဆောင်းကော်ပိုရေးရှင်း တွဲဖက်ကုမ္ပဏီနှစ်ခုကို စုပေါင်းစီးပွားရေး ကုမ္ပဏီတစ်ခုအဖြစ်သို့ ပေါင်းစပ်တည်ထောင်ရန် ၂၀၁၅ ခုနှစ် တွင် အစိုးရအဖွဲ့အား အမိန့်ပေးအပ်ခဲ့သည်ဟု ၎င်းအားမမှန်မကန် စွပ်စွဲကာ စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်ခြင်း ကိုခံခဲ့ရသည်ဟု ပြောကြားခဲ့သည်။

မစ္စပတ်သည် ၎င်း၏မိတ်ဆွေရင်းဖြစ်သူ ချွိုင်ဆွန်ဆီအား နိုင်ငံရေးကိစ္စရပ်များတွင် ဝင်ရောက်စွက်ဖက်ခွင့်ပေးခဲ့သည် ဆိုခြင်းမှာလည်း မဟုတ်ကြောင်း တနင်္ဂနွေနေ့တွင် ငြင်းဆန်ခဲ့သည်။ ပတ်၏ကံကြမ္မာသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ အဆုံးအဖြတ်ပေါ်တွင် မူတည်လျက်ရှိသည်။**(ရိုက်တာ)**

# သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေပြဌာန်း

*ယမန်နေ့မှအဆက်*

(ဇ) **မိသားစုစောင့်ရှောက်မှု** ဆိုသည်မှာ သက်ကြီးရွယ်အို မိဘ ဘိုးဘွားများအား ၎င်းတို့၏ မိသားစုဝင်များက ကြည့်ရှု စောင့်ရှောက်မှုကို ဆိုသည်။

(ဈ) **အိမ်အခြေပြု၊ ရပ်ရွာအခြေပြုစောင့်ရှောက်မှု** ဆိုသည်မှာ သက်ကြီးရွယ်အိုများအချင်းချင်းဖြစ်စေ၊ မိသားစုမှဖြစ်စေ၊ စေတနာ့ဝန်ထမ်း သို့မဟုတ် အခပေးဝန်ဆောင်မှုပေးသူများအပါအဝင် မိသားစုဝင် မဟုတ်သော အခြားစောင့်ရှောက်သူများမှဖြစ်စေ အိမ်တိုင်ရာရောက် စောင့်ရှောက်မှုပေးခြင်း သို့မဟုတ် ရပ်ရွာပြည်သူလူထု အတွင်း စောင့်ရှောက်မှုပေးခြင်းကို ဆိုသည်။

(ည) **လူမှုရေးစောင့်ရှောက်မှု** ဆိုသည်မှာ စိတ်ခံစားမှုဆိုင်ရာ အကျိုးကျေးဇူးများနှင့် လူမှုရေးနယ်ပယ်ရှိ အပြန်အလှန်ဆက်ဆံမှုတို့ကို ပိုမိုတိုးမြှင့်ရန်အလို့ငှာ တစ်ကိုယ်ရေစောင့်ရှောက်မှုအတွက် လိုအပ်သော အစားအသောက်၊ အသုံးအဆောင်ပစ္စည်းကိရိယာများနှင့် နေ့စဉ်လှုပ်ရှားမှုများအတွက် လိုအပ်ချက်များကို လူမှုရေး အထောက်အပံ့များနှင့်တကွ ဖြည့်ဆည်းစောင့်ရှောက်ပေးခြင်းကို ဆိုသည်။

(ဋ) **ကျန်းမာရေးစောင့်ရှောက်မှု** ဆိုသည်မှာ ရောဂါကြိုတင်ကာကွယ်ခြင်း၊ ရောဂါရှာဖွေစစ်ဆေးခြင်း၊ ကုသခြင်း၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ပေးခြင်းနှင့် အခြားကျန်းမာရေး ဝန်ဆောင်မှုများ ထောက်ပံ့ပေးခြင်းတို့ကို ဆိုသည်။

(ဌ) **ဘိုးဘွားရိပ်သာ** ဆိုသည်မှာ စီးပွားရေးအလို့ငှာဖြစ်စေ၊ စေတနာ့ဝန်ထမ်းပရဟိတဖြစ်စေ သက်ကြီးရွယ်အိုများအား နားခိုရာရိပ်သာ စားသောက်နေထိုင်မှု၊ လူမှုရေးစောင့်ရှောက်မှုနှင့် ကျန်းမာရေး စောင့်ရှောက်မှုများ ထောက်ပံ့ပေးလျက်ရှိသော ရိပ်သာကိုဆိုသည်။

(ဍ) **တည်ထောင်ခွင့်ပြုမိန့်** ဆိုသည်မှာ ဘိုးဘွားရိပ်သာ တည်ထောင်ရန် ဤဥပဒေအရ ထုတ်ပေးသည့် ခွင့်ပြုမိန့်ကို ဆိုသည်။

(ဎ) **သက်ကြီးရွယ်အိုကြည့်ရှုစောင့်ရှောက်ရေးလုပ်ငန်း** ဆိုသည်မှာ စီးပွားရေးအလို့ငှာဖြစ်စေ၊ စေတနာ့ဝန်ထမ်း ပရဟိတဖြစ်စေ သက်ကြီးရွယ်အိုများအား လူမှုရေးစောင့်ရှောက်မှုနှင့် ကျန်းမာရေး စောင့်ရှောက်မှုများအား ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော လူမှုရေး အဖွဲ့အစည်းများက ဆောင်ရွက်သောလုပ်ငန်းကိုဆိုသည်။

(ဏ) **လုပ်ငန်းလုပ်ကိုင်ခွင့်** ဆိုသည်မှာ သက်ကြီးရွယ်အိုကြည့်ရှုစောင့်ရှောက်ရေးလုပ်ငန်းလုပ်ကိုင်ရန် ဤဥပဒေအရ ထုတ်ပေးသည့် ခွင့်ပြုမိန့်ကို ဆိုသည်။

(တ) **ရန်ပုံငွေ** ဆိုသည်မှာ သက်ကြီးရွယ်အိုများအား ထောက်ပံ့ရေးနှင့် ကြည့်ရှုစောင့်ရှောက်ရေးအတွက် ဤဥပဒေအရတည်ထောင်သော ရန်ပုံငွေကို ဆိုသည်။

(ထ) **မတရားပြုကျင့်ခြင်း** ဆိုရာတွင် သက်ကြီးရွယ်အိုအား အစားအသောက် သို့မဟုတ် ဆေးဝါးကို လုံလောက်စွာမပေးခြင်း၊ ရိုက်နှက်ခြင်း၊ နှုတ်ဖြင့်စော်ကားခြင်း၊ တောင်းရမ်းခိုင်းခြင်း၊ ဘေးအန္တရာယ်ဖြစ်စေခြင်း အပါအဝင် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ နှိပ်စက်ညှဉ်းပန်းခြင်းနှင့် မလျော်မကန် ပြုလုပ်ခြင်းတို့ ပါဝင်သည်။

(ဒ) **လျစ်လျူရှုခြင်း** ဆိုသည်မှာ သက်ကြီးရွယ်အိုအား ထိုက်သင့်အားလျော်စွာ တွေ့ဆုံမှုမပြုခြင်း၊ လိုအပ်သော အစားအသောက်များ လုံလောက်စွာဖြည့်ဆည်းမပေးခြင်း သို့မဟုတ် တစ်သီးတခြား ခွဲထားခြင်းကိုဆိုသည်။

(ဓ) **မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ပြည်ထောင်စုအစိုးရအဖွဲ့က ဖွဲ့စည်းသော အမျိုးသားအဆင့် သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီကိုဆိုသည်။

(န) **ဒေသဆိုင်ရာကော်မတီများ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့်မြို့နယ် သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီများကို ဆိုသည်။

(ပ) **ဝန်ကြီးဌာန** ဆိုသည်မှာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကို ဆိုသည်။

(ဖ) **လူမှုဝန်ထမ်းအရာရှိ** ဆိုသည်မှာ ဤဥပဒေပါ လူမှုဝန်ထမ်းအရာရှိ၏ လုပ်ငန်းတာဝန်များကိုထမ်းဆောင်ရန် လူမှုဝန်ထမ်းဦးစီးဌာနက တာဝန်ပေးအပ်ခြင်းခံရသော လူမှုဝန်ထမ်းဦးစီးဌာနမှ ဝန်ထမ်းကိုသော်လည်းကောင်း၊ လူမှုဝန်ထမ်းအရာရှိ၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်နိုင်ရန် တာဝန်ပေးအပ်ခြင်းခံရသော နိုင်ငံ့ဝန်ထမ်း သို့မဟုတ် အခြားသင့်လျော်သော နိုင်ငံသားကိုသော်လည်းကောင်း ဆိုသည်။

(ဗ) **ဘိုးဘွားရိပ်သာတာဝန်ခံပုဂ္ဂိုလ်** ဆိုသည်မှာ ဘိုးဘွားရိပ်သာကို ပိုင်ဆိုင်သူ၊ တည်ထောင်သူ သို့မဟုတ် တာဝန်ယူ၍ စီမံခန့်ခွဲသူကို ဆိုသည်။ ယင်းစကားရပ်တွင် ထိုသူတစ်ဦးဦးက လွှဲအပ်တာဝန်ပေးထားခြင်းခံရသောပုဂ္ဂိုလ်လည်း ပါဝင်သည်။

## အခန်း(၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) သက်ကြီးရွယ်အိုများကို ကျန်းမာရေးစောင့်ရှောက်မှု၊ လူမှုရေး စောင့်ရှောက်မှုမြှင့်တင်ရန်နှင့် လိုအပ်သည့်နည်းပညာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အကူအညီများပေးရန်၊

(ခ) နိုင်ငံတော်နှင့် စေတနာရှင်များက သက်ကြီးရွယ်အိုများအား ထောက်ပံ့ပေးအပ်ခြင်းဖြင့်လည်းကောင်း၊ သက်ကြီးရွယ်အိုများ ဆောင်ရွက်နေသော ဝင်ငွေရလုပ်ငန်းများကို တိုက်တွန်းအားပေးခြင်းဖြင့်လည်းကောင်း သက်ကြီးရွယ်အိုများကို ဝင်ငွေပုံမှန်ရရှိစေရေး ဆောင်ရွက်ပေးရန်၊

(ဂ) သက်ကြီးရွယ်အိုများသည် မိမိကိုယ်မိမိ စောင့်ရှောက်မှု၊မိသားစု စောင့်ရှောက်မှုနှင့် အိမ်အခြေပြု၊ ရပ်ရွာအခြေပြုစောင့်ရှောက်မှု များအား လုံလောက်စွာရရှိစေရန်၊

(ဃ) စောင့်ရှောက်မည့်သူမရှိသည့် ခိုကိုးရာမဲ့ သက်ကြီးရွယ်အိုများနှင့် အိုမင်းမစွမ်းသူများအတွက် ၎င်းတို့ဆန္ဒနှင့်အညီ ဘိုးဘွားရိပ်သာများတွင် နားခိုစောင့်ရှောက်မှုပေးနိုင်ရန်၊

(င) အိမ်အခြေပြု၊ ရပ်ရွာအခြေပြုစောင့်ရှောက်မှုအဖွဲ့များကို တိုးမြှင့်ဖွဲ့စည်းခြင်းဖြင့် လူမှုရေးနှင့် ရပ်ရေးရွာရေးများတွင် သက်ကြီးရွယ်အိုများ ပါဝင်ဆောင်ရွက်ရေးကို တိုးမြှင့်နိုင်ရန်၊

(စ) အမျိုးသားကျန်းမာရေးစောင့်ရှောက်မှုစနစ်များတွင် သက်ကြီးရွယ်အိုများ လွယ်ကူစွာရရှိနိုင်သော ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ ထည့်သွင်းဆောင်ရွက်ပေးနိုင်ရန်၊

(ဆ) လှုပ်ရှားသွားလာနေထိုင်ရေးနှင့် သယ်ယူပို့ဆောင်ရေးတို့တွင် စျေးနှုန်းသက်သာ၍ လွယ်ကူစွာ အသုံးပြုနိုင်သော အထောက်အကူပြုပစ္စည်းများ ပံ့ပိုးပေးနိုင်ရန်၊

(ဇ) သဘာဝဘေးအန္တရာယ်များ ကျရောက်သည့်ကာလနှင့် ပြန်လည်ထူထောင်ရေး ကာလများအတွက် ကယ်ဆယ်ရေးပစ္စည်းများ၊ ငွေကြေးအထောက်အပံ့များ၊ ကျန်းမာရေး စောင့်ရှောက်မှုများနှင့် ကယ်ဆယ်ရေးစခန်းများ စီစဉ်ပံ့ပိုးရာတွင် သက်ကြီးရွယ်အိုများ အတွက် အထူးအလေးထား ဆောင်ရွက်ရန်၊

(ဈ) သက်ကြီးရွယ်အိုများ ဘေးကင်းလုံခြုံစိတ်ချရသော ပတ်ဝန်းကျင် ရရှိနိုင်စေရန်။

## အခန်း(၃)
## မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာကော်မတီဖွဲ့စည်းခြင်းနှင့် တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) ဤဥပဒေပါ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက်လည်းကောင်း၊ သက်ကြီးရွယ်အိုများ၏အခွင့်အရေးများကို ကာကွယ်ရေးနှင့် သက်ကြီးရွယ်အိုများအား ကြည့်ရှုစောင့်ရှောက်ရေးအတွက်လည်းကောင်း၊ မူဝါဒများနှင့် လမ်းညွှန်ချက်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်မှုကို ကြီးကြပ်ခြင်းများပြုနိုင်ရေးအတွက် လည်းကောင်း အောက်ပါပုဂ္ဂိုလ်များပါဝင်သည့် မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီကို ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ | ဥက္ကဋ္ဌ |
| (၂) | ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၃) | ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန် ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန် ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန် ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန် အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၉) | ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၀) | ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန် ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၁) | ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၂) | သက်ဆိုင်ရာစည်ပင်သာယာရေး ကော်မတီများမှ သုံးဦးထက်မပိုသော ကိုယ်စားလှယ်များ | အဖွဲ့ဝင်များ |
| (၁၃) | ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် | အဖွဲ့ဝင် |
| (၁၄) | ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း | အဖွဲ့ဝင် |
| (၁၅) | ပြည်တွင်းရှိ အစိုးရမဟုတ်သော သက်ကြီးရွယ်အိုဆိုင်ရာ အဖွဲ့အစည်းများမှ ငါးဦးထက်မပိုသော သင့်လျော်သည့် ကိုယ်စားလှယ်များ | အဖွဲ့ဝင်များ |
| (၁၆) | ညွှန်ကြားရေးမှူးချုပ် လူမှုဝန်ထမ်းဦးစီးဌာန | အတွင်းရေးမှူး |
| (၁၇) | ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လူမှုဝန်ထမ်းဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

(ခ) လိုအပ်ပါက မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာကော်မတီကိုပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဤဥပဒေ၏ ရည်ရွယ်ချက်များကို ထိရောက်အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လိုအပ်သော မူဝါဒများ၊ လုပ်ငန်းစီမံချက်များနှင့် လမ်းညွှန်ချက်များချမှတ်ခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်စောင့်ကြည့်ခြင်း၊ အကဲဖြတ်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ခ) သက်ကြီးရွယ်အိုများအထူးသဖြင့် အိုမင်းမစွမ်းသူများအား ထိရောက်စွာ ထောက်ပံ့ကူညီရေးနှင့်စောင့်ရှောက်ရေးတို့အတွက် ဝန်ကြီးဌာနမှ တစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် စီမံကိန်း၊ စီမံချက်နှင့် အစီအစဉ်များချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဂ) မိမိ၏ တာဝန်များနှင့် လုပ်ပိုင်ခွင့်များကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်လိုအပ်သော လုပ်ငန်းကော်မတီများ၊ ဆပ်ကော်မတီများနှင့် အကြံပေးအဖွဲ့တို့ကို ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များသတ်မှတ်ပေးခြင်း၊

(ဃ) သက်ကြီးရွယ်အိုများအတွက် မိသားစုစောင့်ရှောက်မှု၊ အိမ်အခြေပြု၊ ရပ်ရွာအခြေပြုစောင့်ရှောက်မှု၊ လူမှုရေးစောင့်ရှောက်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုတို့ကို လည်းကောင်း၊ ထောက်ပံ့ရန် လိုအပ်သော သက်ကြီးရွယ်အိုများနှင့် အိုမင်းမစွမ်းသူများအတွက် ကူညီထောက်ပံ့မှုတို့ကိုလည်းကောင်း လုပ်ငန်းအစီအစဉ်များချမှတ်၍ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့များ၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း၊

(င) ရိုးရာအစဉ်အလာ စံသတ်မှတ်ချက်များအပေါ် အခြေခံတည်ဆောက်ထားသော မိသားစုပုံစံကို ပိုမိုခိုင်မာစေရန် အစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊

(စ) နိုင်ငံတော်က သဘောတူလက်ခံထားသော သက်ကြီးရွယ်အိုများ၏ အခွင့်အရေးဆိုင်ရာ နိုင်ငံတကာ ကြေညာစာတမ်းများ၊ သဘောတူစာချုပ်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဆ) သက်ကြီးရွယ်အိုသက်သေခံကတ်ပြားများ ထုတ်ပေးခြင်းနှင့်စပ်လျဉ်း၍ လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်းနှင့် သက်ကြီးရွယ်အိုများဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ မှန်ကန်စေရန် ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဇ) သက်ကြီးရွယ်အိုများ ကြုံတွေ့ရသည့်ပြဿနာများ၏ အခြေခံအကြောင်းအရင်းများ၊ လိုအပ်ချက်များ၊ လိုအင်ဆန္ဒများကို ဖော်ထုတ်နိုင်မည့် လေ့လာမှုများ၊ သုတေသနပြုခြင်းများ တိုးမြှင့်ဆောင်ရွက်ပြီး ထိရောက်သော လုပ်ငန်းလမ်းညွှန်ချက်များ ချမှတ်ပေးခြင်း၊

(ဈ) သက်ကြီးရွယ်အိုများ၏ ပြဿနာများ၊ လိုအပ်ချက်များ၊ လိုအင်ဆန္ဒများကို ပြည်သူများ နားလည်သဘောပေါက်စေရန် အသိပညာပေးခြင်း၊

(ည) စောင့်ရှောက်ရေးဌာနများ၊ အပန်းဖြေနားနေရန်နေရာများ၊ သက်ကြီးရွယ်အို နေ့ပိုင်း စောင့်ရှောက်ရေးဌာနများနှင့် ဘိုးဘွားရိပ်သာများ တည်ထောင်ဖွင့်လှစ်ခြင်း၊ လမ်းညွှန်ချက်များနှင့် စည်းကမ်းချက်များ ချမှတ်ခြင်း၊ လိုအပ်သောပံ့ပိုးမှုများပေးခြင်း၊

(ဋ) သက်ကြီးရွယ်အိုများကို ပြုစုစောင့်ရှောက်ရေးသည် မျိုးဆက်သစ်လူငယ်များတွင် တာဝန်ရှိသည်ဟူသော ခံယူချက်တိုးပွားလာစေရန် ကျောင်းများနှင့် အခြားသင့်လျော်သောနေရာများတွင် ဟောပြောပွဲများ၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် အခြားအစီအစဉ်များ ပြုလုပ်ပေးခြင်း၊

(ဌ) သက်ကြီးရွယ်အိုများခံစားခွင့်ရှိသော ဝန်ဆောင်မှုများနှင့်ပတ်သက်၍ သတင်းအချက်အလက်များပေးခြင်း၊

(ဍ) မျိုးဆက်သစ်လူငယ်များကို သက်ကြီးရွယ်အိုဘဝအတွက် ကြိုတင်ပြင်ဆင်ခြင်းနှင့် စပ်လျဉ်းသော အစီအမံများကို မိတ်ဆက်ပေးခြင်း၊ သင့်လျော်သော လူမှုဖူလုံရေး အစီအစဉ်များကို စတင်ဆောင်ရွက်ခြင်းနှင့် ၎င်းအစီအစဉ်များတွင် လူငယ်များ ပါဝင်လာရေးအတွက် တိုက်တွန်းအားပေးမှုပြုလုပ်ခြင်း၊

(ဎ) သက်ကြီးရွယ်အိုများ၏ အခွင့်အရေးများနှင့် ကောင်းကျိုးများအား ကာကွယ်ရန်၊ မြှင့်တင်ရန်နှင့် ခွဲခြားဆက်ဆံမှုများအား တားဆီးရန် အတွက် တည်ဆဲဥပဒေများကို ပြန်လည်သုံးသပ်ပြီး လိုအပ်သလို ပြင်ဆင်နိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း၊

(ဏ) ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၆။ ဝန်ကြီးဌာနသည် မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီ၊ လုပ်ငန်းကော်မတီနှင့်ဆပ်ကော်မတီတို့၏ ရုံးလုပ်ငန်းတာဝန်များကို ဆောင်ရွက်ပေးရမည်။

၇။ မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့၏ နိုင်ငံ့ဝန်ထမ်းမဟုတ်သော အဖွဲ့ဝင်များသည် ဝန်ကြီးဌာနက သတ်မှတ်သည့် ချီးမြှင့်ငွေနှင့် စရိတ်တို့ကို ခံစားခွင့်ရှိသည်။

၈။ မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့၏ ကုန်ကျစရိတ်များကို ဝန်ကြီးဌာန၏ ဘဏ္ဍာငွေအရ အသုံးငွေစာရင်းမှ ကျခံရမည်။

*(ဆက်လက်ဖော်ပြပါမည်)*






## မြောက်ဦးမြို့သို့ ပြည်တွင်း ၊ ပြည်ပဘုရားဖူးခရီးသွားဧည့်သည်များပိုမိုရောက်ရှိ

**မြောက်ဦး ဇန်နဝါရီ ၁**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့နယ်၌ ရှေးဟောင်းရခိုင်အမွေအနှစ်ယဉ်ကျေးမှုဒေသရှိ ရှေးဟောင်းသမိုင်းဝင်ဘုရားစေတီပုထိုးများ ၊ ရှေးဟောင်းရခိုင်လူမျိုးများ၏ ယဉ်ကျေးမှုအမွေအနှစ်လက်ရာများ၊ ရခိုင်ဒေသရှိ သဘာဝအလှတရားရှုခင်းများ ၊ ရခိုင်ဒေသအတွင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများ၏နေထိုင်မှု ရိုးရာဓလေ့များကို လေ့လာနိုင်ရန် ရခိုင်ဒေသ မြောက်ဦးမြို့သို့ ၂၀၁၇ ခုနှစ် ဇန်နဝါရီ နှစ်ဦးပိုင်းမှစတင်ကာ ပြည်တွင်း ပြည်ပဘုရားဖူးခရီးသွားဧည့်သည်များ ရောက်ရှိလျက်ရှိကြောင်း သိရသည်။

ရှေးဟောင်းရခိုင်ယဉ်ကျေးမှု အမွေအနှစ်များတည်ရှိရာ ရခိုင်အနုပညာယဉ်ကျေးမှုဗိသုကာလက်ရာများဖြစ်သော သျှစ်သောင်း၊ ထုက္ကန်သိမ် ၊ အံတော်သိမ် ၊ မာန်ငါးပါးနှင့် ရခိုင်ဒေသရှိအထင်ကရနေရာများသို့ ပြည်တွင်း၊ ပြည်ပဘုရားဖူးဧည့်သည်များ ပိုမိုလာရောက်လျက်ရှိသည်။ ယခု မြောက်ဦးမြို့သို့ လာရောက်ကြသော ပြည်တွင်း ၊ ပြည်ပ ဘုရားဖူးခရီးသွားဧည့်သည်များက ရခိုင်ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၊ ရခိုင်အနုပညာဗိသုကာလက်ရာများကို အနီးကပ်တွေ့ရှိလေ့လာရသည့်အတွက် အလွန်ပျော်ရွှင်ကြည်နူးမိကြောင်းနှင့် များစွာအံ့သြမိကြောင်း ပြောကြားသည်။ မြောက်ဦးမြို့သို့ ပြည်တွင်း ၊ ပြည်ပဘုရားဖူးခရီးသွားဧည့်သည်များ လာရောက်လေ့လာလည်ပတ်မှုမှာ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလျက်ရှိကြောင်း သိရသည်။ **( ခရိုင် ပြန် / ဆက်)**

# မြန်မာနိုင်ငံရဲ့ ပထမဆုံးသော အမျိုးသားတိကျစွာတိုင်းတာခြင်း နည်းပညာသိပ္ပံ ရန်ကုန်မြို့၌ စတင်တည်ဆောက်

**ရန်ကုန် ဇန်နဝါရီ ၁**

မြန်မာနိုင်ငံတွင် နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမည့် ပထမဦးဆုံးသော အမျိုးသားတိကျစွာတိုင်းတာခြင်း နည်းပညာသိပ္ပံကို ရန်ကုန်မြို့၌ စတင်အကောင်အထည်ဖော်တည်ဆောက်မည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာန သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနမှ သိရသည်။

မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော အမျိုးသားတိကျစွာ တိုင်းတာခြင်း နည်းပညာသိပ္ပံ (National Institute Of Metrology Myanmar-NIMM) အဆောက်အအုံ ပန္နက်တင်အခမ်းအနားကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီခွဲက ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း အမှတ်(၆)ရှိ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန၌ ကျင်းပသည်။ တိကျစွာတိုင်းတာခြင်းနည်းပညာ (Metrology) သည် သွင်းကုန်ထုတ်ကုန် စီးပွားရေးလုပ်ငန်းများ၊ စက်မှုကုန်ထုတ်လုပ်ငန်းများ၊ ပြည်သူတို့၏ လူနေမှုဘဝတိုးတက်ရေးနှင့် ကျန်းမာရေးစောင့် ရှောက်မှုလုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်ရေးစသည့်လုပ်ငန်းများ၏ အရေးပါသည့် ကဏ္ဍမှရှိနေသည့်အတွက် နိုင်ငံတစ်နိုင်ငံတွင် အထူးလိုအပ်လျက်ရှိသည်။ ယခုကဲ့သို့ မြန်မာနိုင်ငံတွင် အမျိုးသားတိကျစွာ တိုင်းတာခြင်းနည်းပညာသိပ္ပံ



အမျိုးသားစံချိန်စံညွှန်းနှင့် အရည်အသွေးဌာန ဌာနမှူး ဒေါက်တာဇာနည်အောင် (ညွှန်ကြားရေးမှူး)

တည်ထောင်ရခြင်းမှာ နိုင်ငံတကာကဲ့သို့ တိကျစွာတိုင်းတာခြင်းနည်းပညာ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရခြင်းပင်ဖြစ်ကြောင်း သိရသည်။

“အခု အကောင်အထည်ဖော်တည်ဆောက်မယ့် ပထမဦးဆုံးသော အမျိုးသားတိကျစွာ တိုင်းတာခြင်း နည်းပညာသိပ္ပံ (National Institute Of Metrology Myanmar -NIMM) ဟာ နိုင်ငံတော်ရဲ့ အမြင့်ဆုံးဖြစ်လာမယ်။ ဒီနိုင်ငံမှာလည်း ဒါပထမဆုံးတည်ဆောက်တာဖြစ်တယ်။ အဓိကကတော့ ကုန်သွယ်မှုနဲ့ဆိုင်ပါတယ်။ အဓိကက စားသုံးသူ ပြည်သူတွေအတွက် အရေးကြီးဆုံးပဲ။ တိုင်းပြည်ရဲ့ စီးပွားရေးအတွက် အကူအညီပေးမှုကို ပြောရင်လည်း တိုင်းပြည်တစ်ပြည်ရဲ့ စီးပွားရေးမှာ ကုန်သွယ်ရေးက အရေးကြီးတယ်။ ကုန်သွယ်မှုနဲ့ ပတ်သက်ပြီး မသမာမှု ကင်းစင်မယ်။ ယုံကြည်မှုရှိလာမယ်။ ရောင်းလိုက်တဲ့ အခြင်အတွယ်တွေကို နိုင်ငံတကာက ယုံကြည်နေရမယ်။ ယုံကြည်မှုဆိုတာ စီးပွားရေးတစ်ခုရဲ့ အခြေခံတစ်ခုပဲ။ ဒီမှာ တိကျဆုံးသော စံပစ္စည်းတွေ ထိန်းထားမယ်။ အဲဒါကို မူရင်းစံလို့ ခေါ်ပါတယ်။ ပြီးတော့ အာဆီယံတွင်း နိုင်ငံတွေနဲ့လည်း ဒီစံတွေကို နှိုင်းယှဉ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်” ဟု NIMM နှင့်ပတ်သက်၍ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန အမျိုးသားစံချိန်စံညွှန်းနှင့် အရည်အသွေးဌာန ဌာနမှူး ဒေါက်တာဇာနည်အောင်(ညွှန်ကြားရေးမှူး)က ပြောသည်။

အမျိုးသားတိကျစွာ တိုင်းတာခြင်း နည်းပညာသိပ္ပံတွင် အဆင့်မြင့် Laboratory များပါရှိ၍ မြန်မာနိုင်ငံ၏ အမျိုးသားအဆင့်အတိုင်းအတာဆိုင်ရာ စံချိန်စံညွှန်း (National Primary Standards) များကို ထိန်းသိမ်းထားရှိသွားမည်ဖြစ်ပြီး ကုန်သွယ်ရေး၊ စီးပွားရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်နေသော အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် စက်ရုံ၊ အလုပ်ရုံ၊ ဓာတ်ခွဲခန်းများမှ အတိုင်းအတာဆိုင်ရာ ကိရိယာစက်ပစ္စည်းများကို စံဖြင့်တိုက်ကြည့်ခြင်းနှင့် ဥပဒေအရတိုက်ဆိုင်စစ်ဆေးခြင်း စသည့်တိုင်းတာခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများကို နိုင်ငံတကာအဆင့်မီ လုပ်ဆောင်ပေးသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ ပထမဆုံးသော အမျိုးသား တိကျစွာတိုင်းတာခြင်း နည်းပညာသိပ္ပံ အဆောက်အအုံပန္နက်တင်အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အရာရှိများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံ UMFCCI မှ ဥက္ကဋ္ဌများ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ တက်ရောက်ကြသည်။

ပထမဦးဆုံးသော အမျိုးသားတိကျစွာတိုင်းတာခြင်း နည်းပညာသိပ္ပံ (National Institute Of Metrology Myanmar-NIMM)ကို Krts Construction Company က တာဝန်ယူတည်ဆောက်မည်ဖြစ်ပြီး ယခုနှစ်ဘတ်ဂျက်အတွင်း ရာခိုင်နှုန်း ၄၀ နှင့် သတ်မှတ်ကာလ ၁၆ လအတွင်းတွင် အပြီးအကောင်အထည်ဖော်တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**



မြန်မာနိုင်ငံ၏ပထမဆုံးသော အမျိုးသားတိကျစွာတိုင်းတာခြင်း နည်းပညာသိပ္ပံပုံစံငယ်ကို တွေ့ရစဉ်

❁ *ကျောဖုံးမှ*

အဆိုပါ ဂျပန်စတိုင်ဆယ်ပြားဈေး၌ ဆိုင်ခန်းပေါင်း ၅၀ ကျော် ခင်းကျင်းရောင်းချပေးမည်ဖြစ်ကြောင်း၊ ဂျပန်နိုင်ငံထုတ်ပစ္စည်းများအပြင် နိုင်ငံပေါင်းစုံမှ အရည်အသွေးမြင့်ပစ္စည်းများပါ ရောင်းချပေးမည်ဖြစ်ကြောင်း၊ ဂျပန်အစားအသောက်များလည်း ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

ယင်းဂျပန်စတိုင် ဆယ်ပြားဈေးကို ဒီဇင်ဘာ ၄ ရက်က ပြည်သူ့ဥယျာဉ်၌ကျင်းပခဲ့ပြီးနောက် ဒုတိယအကြိမ်အဖြစ် လာမည့် ဇန်နဝါရီ ၄ ရက် လွတ်လပ်ရေးနေ့အခါသမယတွင် ကျင်းပသွားမည်ဖြစ်ကြောင်း၊ ယင်းဈေးမှာ အသုံးပြုပြီးပစ္စည်းများဖြစ်သော်လည်း အရည်အသွေးမြင့်တန်ဖိုးကြီးပစ္စည်းများကို ဈေးပေါပေါဖြင့်ရောင်းချပေးခြင်းကြောင့် လူကြိုက်များသော ဈေးပွဲတစ်ခုဖြစ်ကြောင်း သိရသည်။

ယင်းဂျပန်စတိုင် ဆယ်ပြားဈေးကို ဇန်နဝါရီ ၄ ရက်တွင် ပြည်သူ့ဥယျာဉ်၌ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ တစ်ရက်တည်းသာ ကျင်းပသွားမည်ဖြစ်ကြောင်း၊ တန်ဖိုးကြီးပစ္စည်းနှစ်သက်သူများအတွက် အခွင့်အလမ်းကောင်းတစ်ခုဖြစ်ကြောင်း သိရသည်။

## နေရာကွက်ကျားမိုးရွာနိုင်

**နေပြည်တော် ဇန်နဝါရီ ၁**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့်သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ မြန်မာ့ပင်လယ်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်တောင်ပိုင်း၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးရွာနိုင်သည်။ **(မိုး/ဇလ)**

# ကမ္ဘာအေးဘုရားလမ်းရှိ ဟိုတယ်တစ်ခု၌ နှစ်လောင်းပြိုင် လူသတ်မှုဖြစ်ပွား

**ရန်ကုန် ဇန်နဝါရီ ၁**

၂၀၁၆ ခုနှစ်၏ နောက်ဆုံးလဖြစ်သော ဒီဇင်ဘာ ၃၁ ရက် ည ၇ နာရီကဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းရှိ Excel Tower Royal ၌ နှစ်လောင်းပြိုင် လူသတ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ယင်းဟိုတယ်ရှိ ညှော်ကြိုဝန်ထမ်း မစန္ဒာ(ခ)စန်းရတနာဦး (၂၁နှစ်)အား ၄င်း၏ချစ်သူ ကိုရဲဝင်းက ဟိုတယ်ခြောက်လွှာရှိ အခန်းနံပါတ်(၈)တွင် ရှစ်လက်မအရှည် ဓားဦးချွန်ဖြင့် မစန္ဒာအားထိုးသွင်းခဲ့ရာ ရင်အုံ၌ ထိုးသွင်းဒဏ်ရာ ၁၃ ချက်၊ ခါး၌ ထိုးသွင်းဒဏ်ရာတစ်ချက်၊ ညာပါးပြင်၊ နဖူး၊ ပခုံးနှင့်လက်တို့တွင် ပြတ်ရှဒဏ်ရာရှစ်ချက်ဖြင့်သေဆုံးခဲ့ပြီး ၄င်း၏ချစ်သူကလည်း သူ့ကိုယ်သူ ရင်အုံအား ခုနစ်ချက်ထိုးသွင်း၍ အဆုံးစီရင်ခဲ့ကြောင်း သိရသည်။ အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ဗဟန်းမြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

(၁၆၄)

# သက်ငယ်မုဒိမ်းကျူးလွန်သူကို အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်ချမှတ်

**စလင်း ဇန်နဝါရီ ၁**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် မကျီးပင်ပုကျေးရွာမှ သက်ငယ်မုဒိမ်းမှုကျူးလွန်သူသန်းဦး (၃၆ နှစ်)အား မင်းဘူးခရိုင်တရားသူကြီးရုံးက ပြစ်ဒဏ်ချမှတ်ခဲ့သည်။

အခင်းဖြစ်ပွားပုံမှာ ပြစ်မှုကျူးလွန်သူ သန်းဦး ခဲအိုတော်စပ်သူသည် အသက် ၁၄ နှစ်အရွယ် အဋ္ဌမတန်းကျောင်းသူကို မကျီးပင်ပုရွာမှ စလင်းသို့ ဆိုင်ကယ်ဖြင့် အကြံခေါ်လာပြီး လမ်း၌ သားမယားအဖြစ်ပြုကျင့်ခဲ့ကြောင်း၊ အရွယ်မရောက် သေးသူအား သားမယားအဖြစ်ပြုကျင့်ခဲ့သဖြင့် မိခင်ဖြစ်သူ ဒေါ်ခင်လှမော်က အရေးယူပေးပါရန် စလင်းရဲစခန်းသို့ တိုင်ကြားရာ စလင်းရဲစခန်းက အမှုဖွင့်အရေးယူပြီး မင်းဘူးခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ရာ သန်းဦးအား အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်ချမှတ်ခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

# ၂၀၁၆ ခုနှစ်တွင် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၌ ယာဉ်မတော်တဆမှု ၇၄၄ မှုဖြစ်ပွား

**နေပြည်တော် ဇန်နဝါရီ ၁**

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၌ ၂၀၁၆ခုနှစ် တစ်နှစ်အတွင်း ယာဉ်မတော်တဆမှု ၇၄၄ မှုဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၁၆၇ ဦး၊ ဒဏ်ရာရရှိသူ ၁၃၀၇ ဦးရှိခဲ့ပြီး လအလိုက်ဖြစ်စဉ်များမှာ-

| စဉ် | လအမည် | ဖြစ်ပွားမှုပေါင်း | သေဆုံး | | | ဒဏ်ရာရ | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | |
| ၁ | ဇန်နဝါရီ | ၅၇ | ၆ | ၄ | ၁၀ | ၅၂ | ၃၃ | ၈၅ | |
| ၂ | ဖေဖော်ဝါရီ | ၄၇ | ၈ | ၁ | ၉ | ၄၅ | ၃၀ | ၇၅ | |
| ၃ | မတ် | ၇၀ | ၉ | ၁၄ | ၂၃ | ၇၂ | ၄၆ | ၁၁၈ | |
| ၄ | ဧပြီ | ၆၉ | ၁၂ | ၁၀ | ၂၂ | ၁၂၁ | ၁၁၈ | ၂၃၉ | |
| ၅ | မေ | ၇၃ | ၁၁ | ၃ | ၁၄ | ၅၅ | ၃၈ | ၉၃ | |
| ၆ | ဇွန် | ၅၉ | ၇ | ၂ | ၉ | ၇၀ | ၂၄ | ၉၅ | |
| ၇ | ဇူလိုင် | ၈၀ | ၉ | ၆ | ၁၅ | ၆၆ | ၅၃ | ၁၁၉ | |
| ၈ | ဩဂုတ် | ၇၀ | ၈ | ၄ | ၁၂ | ၇၂ | ၂၈ | ၁၀၀ | |
| ၉ | စက်တင်ဘာ | ၅၀ | ၉ | ၂ | ၁၁ | ၃၉ | ၁၁ | ၅၀ | |
| ၁၀ | အောက်တိုဘာ | ၅၈ | ၃ | ၆ | ၉ | ၆၄ | ၃၆ | ၁၀၀ | |
| ၁၁ | နိုဝင်ဘာ | ၆၁ | ၁၁ | ၄ | ၁၅ | ၇၁ | ၄၆ | ၁၁၇ | |
| ၁၂ | ဒီဇင်ဘာ | ၅၀ | ၁၂ | ၆ | ၁၈ | ၅၆ | ၆၀ | ၁၁၆ | |
| | စုစုပေါင်း | ၇၄၄ | ၁၀၅ | ၆၂ | ၁၆၇ | ၇၈၄ | ၅၂၃ | ၁၃၀၇ | |

**သန်းဦး(လေးမျက်နှာ)**

# နှစ်သစ်ကူးည၌ ဂက်စ်အသုံးပြု ခဲစေ့သေနတ်ဖြင့် ပစ်ခတ်မှုဖြစ်ပွား

**သထုံ ဇန်နဝါရီ ၁**

မွန်ပြည်နယ် သထုံမြို့လယ်ကောင် ရွှေစာရံအဝိုင်း၌ ဒီဇင်ဘာ ၃၁ ရက် ည ၁၂ နာရီဝန်းကျင်ခန့်က နှစ်သစ်ကူးပျော်ပါးနေစဉ် လူငယ်တစ်ဦး သေနတ်အတု (ဂက်စ်အသုံးပြုပစ်ခတ်ရသော ခဲစေ့သေနတ်)ဖြင့် ပစ်ခတ်ခံရမှုတစ်ခု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နှစ်သစ်ကူးည၌ သထုံ ရွှေစာရံအဝိုင်း၌ လူငယ်များစုရုံး ပျော်ပါးနေစဉ် ယာဉ်ကြောပိတ်ဆို့မှု အနည်းငယ်ဖြစ်ပွားခဲ့သဖြင့် စကားများရန်ဖြစ်ကြရာမှ သထုံမြို့ အောက်ကျင်းရပ်ကွက်၌ နေထိုင်သည့် ထွန်းထွန်းဝင်း (၂၃ နှစ်) အား ယာဉ်အမှတ်မသိ၊ Noah အမျိုးအစား ခဲရောင်ယာဉ်ပေါ်မှ အမည် မသိ လူတစ်ဦးက ဆုံလည် ခဲစေ့သေနတ်အတုဖြင့် ပစ်ခတ်ပြီး ယာဉ်ကိုမောင်းနှင်ထွက်ပြေးသွားကြောင်း သိရသည်။

အဆိုပါပစ်ခတ်မှုကြောင့် ထွန်းထွန်းဝင်း၌ ဒဏ်ရာများ(မစိုးရိမ်ရ)ရရှိခဲ့သဖြင့် ခရိုင်ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ကာ ဆေးကုသမှုခံယူလျက်ရှိပြီး ခဲစေ့သေနတ်ဖြင့် ပစ်ခတ်သူအား မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# လှိုင်မြို့နယ် ဗဟိုလမ်းပေါ်၌ ဒဏ်ရာများဖြင့်သေဆုံးနေသူအမျိုးသားနှင့်ပတ်သက်၍ ကျူးလွန်သူအား ဖမ်းဆီးရမိ

**ရန်ကုန် ဇန်နဝါရီ ၁**

လှိုင်မြို့နယ် (၇)ရပ်ကွက် မယ်ဇီကုန်းလမ်းနှင့် သရက်မြိုင်လမ်းကြား၌ အမည်မသိ အသက်(၂၈နှစ်)အရွယ်ခန့် အမျိုးသားတစ်ဦး ဒဏ်ရာများဖြင့် နိုဝင်ဘာ ၁၁ ရက်က သေဆုံးနေကြောင်း သတင်းအရ သေဆုံးသူမှာ မရမ်းကုန်းမြို့နယ်နေ သီဟဇော် (၃၀နှစ်)ဖြစ်သည်။

သေဆုံးသူနှင့် ဆက်သွယ်မှုရှိသူ၊ ရင်းနှီးသူများ၏ နောက်ကြောင်းများ လိုက်လံစုံစမ်းရာ နိုဝင်ဘာ ၉ ရက် ည ၇ နာရီခန့်က အငှားယာဉ် FILDER အမျိုးအစား (ယာဉ်နံပါတ်မမှတ်မိ)က လာရောက်ခေါ်သွားကြောင်းသိရပြီး ယင်းအငှားယာဉ်မောင်းမှာ အမျိုးသမီးတစ်ဦးဖြစ်ကြောင်း၊ သေဆုံးသူ သီဟဇော်အသုံးပြုသော လူမှုကွန်ရက် Facebook တွင် သူငယ်ချင်းဖြစ်သူ ဇင်လေးဆိုသူအား မှတ်တမ်းဓာတ်ပုံရယူ၍ အုပ်ချုပ်ရေးအဖွဲ့များ၊ အမာခံသတင်းပေးများထံ ဇင်လေး၏ ဓာတ်ပုံများ လိုက်လံပြသစုံစမ်းခဲ့ရာ တာမွေမြို့နယ် ကျားကွက်သစ်ရပ်ကွက်၌ နေထိုင်သူဖြစ်ကြောင်း သိရသည်။

၄င်းအား ဖမ်းဆီးရမိရေးအတွက် အဆိုပါရပ်ကွက်အတွင်း စုံစမ်းထောက်လှမ်းဆောင်ရွက်ခဲ့ရာ ၄င်း မောင်းနှင်သည့် ယာဉ်အမှတ် YGN FF /----- FILDER အမျိုးအစားယာဉ်ဖြင့် အငှားယာဉ် မောင်းနှင်နေသူဖြစ်ကြောင်း စုံစမ်းသိရှိရ၍ ဒီဇင်ဘာ ၂၆ ရက် နံနက် ၂ နာရီခန့်တွင် နေအိမ်သို့ပြန်လာသူ မသဇင်ခိုင်(ခ)ဇင်လေး(ခ)သဇင်(ခ)သဇင်ဖြိုး (၃၂နှစ်)အား မော်တော်ယာဉ်နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးရာ ၄င်း၏လက်ကိုင်ဖုန်း၌ နိုဝင်ဘာ ၈ ရက်မှ ၁၂ ရက်အထိ အသုံးပြုခဲ့သည့် ဆက်သွယ်မှုအားလုံးအား ဖျက်ထားသည်ကို မသင်္ကာဖွယ်တွေ့ရှိရသဖြင့် အမှုနှင့် တိုက်ဆိုင်စစ်ဆေးခဲ့သည်။

ဖမ်းဆီးရမိသူ သဇင်(ခ)သဇင်ခိုင်(ခ)သဇင်ဖြိုး(ခ)ဇင်လေးအား စစ်ဆေးရာ နိုဝင်ဘာ ၉ ရက် ညနေ ၆ နာရီခွဲခန့်က ၄င်းသည် တာမွေမြို့နယ် ကျောက်မြောင်းအရှေ့ရပ်ကွက်သို့ ရောက်ရှိနေစဉ် လူမှုကွန်ရက်မှတစ်ဆင့် ခင်မင်သူ သီဟဇော်နှင့် ဖုန်းအဆက်အသွယ်ရှိခဲ့ကြောင်း သိရသည်။ နိုဝင်ဘာ ၁၀ ရက် နံနက် ၂ နာရီခွဲခန့်တွင် ၄င်းတို့နှစ်ဦး KTV ဆိုင်မှ ထွက်လာပြီး ကားလျှောက်မောင်းနေခဲ့ရာ နံနက် ၃နာရီ ခန့်တွင် လှိုင်မြို့နယ် ဗဟိုလမ်းသို့ရောက်ရှိစဉ် ကားရပ်၍ သီဟဇော်အား မောင်းစေပြီး ၄င်းက ယာဉ်ပေါ်၌ အသင့်ဆောင်ထားသော ဓားမြှောင်ဖြင့် လည်ပင်းကို ထိုးခဲ့ကြောင်းနှင့် သီဟဇော်ဝတ်ဆင်ထားသော ဆွဲပြားပါရွှေဆွဲကြိုး၊ ရွှေလက်စွပ်တို့ကို ယူဆောင်ကာ ၄င်းအား အခင်းဖြစ်နေရာ၌ထားခဲ့ကြောင်း၊ ယင်းနောက် ယာဉ်ပေါ်တွင်ကျန်ရှိသည့် သီဟဇော်၏ လက်ကိုင်ဖုန်း၊ လက်ပတ်နာရီ၊ ဖိနပ်တစ်ရန်နှင့် ပြစ်မှုကျူးလွန်စဉ် အသုံးပြုခဲ့သော ဓားမြှောင်တို့ကို ကြွပ်ကြွပ်အိတ်ဖြင့်ထုပ်ကာ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ ကမာကြည်တံတားပေါ်မှ ပုဇွန်တောင်ချောင်းအတွင်း လွှင့်ပစ်ခဲ့ကြောင်း ပေါ်ပေါက်ခဲ့သည်။

ပေါ်ပေါက်ချက်အရ သက်သေခံ မော်တော်ယာဉ်၊ လက်ကိုင်ဖုန်းနှင့် ရွှေထည်ပစ္စည်းများကို ပြန်လည်သိမ်းဆည်းခဲ့ပြီး အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

# မိုင်းဖြတ်မြို့ ဆိုင်းလေကျေးရွာအနီးယာဉ်တိမ်းမှောက်



**မိုင်းဖြတ် ဇန်နဝါရီ ၁**

ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းဖြတ်မြို့နယ် ကျိုင်းတုံ-မိုင်းဖြတ် ပြည်ထောင်စုလမ်းမပေါ်ရှိ ဆိုင်းလေကျေးရွာ မိုင်တိုင်အမှတ် (711/KM )အနီး၌ ဇန်နဝါရီ ၁ ရက် ညနေ ၃ နာရီခွဲက ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျိုင်းတုံမှ မိုင်းဖြတ်သို့ ယာဉ်မောင်း စိုင်းဆောင်ကျောက် (၃၂နှစ်)မောင်းနှင်လာသော ယာဉ်အမှတ် YGN -9G/---- HIJET (အဖြူရောင်)ယာဉ်သည် လမ်းအကွေ့၌ အရှိန်လွန်ပြီးလမ်းဘေးရှိ နမ့်လုံချောင်းချောက်အတွင်းသို့ ထိုးကျတိမ်းမှောက်ခဲ့ရာ ယာဉ်မောင်း စိုင်းဆောင်ကျောက်နှင့် ယာဉ်နောက်လိုက်ပါလာသော ယာဉ်မောင်း မိခင် ဒေါ်နန်းဖောင်းနွန်းတို့နှစ်ဦးမှာ (မစိုးရိမ်ရ) ဒဏ်ရာများရရှိကြသည်။

အဆိုပါဒဏ်ရာရရှိသူ နှစ်ဦးအား မိုင်းဖြတ်မြို့ ပြည်သူ့ဆေးရုံမှ ကျိုင်းတုံ ပြည်သူ့ဆေးရုံသို့ ဆေးဝါးကုသရန် ပို့ဆောင်ခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ယာဉ်အား မဆင်မခြင်မောင်းနှင်သူ စိုင်းဆောင်ကျောက်အား မြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မန္တလေးတွင် နှစ်သစ်ကူးအကြိုအပျော်လွန်သူများအနက် ယာဉ်မတော်တဆမှုများနှင့် ခိုက်ရန်ဖြစ်ပွားမှုများကြောင့် သေဆုံးသူ လေးဦးနှင့် ထိခိုက်ဒဏ်ရာရသူ ၂၃၀ ကျော်ရှိ

**မန္တလေး ဇန်နဝါရီ ၁**

မန္တလေးမြို့၌ ဒီဇင်ဘာ ၃၁ ရက် Happy NewYear ညပိုင်းနှစ်သစ်ကူးအကြို အပျော်လွန်သူများအနက် ယာဉ်မတော်တဆမှုများနှင့် ခိုက်ရန်ဖြစ်ပွားမှုများကြောင့် သေဆုံးသူလေးဦး နှင့်ထိခိုက်ဒဏ်ရာရသူ ၂၃၀ ကျော် ရှိခဲ့ကြောင်း မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး ဆေးလူမှု ဆက်ဆံရေးအရာရှိ ဦးမင်းလွင်က ပြောသည်။

အဆိုပါ စာရင်းများအရ ပြင်ပလူနာအဖြစ် ၁၆၉ ဦး ၊ အတွင်းလူနာ ၆၈ ဦး ၊ သေဆုံးပြီးမှ ရောက်ရှိလာသူ သုံးဦး၊ ဆေးရုံရောက်ပြီးမှ တစ်ဦး စုစုပေါင်း လေးဦးသေဆုံးခဲ့ကြောင်း သိရသည်။

"အခုစာရင်းတွေက ဒီဇင်ဘာ ၃၁ ရက် မနက် ၈ နာရီကနေ ဇန်နဝါရီ ၁ ရက် မနက် ၈ နာရီအထိ စာရင်းသွင်းထားတဲ့ လူနာမှတ်တမ်းတွေဖြစ်ပါတယ်။ ဖြစ်ပွားတဲ့ အချိန်က ည ၁၀ နာရီကနေ မနက် ၂ နာရီအတွင်းမှာ အများဆုံးရောက်လာကြတာပါ။ ယာဉ်မတော်တဆမှုကြောင့် အများဆုံးဖြစ်ပြီး ခိုက်ရန်ဖြစ်ပွားမှုနဲ့ အခြားထိခိုက်ဒဏ်ရာရသူ တချို့လည်း ပါဝင်ပါတယ်"ဟု ဦးမင်းလွင်က ပြောသည်။ နှစ်သစ်ကူးအကြိုညတွင် အပျော်လွန်သူများကြောင့် ဖြစ်ပွားတတ်သည့် ယခုလိုဖြစ်စဉ်များအတွက် မန္တလေး အထွေထွေရောဂါကု ဆေးရုံကြီးအနေဖြင့် ကြိုတင်၍ကုသရေးအတွက် ဆရာဝန် နှင့် သူနာပြုအင်အားကို တိုးမြှင့်ထားပြီး သွေးနှင့်ဆေးဝါးများ အဆင်သင့် ပြင်ဆင်ထားခြင်းနှင့် လူမှုကူညီရေးအသင်းများနှင့် ချိတ်ဆက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားကြောင်း သိရသည်။ **မင်းထက်အောင်**

# လမ်းဘေးအမှိုက်ပုံမှတစ်ဆင့် မီးလောင်

**ကော့သောင်း ဇန်နဝါ ရီ ၁**

ကော့သောင်းမြို့ သီရိမြိုင်ရပ်ကွက် ကော့သောင်းမြို့ အဝင် ဆိုင်းဘုတ်အနီး ကော့သောင်း-ဘုတ်ပြင်းကားလမ်းဘေး တောင်စောင်းတစ်လျှောက် တာဝန်ရှိသူများမှ အမှိုက်မပစ်ရန်တားမြစ်ထားသည့်နေရာ၌ စည်းကမ်းမဲ့ပြည်သူတချို့စွန့်ပစ်သည့် လမ်းဘေးအမှိုက်ပုံမှ ဒီဇင်ဘာ ၃၁ ရက်က မီးလောင်မှုဖြစ်ပွားခဲ့သည်။

အဆိုပါမီးလောင်ကျွမ်းသည့် တောင်စောင်းနေရာတစ်လျှောက်၌ ကော့သောင်းမြို့တွင်းသို့ သွယ်တန်းထားသည့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ တယ်လီဖုန်းကြိုးနှင့် GSM ဖိုင်ဘာကေဘယ်ကြိုးများ သွယ်တန်းထားရှိသည့်နေရာဖြစ်ရာ မီးသတ်တပ်ဖွဲ့ဝင်များနှင့် တာဝန်သိရပ်ကွက်ပြည်သူများအချိန်မီ ဝိုင်းဝန်းငြှိမ်းသတ်နိုင်ခဲ့သဖြင့် တယ်လီဖုန်း ကေဘယ်ကြိုးများသို့ ကူးစက်လောင်ကျွမ်းမှုမရှိခဲ့ခြင်းဖြစ်သည်။

**ကျော်စိုး (ကော့သောင်း)**

# တရားဥပဒေစိုးမိုးရေးသည် နိုင်ငံနှင့်ပြည်သူအတွက် အခြေခံကျသည့် လိုအပ်ချက်တစ်ရပ်ဖြစ်



**မြစ်ကြီးနား ဇန်နဝါရီ ၁**

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့် လုံခြုံရေး တည်ငြိမ်အေးချမ်းရေး တရားဥပဒေစိုးမိုးရေးသည် အပြန်အလှန်အမှီသဟဲပြုနေပြီး တရားဥပဒေစိုးမိုးရေးသည် နိုင်ငံနှင့် ပြည်သူတွေအတွက် အခြေခံကျသည့် လိုအပ်ချက်တစ်ရပ်ဖြစ်ကြောင်း ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ပြောသည်။

မြစ်ကြီးနားမြို့ ပြည်နယ်တရားဥပဒေချုပ်ရုံး စည်းဝေးခန်းမ၌ ဒီဇင်ဘာ ၃၀ ရက်က ကျင်းပသော ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီး ပြည်နယ်ဥပဒေချုပ်များ၊ တိုင်းဒေသကြီး ပြည်နယ်ဥပဒေအရာရှိများ၊ ခရိုင်ဥပဒေအရာရှိများ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးပွဲ၏ အတွေ့အကြုံထပ်ဆင့်ရှင်းလင်းပွဲတွင် အထက်ပါအတိုင်းထည့်သွင်း ပြောကြားခဲ့သည်။

"တရားမျှတမှုရရှိခြင်းဟာ တရားဥပဒေစိုးမိုးရေး၏ သော့ချက်ဖြစ်ကြောင်း တရားဥပဒေစိုးမိုးရေးအတွက် ဥပဒေဖြင့်ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် ဥပဒေအရာရှိများရဲ့ ပြုမူဆောင်ရွက်ချက်တွေဟာ ပတ်ဝန်းကျင်မှာရှိသည့် ပြည်သူများအတွက် တရားမျှတမှုရရှိနိုင်ရေးအပေါ် အကျိုးသက်ရောက်မှုရှိစေရန် ကြိုးပမ်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်" ဟု ၎င်းကဆက်လက်ပြောကြားသည်။

ဆက်လက်၍တက်ရောက်လာကြသောခရိုင်/မြို့နယ်များမှ ဥပဒေအရာရှိများက ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များ၊ ရှေ့ဆက်လုပ်ဆောင်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြခဲ့ကြပြီး တင်ပြချက်များအပေါ် မူတည်၍ ပြည်နယ်ဥပဒေချုပ် ဦးဒီဆင်ရမ်က ဖြည့်စွက်ပြောကြားပေးခဲ့ကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

# မိတ္ထီလာမြို့နယ်အတွင်းရှိ ရွှေခြသေ့ပျောက် ရွှေယင်ဆိုင်းဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်

**မိတ္ထီလာ ဇန်နဝါရီ ၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ကွက်ငယ်ကျေးရွာအုပ်စု ပန်းသွင်းကျေးရွာနှင့် အင်အုံးကျေးရွာအနီးရှိ ရှေးဟောင်းသမိုင်းဝင် ရွှေခြသေ့ပျောက် ရွှေယင်ဆိုင်း ဘုရားကြီး၏ဗုဒ္ဓပူဇနိယပွဲတော်ကို ယခင်နှစ်များကဲ့သို့ပင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဟု သိရသည်။

အဆိုပါ ဘုရားကြီးကို သာသနာ့ဒါယကာ သီရိဓမ္မာ အသောကမင်းကြီး တည်ထားကိုးကွယ်ခဲ့သည်ဟု သိရပြီး မိတ္ထီလာမြို့နယ် ရန်ကုန်-မန္တလေး ကားလမ်းမကြီး အရှေ့ဘက် ကန်တောင်-မောင်းတိုင်လမ်း၊ ကွက်ငယ် ကျေးရွာအုပ်စု ပန်းသွင်းကျေးရွာနှင့် အင်အုံးကျေးရွာ မြောက်ဘက်တွင် တည်ရှိသည်။ ရန်ကုန်-မန္တလေးလမ်းမကြီး အရှေ့ဘက်ရှိ ကန်တောင်ကျေးရွာနှင့် လေးမိုင်ခန့်သာဝေးပြီး ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ် မပျက်ကျင်းပလာခဲ့ရာ ရှေးယခင်ကပင် ဖြစ်သည်ဟု သိရသည်။

ပွဲတော်ရက်များတွင် ဇာတ်ပွဲ၊ အငြိမ့်ပွဲ၊ ဘောလုံးပြိုင်ပွဲ၊ နွားအလှ၊ နွားမောင်းပြိုင်ပွဲများကို ထည့်သွင်းကျင်းပသောကြောင့် ပတ်ဝန်းကျင်ကျေးရွာများနှင့် အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသည်ဖြစ်၍ စည်ကားလှသည်ဟု သိရပြီး ရွှေခြသေ့ပျောက်ရွှေယင်ဆိုင်း ဘုရားကြီး၏ဗုဒ္ဓပူဇနိယပွဲတော်ရက်မှာ နှစ်စဉ်ကျင်းပမြဲဖြစ်သော ပြာသိုလဆန်း ၁၀ ရက်နေ့မှ ပြာသိုလပြည့်နေ့အထိဖြစ်သည်ဟု သိရသည်။

**အတ်ကလေး(ရမည်းသင်း)**

# ဆေးလိပ်ငွေ့ကင်းစင် ရှမ်းပြည်နယ်တစ်ခွင် အထိမ်းအမှတ် စုပေါင်းစက်ဘီးစီးနင်း

**ညောင်ရွှေ ဇန်နဝါရီ ၁**

ဆေးလိပ်ငွေ့ကင်းစင် ရှမ်းပြည်တစ်ခွင် အထိမ်းအမှတ် ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၅ နာရီက ညောင်ရွှေမြို့ဝင် မုခ်ဦးမှ မြို့ဝင်လမ်းအတိုင်း အသွားအပြန် စုပေါင်းလမ်းလျှောက်ပွဲနှင့် စက်ဘီးစီးနင်းပွဲကျင်းပရာ စုပေါင်းလမ်းလျှောက်ပွဲတွင် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံများစု ပေါင်းပါဝင်ဆင်နွှဲခဲ့သည်။ ဆက်လက်၍ လူမှုရေးဝန်ကြီးက ဦးဆောင်၍ စက်ဘီးစီးအားကစားသမားများက ရုံးကြီးလမ်း၊ မိုင်းသောက်လမ်း၊ ဖောင်တော်ပြန်လမ်း၊ ကမ်းနားလမ်း၊ ဖောင်တော်ဆိုက်လမ်းမှ မြို့မအားကစားကွင်းအထိ စုပေါင်းစက်ဘီးစီးနင်းခဲ့သည်။

ဆေးလိပ်ငွေ့ကင်းစင်သော နေရာများဖြစ်ပေါ်လာရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် South East Asia Tobacco Control Alliance (SEATCA) တို့ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ ရှမ်းပြည်နယ်အတွင်းရှိ ညောင်ရွှေမြို့နယ် အင်းလေးဒေသ၊ ပင်းတယမြို့နယ် ရွှေဥမင်လိုဏ်ဂူအနီးတစ်ဝိုက်တွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးကင်းစင်သည့် နေရာအဖြစ်သတ်မှတ်ရန် သဘောတူထားရှိခဲ့ပြီး ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပသည့် 3rd Regional Meeting on Tobacco Control in ASEAN countries တွင် ကြေညာပြီး စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



# ရေနံချောင်း မြို့မဈေး၌ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ ကွင်းဆင်းစစ်ဆေး

**ရေနံချောင်း ဇန်နဝါရီ ၁**

မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်စွာဝင်းဦးစီး၍ စားသုံးသူရေးရာ ဦးစီးဌာနမှ ဝန်ထမ်းများ၊ ရေနံချောင်းမြို့နယ်တာဝန်ရှိသူများပါဝင်သည့် စစ်ဆေးရေးအဖွဲ့သည် ရေနံချောင်းမြို့ မြို့မဈေးအတွင်းရှိ မုန့်ဆိုင်များ၊ ကုန်ခြောက်ဆိုင်များ၊ မုန့်တိုက်များနှင့် စားသုံးဆီအရောင်းဆိုင်များတွင် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ ကွင်းဆင်းစစ်ဆေးခြင်းကို ဒီဇင်ဘာ ၂၆ ရက်က ဆောင်ရွက်ခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မုန့်မျိုးစုံရောင်းဝယ်ရေးဆိုင်များ၌ ထုပ်ပိုးမှုသတ်မှတ်ချက်များနှင့်မကိုက်ညီသော ဒေသတွင်း ထုတ်လုပ်သည့်မုန့်များ၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုမရှိသည့်မုန့်များကို တွေ့ရှိရသည့်အတွက် ထပ်မံတင်ပို့ ရောင်းချခြင်းမပြုရန်နှင့် မုန့်လုပ်ငန်းရှင်များအား အသိပညာပေးရန်အတွက် လိပ်စာနှင့် ဖုန်းနံပါတ်များ တောင်းယူခြင်း၊ အသိပညာပေးဆွေးနွေးခြင်း၊ စားသုံးဆီအရောင်းဆိုင်များတွင် ပြည်သူလူထုအတွက် ကျန်းမာရေးထိခိုက်စေနိုင်သော ရောဆီများကို မရောင်းချရန်နှင့် ရောင်းချလျက်ရှိသော ဆီများကိုလည်း ဆီအမျိုးအစားအလိုက် Label များသတ်မှတ်ရောင်းချရန်တို့ကို ဆွေးနွေးခဲ့သည်။

ထို့နောက် ငါးပိ၊ ငါးခြောက်၊ ငရုတ်သီးမှုန့်၊ အရောင်တင်၊ နန္ဒင်းရောင်းချသောဆိုင်များတွင် ဆိုးဆေးများပါဝင်မှု ရှိ/မရှိ လိုက်လံစစ်ဆေးခဲ့ပြီး စစ်ဆေးရေးအဖွဲ့ဝင်များဖြစ်သည့် မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်စည်ပင် သာယာရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်လျှပ်စစ်၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာနှင့် ကုန်သည်များအသင်းတာဝန်ရှိသူများ ရှေ့မှောက်တွင် ဓာတ်ခွဲစစ်ဆေးရန် နမူနာများ ဝယ်ယူခဲ့ကြကြောင်း သိရသည်။

**ဇေယျတု(မကွေး)**

# ဒီဇင်ဘာလူထုစုပေါင်းလမ်းလျှောက်ပွဲ မချမ်းဘော၌ ကျင်းပ

**မချမ်းဘော ဇန်နဝါရီ ၁**

ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘောမြို့နယ် အားကစားနှင့် ကာယပညာကော်မတီကကြီးမှူးကျင်းပသည့် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ လူထုစုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၃၁ ရက်က မချမ်းဘောမြို့ဂူဘားလမ်းဆုံမှ စတင်ထွက်ခွာသည်။

အဆိုပါလမ်းလျှောက်ပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုဝင်း၊ မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့ပေါ်ရပ်ကွက်ရှိပြည်သူများ၊ ကျောင်းသားကျောင်းသူများက ဂူဘားလမ်းဆုံမှ စတင်ထွက်ခွာ၍ မလိခကြိုးတံတားမှ မြို့ပတ်၍ ပြန်ဝင်လာကာ အထက (မချမ်းဘော)ဘောလုံးကွင်း၌ ကိုယ်ကာယကြံ့ခိုင်ရေးလေ့ကျင့်ခန်းစုပေါင်းလုပ်ဆောင်ပြီး လူစုခွဲခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

**စာပေမြင့်မှ လူမျိုးတင့်မည်**

# သွေးတိုးရောဂါနှင့် လေးဘက်နာရောဂါဆိုင်ရာ အလုပ်ရုံဆွေးနွေး

**ထားဝယ် ဇန်နဝါရီ ၁**

မကူးစက်တတ်သော ရောဂါများဖြစ်စေတတ်သော အကြောင်းအချက်များကို ကာကွယ်ရန်အသိပညာပေးခြင်း၊ လေးဘက်နာရောဂါနှင့် လေးဘက်နာနှလုံးရောဂါကာကွယ်ရေးကို အမျိုးသားကျန်းမာရေး စီမံချက် ၂၀၁၇-၂၀၂၁ လမ်းညွှန်ချက်နှင့်အညီ အကောင်အထည်ဖော်နိုင်ရန် ရည်ရွယ်ချက်ဖြင့် တနင်္သာရီတိုင်းဒေသကြီး သွေးတိုးရောဂါနှင့် လေးဘက်နာရောဂါဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၃၀ ရက်က ထားဝယ်မြို့ သူနာပြုသင်တန်းကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် တနင်္သာရီတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်ဇေယျက အမှာစကားပြောကြားပြီး နှလုံးရောဂါထိန်းသိမ်းရေးစီမံချက်ပါမောက္ခ ဒေါက်တာနွယ်နွယ်က သွေးတိုးရောဂါနှင့် လေးဘက်နာ နှလုံးဆိုင်ရာများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ဆွေးနွေးပို့ချသူ ပါမောက္ခဒေါက်တာနွယ်နွယ် ဦးဆောင်၍ မကူးစက်တတ်သော ရောဂါများဖြစ်စေတတ်သော အကြောင်းအချက်များကို ကာကွယ်ရန်အသိပညာပေးခြင်း၊ လေးဘက်နာရောဂါနှင့် လေးဘက်နာနှလုံးရောဂါကာကွယ်ရေးကို ဆွေးနွေးသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး၊ ထားဝယ်ပြည်သူ့ဆေးရုံကြီးမှ လက်ထောက်ဆရာဝန်များ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ ကျန်းမာရေးမှူးများ၊ အမျိုးသမီး ကျန်းမာရေးဆရာမများ၊ သားဖွားဆရာမများ တာဝန်ရှိသူများနှင့် တက်ရောက်ကြကြောင်း သိရသည်။



**ဖိုးရွှေသွန်း(ထားဝယ်)**

# စပါးဗက်တီးရီးယားရွက်ခြောက်ရောဂါကာကွယ်နှိမ်နင်းဖို့ဆိုရင်

**ဇူလိုင်မိုး(မြန်မာ့အလင်း)**

**ဓာတ်ပုံ-မေမိုးသဲ**



စပါးဗက်တီးရီးယားရွက်ခြောက်ရောဂါသည် ကမ္ဘာ့စပါးစိုက်ပျိုးသောဒေသများ၏ စီးပွားရေးအရအလွန်အရေးကြီးသောရောဂါဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် စပါးဗက်တီးရီးယားရွက်ခြောက်ရောဂါ ကျရောက်မှု အနည်းအများပေါ်မူတည်၍ အထွက်နှုန်း ၅ ဒသမ ၉၉ မှ ၉၀ အထိ ကျဆင်းနိုင်ကြောင်း စိုက်ပျိုးရေးပညာရှင်များထံမှ သိရသည်။

စပါးမျိုးများ၏ စပါးဗက်တီးရီးယားရွက်ခြောက်ရောဂါအပေါ် တုံ့ပြန်မှုများကိုလေ့လာရန်နှင့် ရောဂါကာကွယ်နှိမ်နင်းနည်းအမျိုးမျိုး၏အကျိုးသက်ရောက်မှုများကို သိရှိနိုင်ရန် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် အပင်ရောဂါဗေဒဌာနမှ သုတေသနလုပ်ငန်းများလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ စပါးဗက်တီးရီးယားရွက်ခြောက်ရောဂါသည် မနောသုခ၊ ဆင်းသွယ်လတ်၊ ပြည်တော်ရင်နှင့် ခံနိုင်ရည်မဲ့စံထားမျိုးဖြစ်သော TN 1 မျိုးအားလုံးသည် ခံနိုင်ရည်မဲ့ကြောင်း အဆိုပါဌာနမှ သုတေသနမှတ်တမ်းများအရ သိရသည်။

"စပါးရွက်ခြောက်ရောဂါက ဗက်တီးရီးယားကြောင့် ဖြစ်ပါတယ်။ သူ့ကိုကာကွယ်ဖို့ဆိုရင် အဓိကနံပါတ်တစ်အနေနဲ့ ခံနိုင်ရည်ရှိတဲ့မျိုးတွေကိုအသုံးပြုရပါမယ်။ ဒါပေမယ့် ရောဂါဖြစ်စေတတ်တဲ့ ဗက်တီးရီးယားရဲ့ ကြီးမားတဲ့ကွဲလွဲမှုတွေကြောင့် ခံနိုင်ရည်ရှိမှုတွေက မကြာခဏဆိုသလိုပျက်စီးသွားတတ်ပါတယ်။ ဒါကြောင့် စပါးမျိုးတွေရဲ့စပါးဗက်တီးရီးယားရွက်ခြောက်ရောဂါအပေါ်တုံ့ပြန်မှုကိုလေ့လာဖို့နဲ့ ရောဂါကာကွယ်နှိမ်နင်းနည်းအမျိုးမျိုးရဲ့ အကျိုးပြုမှုတွေကို ဌာနအနေနဲ့ သုတေသနတွေလုပ်ခဲ့ပါတယ်။ စပြီးရောဂါဖြစ်ပေါ်ပြီဆိုရင်တော့ အရွက်ရဲ့ဘေးအနားကနေ ရောဂါဝင်တတ်ပါတယ်။ အရွက်ရဲ့ဘေးအနားမှာ လှိုင်းအတွန့်ပုံစံရောဂါလက္ခဏာရှိမယ်။ ဒီလိုရောဂါလက္ခဏာရှိတဲ့ဟာတွေ၊ ရေနဲ့ထိစပ်နေတဲ့အရွက်တွေ အဲလိုအရွက်တွေကနေစပြီးတော့ ရောဂါဝင်ရောက်တတ်ပါတယ်။ အပင်ရဲ့အောက်အရွက်တွေကိုကြည့်ပြီး အောက်အရွက်တွေဟာ ပုံမှန်အစိမ်းရောင်မဟုတ်တာ၊ ခြောက်သွားတာဆိုရင်လည်း ပုံမှန်ခြောက်သွားတာမဟုတ်ဘဲထူးခြားနေတဲ့ လက္ခဏာတွေ့ရမယ်။ အရွက်တစ်ရွက်လုံး ဆိုရင်လည်းအရွက်တစ်ရွက်လုံးခြောက်သွားတာမဟုတ်ဘဲနဲ့ အရွက်တစ်ရွက်ရဲ့တချို့နေရာတွေမှာ ဝါနေတယ်ဆိုရင် ဒါဟာရောဂါ ဟုတ်မဟုတ် သေချာစမ်းသပ်စစ်ဆေးရမှာဖြစ်ပါတယ်"ဟု အပင်ရောဂါဗေဒဌာနကထိက ဒေါက်တာစိမ့်စမ်းအေးက ပြောသည်။

**စပါးဗက်တီးရီးယား ရွက်ခြောက်ရောဂါကို ကာကွယ်နှိမ်နင်းရာတွင် ရောဂါလက္ခဏာမတွေ့မီ မဲန်ကိုဇက်ဆေးကို ကြိုတင်ဖျန်းထားသင့်ပြီး လက္ခဏာတွေ့သည့် အချိန်တွင်လည်း ဆက်လက်ဖျန်းပေးသင့် . . .**

စပါးဗက်တီးရီးယားရွက်ခြောက်ရောဂါသည် များသောအားဖြင့် အပင်၏နောက်ပိုင်းပင်မှာထွက်ပြီးသည့် အချိန်နောက်ပိုင်းတွင် ကျရောက်တတ်မှုများကြောင်း၊ အာဟာရအများကြီးကျွေးထားသည့် အကွက်များ၊ အကွက်တစ်ကွက်ထဲမှာပင် မြေမညီဖြစ်၍ တစ်နေရာရာတွင် ဟိုက်ဒရိုဂျင်များစုပုံနေမည်ဆိုပါကလည်းအနိမ့်နေရာမျိုးများတွင် ရောဂါအများဆုံးကျရောက်တတ်ကြောင်း သိရသည်။

"ရောဂါဟန့်တားဖို့နည်းဆိုရာမှာ ကွင်းတစ်ကွင်းနဲ့ တစ်ကွင်းရောဂါကျရောက်တဲ့ ကွင်းထဲမှာရှိတဲ့ ရေကနေတစ်ဆင့် ရောဂါမကျရောက်သေးတဲ့ကွင်းကိုလည်း ရောက်သွားနိုင်တဲ့အတွက် ဒါကိုလည်း သေချာလုပ်ဆောင်ရမှာဖြစ်ပါတယ်။ ရောဂါကျရောက်တဲ့ကွင်းနဲ့ နီးရင်လည်း ကိုယ့်ကွင်းကို ရောဂါမကျရောက်အောင် ကြိုတင်ကာကွယ်ရမှာ ဖြစ်ပါတယ်။ ဒီရောဂါက သူ့ရဲ့ပင်မှာအများဆုံးထွက်တဲ့ အချိန်တွေမှာ ကျရောက်တယ်။ အရွက်တွေအားကောင်းတဲ့အချိန်မှာ ကျရောက်တယ်။ အရွက်တစ်ရွက်နဲ့ တစ်ရွက်ချိတ်ဆက်နေတဲ့ဟာတွေကလည်း ရောဂါကျရောက်မှုကို လွယ်ကူစေပါတယ်။ အကောင်းဆုံးကတော့ ခံနိုင်ရည်ရှိတဲ့ မျိုးတွေစိုက်ပေးရမယ်။ အပင်အလွန်စိတ်လွန်းရင်လည်း အပင်တစ်ပင်နဲ့တစ်ပင်ချိတ်ဆက်ပြီး ရောဂါကူးဆက်နိုင်တဲ့အတွက် အပင်အလွန်စိတ်တာကိုလည်း ရှောင်ရပါမယ်။ ဓာတုပိုးသတ်ဆေးတွေကိုသုံးတဲ့အခါမှာလည်း လူတွေရဲ့ကျန်းမာရေးအတွက် မကောင်းတဲ့ဆေးတွေရှိတဲ့အတွက် တောင်သူတွေအနေနဲ့ အထူးသတိပြုသင့်ပါတယ်။ ပြီးတော့ ဓာတုပိုးသတ်ဆေးတွေ အလွန်အကျွံသုံးစွဲတဲ့အခါမှာ စိုက်ခင်းတွေထဲမှာရှိတဲ့ မိတ်ဆွေပိုးတွေကို သေစေနိုင်တဲ့အတွက် အလွန်အကျွံမသုံးစွဲမိဖို့ ပြောချင်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောပြသည်။

ရောဂါကျရောက်တတ်သည့် ကွင်းများ၌ နောက်တစ်နှစ်တွင် သီးလှည့်စိုက်ပျိုးခြင်းဖြင့်လည်းကောင်း၊ ဘက်စုံပိုးမွှားကာကွယ်နှိမ်နင်းနည်းကိုအသုံးပြု၍လည်းကောင်း ကာကွယ်နိုင်ကြောင်း သိရသည်။ သီးလှည့်စိုက်ပျိုးခြင်းသည် ဖျက်ပိုးများ၏ ဦးရေကိုကျဆင်းစေရုံသာမက မိတ်ဆွေပိုးများ၏ဦးရေကိုတိုးပွားစေသည့်အတွက် ကောင်းမွန်သည့် နည်းစနစ်ဖြစ်ကြောင်း သိရသည်။

"ရောဂါကျတဲ့ကွင်းဆိုရင် တစ်နှစ်ခြားသီးနှံပြောင်းစိုက်ပါ။ သီးနှံအလိုက်ပြောင်းစိုက်လို့ရပါတယ်။ ဒီနှစ်လည်းရောဂါကျနေတယ်။ ကာကွယ်နှိမ်နင်းတာမရဘူး။ ဆေးတွေ ဆက်တိုက်ဖျန်းနေမယ်ဆိုရင် ပတ်ဝန်းကျင်အတွက်လည်း မကောင်းသလို လူတွေအတွက်လည်းမကောင်းပါဘူး။ ဒါ့အပြင် စီးပွားရေးအရလည်း တွက်ခြေမကိုက်ပါဘူး"ဟု ဒေါက်တာစိမ့်စမ်းအေးက ဆက်လက်ပြောပြသည်။

အပင်ရောဂါဗေဒဌာနမှ စပါးဗက်တီးရီးယားရွက်ခြောက်ရောဂါကျရောက်သည့် ကျေးရွာအချို့တွင် ရောဂါနှိမ်နင်းနည်းများကို သွားရောက်သုတေသနပြုရာ ရောဂါကျရောက်သည့် ကွင်းများတွင် ပိုတက်ရှ်မြေဩဇာဖျန်းခြင်း၊ မဲန်ကိုဇက်ဆေးဖျန်းခြင်း၊ နွားချေးမှုန့်ဖျန်းခြင်း၊ အကျိုးပြုအဏုဇီဝသက်ရှိများဖျန်းခြင်းတို့ကို မနောသုခ၊ ဆင်းသွယ်လတ်နှင့် ပြည်တော်ရင် စပါးမျိုးများတွင် စမ်းသပ်ခဲ့သည်။ ကာကွယ်နှိမ်နင်းနည်းများအားလုံးတွင် မဲန်ကိုဇက်ဆေးဖျန်းခြင်းသည် အထိရောက်ဆုံးဖြစ်ပြီး ရောဂါဖြစ်ပွားမှုနှုန်းကို အများဆုံးလျှော့ချနိုင်ကြောင်း၊ ပိုတက်ရှ်နှင့် နွားချေးမှုန့်ဖျန်းခြင်းသည် အီးအမ်ဖျန်းခြင်းထက်ပို၍ ထိရောက်မှုရှိသည်ကိုလည်း တွေ့ရှိခဲ့ရကြောင်း သိရသည်။ ထို့ကြောင့် စပါးဗက်တီးရီးယား ရွက်ခြောက်ရောဂါကို ကာကွယ်နှိမ်နင်းရာတွင် ရောဂါလက္ခဏာမတွေ့မီမဲန်ကို ဇက်ဆေးကို ကြိုတင်ဖျန်းထားသင့်ပြီး လက္ခဏာတွေ့သည့် အချိန်တွင်လည်း ဆက်လက်ဖျန်းပေးသင့်ကြောင်း သိရသည်။

# မုန်လာဥစိုက်ပျိုးခြင်းဖြင့် ဈေးကောင်းရောင်းရ၍ အမြတ်များစွာရရှိ

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် မန်ကျီးတောကျေးရွာ တောင်သူများမှာ စပါးနှင့်ဆောင်းသီးနှံများဖြစ်ကြသည့် ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ဘူး၊ ဖရုံ၊ ဖရဲ၊ မုန်လာထုပ်၊ ပန်းမုန်လာ၊ ပဲနှင့်မုန်ညင်းအမျိုးမျိုးတို့ကို အချိန်တိုအတွင်း မိသားစုဝင်ငွေရရှိအောင် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်ကစပါးနဲ့ ဆောင်းသီးနှံနှစ်မျိုးစလုံးစိုက်တယ်။ စပါးကို လယ်မြေမှာစိုက်တယ်။ ဆောင်းသီးနှံစိုက်ပျိုးမှုအနေနဲ့ ယာမြေမှာ ရာသီဥတုနဲ့ လိုက်မယ့် သီးနှံပင်ပဲစိုက်တယ်။ အခုလိုဆောင်းရာသီမှာတော့ တစ်လခွဲလောက်နဲ့ သီးနှံရရှိတဲ့ မုန်ညင်းအဖူး ဒသမ ၅၀ နှင့် မုန်လာဥအဖြူ ဒသမ ၇၀ စိုက်တယ်၊ ဆောင်းမုန်ညင်းက ရာသီပေါ် သီးနှံဖြစ်လို့ ဆေးသိပ်မဖျန်းရဘူး။ မုန်လာဥစိုက်ပျိုးချိန်အနေနဲ့ တန်ဆောင်မုန်းလဆန်းမှာ စတင်စိုက်ပျိုးခဲ့တယ်။ ဆေးသုံးကြိမ်ဖျန်းတယ်။ ရေသုံးကြိမ်ပေးသွင်းရတယ်။ ပေါင်းနုတ်၊ ထယ်ထွန်နှင့် စက်သုံးဆီသုံးဂါလန်အပါအဝင် စိုက်ပျိုးစရိတ်ကုန်ကျမှု တစ်သိန်းခွဲခန့် ကုန်ကျတယ်။ လောလောဆယ်မှာထွက်ရှိ မုန်လာဥလှည်းအစီး ၂၀ တိုက်အထိရရှိ ရောင်းချတာ ငါးသိန်းကျော်ရနေပြီ။ မနှစ်က ဒီချိန်ဆို ဈေးကောင်းမရတော့ သိပ်မမြတ်ဘူး။ အခုနှစ်မှာတော့ စရောင်းကတည်းက ဈေးကောင်းရောင်းရတယ်။ ဖောက်သည် ဈေးနဲ့ရောင်းတယ်။ လက်ရွေးဝယ်မယ်ဆိုရင် ဥတစ်ဥကို ငွေကျပ် ၁၀၀နဲ့ ရောင်းရတယ်။ ဥ ၁၁ လုံးပါ အထုံးတစ်ထုံးဆို ငွေကျပ် ၁၀၀၀ ရောင်းတယ်။ အခြားသော တောင်သူတွေအနေနဲ့ မိသားစုဝင်ငွေတိုးစေမည့် မုန်လာဥမျိုးကို စနစ်တကျနဲ့သာ ဂရုစိုက်စိုက်ပျိုးရောင်းချမယ် ဆိုရင် ကုန်ကျစရိတ်နည်းပြီးအထွက် နှုန်းပိုကောင်းကာ အမြတ်များစွာရရှိနိုင်တဲ့ မုန်လာဥအပင်ကို စိုက်ပျိုးသင့်ပါတယ်"ဟု တောင်သူဦးနေဝင်းအောင်က ပြောပြသည်။



**သန်းထိုက်(ရေဦး)**

# ရွှေဝါရောင်ပိုးဖလံကောင်များ ပျံ့နှံ့နေမှု စစ်ဆေး

ပဲခူးတိုင်းဒေသကြီး၊ အနောက်ပိုင်းအတွင်းရှိ မြို့နယ်အချို့တွင် ဒီဇင်ဘာလတတိယပတ်မှစ၍ ယားယံမှုများကို ဖြစ်စေသော ရွှေဝါရောင် ပိုးဖလံကောင်များ ပျံ့နှံ့ရောက်ရှိနေမှုနှင့် ပတ်သက်၍ စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲ(ရုံးချုပ်) လ/ထ ညွှန်ကြားရေးမှူး ဒေါက်တာခင်ခင်မာလာမြင့် ဦးဆောင်သောအဖွဲ့နှင့် မြို့နယ်စိုက်ပျိုးရေးဌာနတို့ ပူးပေါင်း၍ ဒီဇင်ဘာ ၂၈ ရက်တွင် ဇီးကုန်းမြို့ အမှတ်(၁)ရပ်ကွက်ရုံးခန်းမ၌ ရှင်းလင်းဆွေးနွေးခဲ့သည်။

ဒေါက်တာ ခင်ခင်မာလာမြင့်က ရှင်းလင်းပြောကြားရာတွင် ယခုတွေ့ရှိရသော ရွှေဝါရောင်ပိုးဖလံကောင်များမှာ သီးနှံဖျက်ပိုးမဟုတ်သဖြင့် တောင်သူများအတွက် စိုးရိမ်စရာမရှိကြောင်း၊ ထိုပိုးကောင်များကို ဓာတ်ခွဲစမ်းသပ်မှုများလည်း ပြုလုပ်ဆောင်ရွက်ထားပြီးဖြစ်၍ အထူးစိုးရိမ်စရာအဆင့်မဟုတ်ကြောင်း၊ ပိုးဖလံတို့၏ အမွေးအတောင်များမှတစ်ဆင့် ယားယံမှုများဖြစ်စေသည့်အတွက် ထိရောက်သောနည်းများဖြင့် နှိမ်နင်းရာတွင် ရေစိုကပ်ခွာများချိတ်ဆွဲ၍ ထောင်ခြောက်ဆင်ဖမ်းခြင်း၊ အဝတ်ကို ဒီဇယ်ဆီဖြင့်ဆွတ်၍ ပိုးဥများကို တွေ့လျှင် ပွတ်ချေ၍ နှိမ်နင်းခြင်း၊ မီးထောင်ချောက်ဆင်၍ နှိမ်နင်းရာတွင် ရေဇလုံတစ်ခုအလယ်တွင် ဖယောင်းတိုင်(သို့)မီးစတစ်ခုထွန်းညှိ၍ ယင်းနေရာတစ်ဝိုက်ကို မီးမှောင်ချထားခြင်းဖြင့် မီးကိုနှစ်သက်သော ပိုးဖလံများမှာ ရေထဲသို့ကျရောက်စေခြင်းဖြင့် ဟန့်တားနိုင်ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသူများက သိလိုသော မေးခွန်းများကို မေးမြန်းကြရာ စိုက်ပျိုးရေးဦးစီးဌာန ပဲခူးတိုင်းသီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်တင်တင်ထွေး၊ သီးနှံကာကွယ်ရေးဌာနခွဲ(ရုံးချုပ်)နှင့် ခရိုင်စိုက်ပျိုးရေးဦးစီးမှူး၊ ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံတို့က ကဏ္ဍအလိုက်ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ကိုသက်(ဇီးကုန်း)**

# စဉ်ဆက်မပြတ် မြန်မာ့ငါးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်

**သိမ့်သိမ့်မိုး(မြန်မာ့အလင်း)၊ ဓာတ်ပုံ-သိခ်**

မြန်မာနိုင်ငံ၏ ငါးလုပ်ငန်းကဏ္ဍစီမံခန့်ခွဲမှုများကို ငါးလုပ်ငန်းဦးစီးဌာနက ဆောင်ရွက်လျက်ရှိရာတွင် ငါးလုပ်ငန်းဦးစီးဌာန၏ မျှော်မှန်းချက်မှာ ငါးသယံဇာတများကို ထိန်းသိမ်းခြင်းဖြင့် မျက်မှောက်ကာလ အမျိုးသားထုတစ်ရပ်လုံး ငါးရိက္ခာဖူလုံရုံသာမက အနာဂတ်မျိုးဆက်သစ်များ ငါးရိက္ခာဖူလုံစေရေးအတွက်ပါ ရေရှည်စဉ်ဆက်မပြတ် ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန် မျှော်မှန်းဆောင်ရွက်လျက်ရှိသည်။

ငါးသယံဇာတများသည် ပြန်လည်ဖြည့်စွမ်းနိုင်သော်လည်း မကုန်ခန်းနိုင်သည့်အရာများ မဟုတ်သဖြင့် နိုင်ငံ၏ တိုးတက်လာသည့်လူဦးရေနှင့်အမျှ စားနပ်ရိက္ခာဖူလုံစေရေး၊ အာဟာရဓာတ်ပြည့်ဝစေရေး၊ ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူစားသုံးနိုင်စေရေး၊ ငါးလုပ်ငန်းများ ရေရှည်တည်တံ့စေရေး၊ ငါးထုတ်လုပ်မှုတိုးတက်စေရေးနှင့် ငါးသယံဇာတထိန်းသိမ်းရေးလုပ်ငန်းများသည် ငါးလုပ်ငန်းဦးစီးဌာနမှ ရေရှည်စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် လုပ်ငန်းများဖြစ်ကြောင်း ရေချိုငါးလုပ်ငန်းများကို တည်ဆဲရေချိုငါးလုပ်ငန်းဥပဒေ ၁၉၉၁ ခုနှစ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်ဆိုင်ရာ ရေချိုငါးလုပ်ငန်း ဥပဒေများဖြင့် လည်းကောင်း၊ ရေငန်ငါးလုပ်ငန်းများကို မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေ ၁၉၉၀ခုနှစ်၊ နိုင်ငံခြားငါးဖမ်းရေယာဉ်များ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေ ၁၉၈၉ ခုနှစ် ဖြင့် လည်းကောင်း၊ ငါးမွေးမြူရေးလုပ်ငန်းများကို ငါးမွေးမြူခြင်းဆိုင်ရာ ဥပဒေ ၁၉၈၉ ခုနှစ်ဖြင့် လည်းကောင်း စီမံကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်မော်က ပြောသည်။


ထို့အပြင် ပြောင်းလဲလာသည့် ခေတ်စနစ်များနှင့်အညီ မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေ၊ နိုင်ငံခြားငါးဖမ်းရေယာဉ်များ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေနှင့် ငါးမွေးမြူခြင်းဆိုင်ရာ ဥပဒေများကို ပြန်လည်ပြင်ဆင်ရေးဆွဲလျက်ရှိပြီး ထိုဥပဒေများတွင် နိုင်ငံတကာနှင့် အာဆီယံဒေသတွင်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်နိုင်မည့် အချက်များကို ဖြည့်စွက်ထည့်သွင်းရေးဆွဲထားရှိကြောင်း၊ ထိုဥပဒေများ ပြင်ဆင်ရေးဆွဲရာတွင် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများ၊ ငါးလုပ်ငန်းပညာရှင်များ၊ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ ပညာရှင်များ၊ တက္ကသိုလ်မှ ပါမောက္ခများကို ဖိတ်ကြား၍ အကြံဉာဏ်များရယူခဲ့ကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ်ငါးသယံဇာတတည်ရှိမှုအား ၁၉၇၉-၁၉၈၀ ခုနှစ်တွင် နော်ဝေးနိုင်ငံမှ Dr. Fridtjof Nansen သုတေသန ရေယာဉ်ဖြင့် ပူးပေါင်းတိုင်းတာခဲ့ရာ နှစ်စဉ်မျိုးသုဉ်းမှုမရှိစေဘဲ ငါးဖမ်းဆီး ထုတ်လုပ်နိုင်သောပမာဏ (Maximum Sustainable Yield MSY) မှာ ရေပေါ်လွှာငါးမက်ထရစ်တန် ၀ ဒသမ ၅၅ သန်းကျော်နှင့် ရေအောက်ငါး မက်ထရစ်တန် ၀ ဒသမ ၅ သန်းကျော်၊ စုစုပေါင်းမက်ထရစ်တန် ၁ ဒသမ ၀၅ သန်း ဖော်ထုတ်ရရှိခဲ့ကြောင်း၊ ငါးလုပ်ငန်းဦးစီးဌာန၏ စာရင်းဇယားများအရ သိရပြီး ၂၀၀၉-၂၀၁၀ခုနှစ်မှစ၍ ရေငန်ငါးဖမ်းဆီးထုတ်လုပ်မှုမှာ နှစ်စဉ်မက်ထရစ်တန် နှစ်သန်းကျော်ဖြစ်သဖြင့် ငါးအလွန်အကျွံဖမ်းဆီးမှု ဖြစ်ပေါ်နေကြောင်း သိရသည်။

၂၀၁၃ ခုနှစ်တွင်လည်း BOB-LME Project နှင့် Norwegian Agency for Development Cooperation–NORAD အထောက်အပံ့ဖြင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းရေပြင်၌ သိပ္ပံနည်းကျငါးလုပ်ငန်းနှင့် အဏ္ဏဝါဇီဝမျိုးကွဲပြားမှု စစ်တမ်းကောက်ယူခြင်းကို Dr. Fridtjof Nansen သုတေသနရေယာဉ်ဖြင့် ဆောင်ရွက်ခဲ့ရာ သုတေသနပြုလုပ်ချက်အရ ရေပေါ်လွှာ ငါးထုထည်ပမာဏ မက်ထရစ်တန် ၀ ဒသမ ၁၁ သန်းနှင့် ရေအောက်လွှာ ငါးထုထည် ၀ ဒသမ ၂၈ သန်း ဖြစ်ကြောင်း၊ Fish Density မှာ 2.8 ton/sqkm ဖော်ထုတ်ရရှိခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဝင်းထံမှ သိရသည်။

၂၀၁၅ ခုနှစ်တွင်လည်း ၎င်းရေယာဉ်ဖြင့် ထပ်မံသုတေသနပြု စစ်တမ်းကောက်ယူခဲ့ရာ ရေပေါ်လွှာ ငါးထုထည်ပမာဏ မက်ထရစ်တန် ၀ ဒသမ ၂ သန်းနှင့် ရေအောက်လွှာငါးထုထည် ၀ ဒသမ ၄၂ သန်းဖြစ်ကြောင်း၊ Fish Density မှာ ၄ ဒသမ ၂ ton/sqkm ဖြစ်ကြောင်း တွေ့ရှိရပြီး သုတေသနရလဒ်များကို ၂၀၁၆ ခုနှစ်တွင် အတည်ပြုထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

"ငါးဖမ်းဆီးထုတ်လုပ်မှုလုပ်ငန်းများကို ရေရှည်စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရေးအတွက် ငါးသယံဇာတတည်ရှိမှု အခြေအနေများကို ငါးသယံဇာတ ပြုန်းတီးမှုမရှိစေဘဲ နှစ်စဉ်ဖမ်းဆီးထုတ် လုပ်နိုင်မှုပမာဏ (Maximum Sustainable Yield -MSY)၊ တစ်နာရီ ငါးအထိအမိ ( Catch per Unit Effort)၊ ငါးလုပ်ငန်းဆိုင်ရာ စံအညွှန်းကိန်းများ (Fisheries Indicators) များကို စောင့်ကြည့်လေ့လာပြီး စီမံခန့်ခွဲမှုများ ဆောင်ရွက်လျက်ရှိပါတယ်။




မြန်မာ့ကမ်းရိုးတန်း ငါးဖမ်းကွက် နေရာပြမြေပုံ

လေ့လာချက်တွေအရ မြန်မာ့ပင်လယ်ပြင်အတွင်း ငါးသယံဇာတများလျော့နည်းလာတာကတော့ ငါးဖမ်းရေယာဉ်စင်းရေ ပိုမိုများပြားလာခြင်းနဲ့ စွမ်းအားမြင့်စက်ကိရိယာများ ပိုမိုအသုံးပြုလာခြင်း၊ ပိုက်ကွက်စိပ်များအသုံးပြုခြင်းအပါအဝင် တားမြစ်ငါးဖမ်းကိရိယာတွေ အသုံးပြုခြင်း၊ တားမြစ်ငါးဖမ်းကာလနဲ့ တားမြစ်ငါးဖမ်းကွက်များအတွင်း ဝင်ရောက်ဖမ်းဆီးခြင်း၊ အသုံးမပြုတော့သည့် ငါးဖမ်းကိရိယာများကို စနစ်တကျစွန့်ပစ်မှုမရှိခြင်း၊ ပြည်တွင်း / ပြည်ပလိုင်စင်မဲ့ ငါးဖမ်းရေယာဉ်များ များပြားလာခြင်းနဲ့ ရာသီဥတုပြောင်းလဲလာခြင်းတွေကြောင့် ဖြစ်တယ်လို့သုံးသပ်တွေ့ရှိပါတယ်" ဟု ၎င်းက ဆက်ပြောသည်။

ထို့အပြင် လုပ်ငန်းရှင်များအနေဖြင့် ပင်လယ်ပြင်တွင် ငါးသယံဇာတ လျော့နည်းလာသဖြင့် ငါးဖမ်းရေယာဉ်များ ငါးဖမ်းဆီးသည့် ရက်ပိုမိုကြာမြင့်လာခြင်း၊ ကုန်ကျစရိတ်ပိုမိုများ ပြားလာခြင်း၊ ငါးအရွယ်အစားသေးငယ်လာခြင်း၊ စီးပွားဖြစ်ငါးမျိုးစိတ်များ ဖမ်းဆီးရမိမှု နည်းပါးလာခြင်းတို့ကြောင့် ပြည်ပဈေးကွက်တင်ပို့နိုင်မှုကျဆင်းလာခြင်း၊ စက်ရုံအလုပ်ရုံများအတွက် ကုန်ကြမ်းရရှိမှုနည်းပါးခြင်းစသည့် အကျိုးဆက်များ ခံစားရမည်ဖြစ်ကြောင်း သိရသည်။

ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ငါးသယံဇာတပြုန်းတီးမှု ဖြစ်ပေါ်စေသည့် အဆိပ်ချ၊ မိုင်းခွဲ၊ လျှပ်စစ်ဖြင့် ငါးဖမ်းဆီးခြင်း၊ ပိုက်ကွက်စိပ်များဖြင့်ဖမ်းဆီးခြင်းများကိုတားမြစ်ခြင်း၊ နိုင်ငံခြားငါးဖမ်းရေယာဉ်များအား Fishing Righ အစီအစဉ်ဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုခြင်းကို ၁-၄-၂၀၁၄ ခုနှစ်မှစတင်၍ ရပ်ဆိုင်းခဲ့ပြီး ဒယဉ်ဆွဲငါးဖမ်းရေယာဉ်များတွင် လိပ်နှင့် ငါးငယ်များ လွတ်မြောက် စေသည့် TED (Turtle Excluder Device) နှင့် JTED (Juvenile and Trash Fish Excluder Device) များ တပ်ဆင်အသုံးပြုစေခြင်း၊ ကမ်းဝေးငါးဖမ်းရေယာဉ်များတွင် ငါးဖမ်းရေယာဉ် စောင့်ကြည့်ထိန်းချုပ်ရေးကိရိယာ VMS (Vessel Monitoring System) တပ်ဆင်အသုံးပြုစေခြင်းများ ဆောင်ရွက်လျက်ရှိပြီး အလွန်အကျွံ ငါးဖမ်းဆီးခြင်းကို လျှော့ချနိုင်ရေးအတွက် ကျောက်ငါး၊ ကကတစ်၊ ငါးပါးနီစသည့်ငါးမျိုးများ၊ ရေငန်ပုစွန်နှင့် ကဏန်းမွေးမြူခြင်းများ၊ ရေမှော်မွေးမြူခြင်းများကို တိုးပွားလာစေရေး စည်းရုံးအားပေးကူညီဆောင်ရွက်ခြင်း၊ ငါးအုပ်များပြန်လည်တိုးပွားရေးအတွက် ကကတစ်၊ ကျောက်ပုစွန်၊ ပုစွန်များကို ပင်လယ်ပြင်သို့ မျိုးစိုက်ထည့်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်မော်ထံမှ သိရသည်။

ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ငါးဖမ်းစွမ်းအားစုများကို ထိန်းချုပ်ခြင်း (Fishing Pressure) (ငါးဖမ်းကိရိယာ/ နည်းကို ကန့်သတ်ခြင်း၊ (Fishing Gear Type) Trawl/ Drift Gill Net/ Stow Net ဘုံကျောင်း၊ Explosive and Poisoning/ Purse seine)၊ ငါးဖမ်းရေယာဉ်များကိုကန့်သတ်ခြင်း (Limited Number of Fishing Vessels)၊ငါးမဖမ်းရရာသီနှင့် ငါးမဖမ်းရဧရိယာ သတ်မှတ်ခြင်း၊ (Closed Season / Closed Area)၊ ငါးဖမ်းရက်လျှော့ချခြင်း (Limited Fishing Day)၊ငါးအထိအမိကို ထိန်းချုပ် ခြင်း (Total Allowable Catch-TAC)များကို တည်ဆဲဥပဒေများနှင့်အညီ စီမံခန့်ခွဲဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

" ငါးလုပ်ငန်းဦးစီးဌာနနေနဲ့ ငါးသယံဇာတထိန်းသိမ်းရေးအတွက် ငါးမဖမ်းရရာသီနဲ့ ငါးမဖမ်းရဧရိယာများနဲ့ ငါးဖမ်းကွက်အားလုံးအတွက် ကျယ်ကျယ်ပြန့်ပြန့်ထိရောက် စွာသတ်မှတ်ဆောင်ရွက်ခြင်း ၂၀၁၃ ခုနှစ်မှစတင်ပြီး ဆောင်ရွက်ခဲ့ရာ လုပ်ငန်းရှင်များရဲ့ ပူးပေါင်းဆောင်ရွက်မှုကြောင့် ယခု ၂၀၁၆ -၂၀၁၇ ငါးဖမ်းရာသီ အစကတည်းက ကုန်တက်များ သိသာစွာတိုးတက်ရရှိခဲ့တာကို လက်တွေ့တွေ့မြင်နေရပြီဖြစ်ပါတယ်။ ဈေးကွက်ဝင် ငါးသလောက်ငါးများ ယမန်နှစ်ဖမ်းဆီး ရရှိမှုထက် ရှစ်ဆခန့် ပိုမိုဖမ်းဆီးရရှိခဲ့ပြီး ငါးကြီးငါးကောင်းများ ကုန်ချိန်ပိုမိုဖမ်းဆီးရမိကြောင်း၊ ငါးတံခွန်အထိအမိများကာ စီးပွားရေးတွက်ခြေကိုက်နေကြတယ်လို့ ရေလုပ်ငန်းရှင်များ၏ ပြောကြားချက်အရ သိရှိခဲ့ရတဲ့အတွက် ငါးသယံဇာတထိန်းသိမ်းရေးဆောင်ရွက်ခဲ့မှုရဲ့ အကျိုးကျေးဇူးရလဒ်များကို တွေ့ရှိပါတယ်" ဟု ဦးထွန်းထွန်းဝင်းက ပြောသည်။

ယခုကဲ့သို့ငါးလုပ်ငန်း၏ အကျိုးကျေးဇူးများကို ရေလုပ်ငန်းအား အမှီသဟဲပြုလုပ်ကိုင်နေကြသူများသာ တိုက်ရိုက်ခံစားရခြင်းဖြစ်ပြီး နောင်လာနောက်သားများက ဒီအကျိုးကျေးဇူးများကို ဆက်လက်ခံစားသွားနိုင်ရန်အတွက် သယံဇာတထိန်းသိမ်းရေးလုပ်ငန်းတစ်ခုဖြစ်သည့် ငါးမဖမ်းရရာသီနှင့် ငါးမဖမ်းရ ဧရိယာသတ်မှတ်ခြင်းကို နှစ်စဉ် မဖြစ်မနေ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၆-၂၀၁၇ခုနှစ် ငါးဖမ်းရာသီအတွက် မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်တွင် ငါးမဖမ်းရရာသီနှင့် ငါးမဖမ်းရဧရိယာ သတ်မှတ်နိုင်ရေးကို ဒီဇင်ဘာ ၂၈ ရက်က အလုပ်ရုံ ဆွေးနွေးပွဲကျင်းပပြီး ငါးမဖမ်းရရာသီ၊ ငါးမဖမ်းရဧရိယာသတ်မှတ်နိုင်ရန်၊ ငါးဖမ်းရေယာဉ်များကို ရာခိုင်နှုန်းမည်မျှဖမ်းဆီးခွင့်ပြုရန်နှင့် ရေရှည်သယံဇာတထိန်းသိမ်းရေးအတွက် အဓိကထားဆွေးနွေးခဲ့ပြီး ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် လုပ်ငန်းရှင်များက လောင်စာဆီကုန်ကျစရိတ်များခြင်း၊ ပင်လယ်ပြင်တွင် ငါးအထိအမိ နည်းပါးခြင်း၊ ရာသီဥတု ဆိုးရွားမှုကြောင့် ငါးဖမ်းဆီးသည့်ရက်နည်းပါးခြင်း တို့ကြောင့် ငါးဖမ်းရက်တိုးမြှင့်ပေးရန် လုပ်ငန်းရှင်များ၏ တင်ပြမှုအရ ၂၀၁၂ခုနှစ်တွင် ငါးဖမ်းရက် ၉၀ သတ်မှတ်ခြင်းကို ဖြေလျှော့ခွင့်ပြုပေးခဲ့သော်လည်း ရေလုပ်သားများအတွက် ပင်လယ်ပြင်တွင် နေထိုင်ရသည့်ရက်ကြာမြင့်ခြင်းကြောင့် ကျန်းမာရေးထိခိုက်နိုင်ခြင်း၊ မိသားစုနှင့် ကင်းကွာနေသည့်အတွက် လူမှုရေး/စီးပွားရေးအရ ဆုံးရှုံးနစ်နာမှုများရှိခြင်း၊ ပင်လယ်ပြင်အတွင်းအလုပ်ချိန် ကန့်သတ်မှုမရှိခြင်း၊ပင်လယ်ပြင်အတွင်းတရားမဝင်ငါးဖမ်းဆီးမှုများပြားနိုင်ခြင်း၊ အလုပ်ရှင်/ အလုပ်သမား အခွင့်အရေးဆိုင်ရာ ပြဿနာများ၊ တရားမဝင်လူကုန်ကူးမှုပြဿနာများနှင့် မူးယစ်ဆေးဝါးပြဿနာများ ဖြစ်ပွားလာနိုင်ခြင်းတို့ကြောင့် မြန်မာ့ပင်လယ်ပြင်တွင် ငါးဖမ်းဆီးသည့်ရက်နှင့် ငါးဖမ်းလှေစင်းရေကန့်သတ်နိုင်ရေး ရှင်းလင်းပြောကြားခဲ့ကြောင်း ၎င်းက ကဆက်လက်ပြောပြသည်။

ငါးလုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် တာဝန်ရှိအသိစိတ်ဓာတ်ဖြင့် ငါးလုပ်ငန်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ကြောင်း FAO မှ ပြဋ္ဌာန်းထားသည့် Code of Conduct for Responsible Fisheries တာဝန်ရှိ အသိစိတ်ဓာတ်ဖြင့် ဆောင်ရွက်ရမည့် ငါးလုပ်ငန်းကျင့်ဝတ်များတွင် ဖော်ပြပါရှိရာလုပ်ငန်းရှင်များ အနေဖြင့် ဖမ်းဆီးရေးကဏ္ဍနှင့် မွေးမြူရေးကဏ္ဍများတွင် ငါးလုပ်ငန်းဆိုင်ရာ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် နိုင်ငံတကာနှင့် ဒေသတွင်းလမ်းညွှန်ချက်များကို လိုက်နာခြင်း၊ ဂေဟစနစ်နှင့် လိုက်လျောညီထွေမှုရှိသည့် ငါးလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် ငါးလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် သဘာဝတရားကြီးမှ ဖန်တီးပေးအပ်ထားသည့် မြန်မာ့ပင်လယ်ပြင်အတွင်းရှိ ငါးသယံဇာတထိန်းသိမ်းနိုင်ရန် နှစ်စဉ်မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်တွင် ငါးမဖမ်းရရာသီနှင့် ငါးမဖမ်းရဧရိယာသတ်မှတ်ခြင်းကို ရေရှည်ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး (Sustainable Fisheries Development) နှင့် ငါးသယံဇာတများထိန်းသိမ်းစောင့်ရှောက်ရေး (Resources Conservation) ကိုဟန်ချက်ညီညီ ကြီးကြပ်စီမံနိုင်ရေးအတွက် ရေလုပ်ငန်းနှင့်ပတ်သက်နေသူများ အားလုံးပူးပေါင်း ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ခြင်းဖြင့် သားစဉ်မြေးဆက်ခံစားနိုင်မည်ဖြစ်သည်။

## ချက်ကြံသီးနှံ တောင်သူကွင်းသရုပ်ပြပွဲ ကျင်းပ

ခုနှစ်တွင် မြန်မာနိုင်ငံ၏ စက်မှုကုန်ကြမ်းသီးနှံတစ်မျိုးဖြစ်သည့် ကြံသီးနှံသည်အထွက်နှုန်းများ ကောင်းမွန်ပြီးဈေးနှုန်းမှာလည်း ယခင်နှစ်များနှင့်မတူဘဲ တစ်တန်လျှင် ငွေကျပ် ၅၆၀၀၀ ပေး၍ စက်ရုံများမှ ဈေးပြိုင်ပေးဝယ်ယူလျက်ရှိကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧက တန် ၇၀ မှ ၁၀၀ အတွင်း ထွက်ရှိပြီး စိတ်ပါဝင်စားသည့် စိုက်ပျိုးတောင်သူ ယခင်ကထက်များပြားလာကြောင်း ဒီဇင်ဘာ ၂၈ ရက်က စိုက်ပျိုးရေး ဦးစီးဌာနမှ နေပြည်တော် လယ်ဝေး မြို့နယ် အေလာကျေးရွာကွင်းအမှတ် ၁၇၃၈ တောင်သူ ဒေါ်သန်းဌေး၏ ချက်ကြံသီးနှံစိုက်ကွက်အတွင်း ကျင်းပသည့် တောင်သူကွင်းသရုပ်ပြပွဲ၌ ဒေသခံတောင်သူများထံမှ သိရသည်။

အဆိုပါသရုပ်ပြပွဲတွင် ချက်ကြံသီးနှံမျိုးများယှဉ်ပြိုင်စိုက်ပျိုးပြသခြင်း၊ စိုက်နည်းစနစ်များ စိုက်ပျိုးပြသခြင်းနှင့် လမိုင်းထားစိုက်ပျိုးခြင်းတို့ကို တောင်သူများအားပြသခဲ့သည်။

တစ်ဧကအကျိုးအမြတ်အများဆုံးရရှိရေးအတွက် စိုက်ပျိုးထုတ်လုပ်ရာတွင် စိုက်နည်းစနစ်နှင့် မျိုးရွေးချယ်အသုံးပြုမှုမှန်ကန်စေရေး လမိုင်းထားခြင်းဖြင့် စိုက်ပျိုးပါက တောင်သူများအထွက်နှုန်းတိုးတက်ပြီး စီးပွားရေးတွက်ခြေကိုက်မည်ဖြစ်ကြောင်း၊ ယခုလက်ရှိကြံ တစ်တန်ဈေးနှုန်း မြင့်မားလာပြီဖြစ်သည့်အတွက် မိမိတို့ရွေးချယ်လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများကို အသိပေးခြင်းပင်ဖြစ်ကြောင်း" ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းမြင့် (စက်မှုသီးနှံပညာပေး) ကပြောကြားသည်။



ယခုလာမည့် ၂၀၁၇-၂၀၁၈ ခုနှစ် လယ်ဝေးမြို့၏ ကြံစိုက်ရာသီတွင် ခင်းသစ်စိုက်ပျိုးခြင်းနှင့် လမိုင်းအပါအဝင် ဧက ၈၀၀၀ ခန့်စိုက်ပျိုးကြမည်ဖြစ်ကာ မျိုးလိုအပ်မှုရှိသောကျေးရွာများအတွက် မျိုးသစ်ရရှိရေးနှင့် အသစ်ထပ်မံတိုးချဲ့စိုက်ပျိုးလိုသော ကျေးရွာများကိုလည်း နည်းပညာရရှိရေး တောင်သူပညာပေးခြင်းများ ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ် ကြောင်း သိရသည်။ (၀၁၄)

# ၂၀၁၆ ခုနှစ်အတွင်း စားဖိုဆောင်ကုန်စည်ဈေးနှုန်း အပြောင်းအလဲ



**ခင်ဆိုင်၊**
**ဓာတ်ပုံ-သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**

၂၀၁၆ ခုနှစ်အတွင်း စားဖိုဆောင်ကုန်စည်အများစု၏ဈေးနှုန်းများ အမြင့်ဆုံးသို့မြင့်တက်မှုရှိသည်။ ၂၀၁၅ ခုနှစ်အတွင်း အမြင့်ဆုံးဖြစ်ခဲ့သော ကြက်သွန်နီနှင့် မတ်ပဲ -ပဲစင်းငုံနီဈေးနှုန်းများမှာမူ ၂၀၁၆ ခုနှစ်အတွင်းတွင် ၂၀၁၅ ခုနှစ် အမြင့်ဆုံးဈေးနှုန်းများထက် များစွာလျော့နည်းသဖြင့် ယင်းကုန်စည်လှောင်လက်များ အကျိုးအမြတ်ရရှိမှု ၂၀၁၅ ခုနှစ်ထက် လျော့နည်းခဲ့သည်။

သကြားအသစ် ထွက်ပေါ်ချိန်ဖြစ်သော်လည်း မူဆယ်နယ်စပ်သို့အပို့များသဖြင့် ပြည်ပတစ်ဆင့်ပို့ကုန် Re Export ဖြစ်သော နိုင်ငံစုံမှ တင်သွင်းလာသည့် သကြားဈေးနှုန်းများမှာ ၂၀၁၆ နှစ်ကုန် လပိုင်းများတွင် ထူးခြားစွာ ဈေးနှုန်းမြင့်လျက်ရှိသည်။ ပြည်ပဈေးနှုန်း မြင့်မားမှုနှင့်အတူ ငွေလဲလှယ်နှုန်း မြင့်တက်မှုကြောင့် ပြည်တွင်းတွင် စားအုန်းဆီဈေးနှုန်းများမှာ တစ်ပိဿာလက်ကားဈေးနှုန်း ငွေကျပ် ၁၉၀၀ မှ ၂၀၀၀ ဝန်းကျင်သို့ ၂၀၁၆ နှစ်ကုန်ပိုင်းတွင် မြင့်တက်လာရှိသည်။

ထန်းလျက်၊ သကြား၊ ကြူကုတ်ကြက်သွန်ဖြူ၊ ရှမ်းကြက်သွန်ဖြူ၊ ကုလားပဲခြမ်း၊ မိုးထောင်ငရုတ် ၊ မန်ကျည်း၊ ကြံသကာဈေးနှုန်းများမှာလည်း အမြင့်တွင်ရှိနေသည်။ မြေပဲဆန်ဈေးနှုန်းကျဆင်းမှုကြောင့် မြေပဲဆီဈေးနှုန်းမှာ ၂၀၁၆ နှစ်ကုန်ပိုင်းတွင် ၂၀၁၅ ထက် ဈေးနည်းနေဆဲဖြစ်သည်။

ကြက်သွန်နီဈေးနှုန်းသည် ၂၀၁၆ တွင် အမြင့်ဆုံးဈေးသို့မရောက်သော်လည်း ရှမ်းကြက်သွန်ဖြူနှင့်ကြူကုတ်ကြက်သွန်ဖြူ ဈေးနှုန်းမှာ ၂၀၁၆ ခုနှစ်တွင် အမြင့်ဆုံးဈေးနှုန်းသို့ ရောက်ရှိနေသည်။ ၂၀၁၆ နိုဝင်ဘာ ၂၃ ရက်တွင် နယ်စပ်ကုန်သွယ်ရေး ယာယီရပ်ဆိုင်းချိန်အကြောင်းပြု၍ ကြူကုတ်တစ်ပိဿာ ငွေကျပ် ၅၀၀၀-၅၁၀၀ သို့ မြင့်တက်ခဲ့သည်။ ကြူကုတ်ကြက်သွန်ဖြူဈေးမြင့်တက်မှုနှင့်အတူ ပြည်တွင်းအထွက်နည်းသော ရှမ်းကြက်သွန်ဖြူတစ်ပိဿာ လက်ကား ဈေးနှုန်းမှာလည်း ၂၀၁၆ ခုနှစ် နိုဝင်ဘာ -ဒီဇင်ဘာလတို့တွင် အရွယ်အစားပေါ်မူတည်၍ ငွေကျပ် ၄၂၀၀ မှ ၅၂၀၀ အတွင်းသို့ မြင့်တက်လာခဲ့သည်။

၂၀၁၁ ခုနှစ်တွင် ရှမ်းကြက်သွန်ဖြူ အလုံးကြီးတစ်ပိဿာ လက်ကားဈေးနှုန်း ငွေကျပ် ၄၉၀၀၊ ကြူကုတ်ကြက်သွန်ဖြူ တစ်ပိဿာငွေကျပ် ၄၀၀၀ ဝန်းကျင် အထိသာမြင့်တက်ခဲ့ရာမှ ၂၀၁၆ ခုနှစ်တွင် အမြင့်ဆုံးဈေးနှုန်းအဖြစ် စံချိန်တင်လာသည်။ ရှမ်းအာလူးအလုံးကြီး တစ်ပိဿာလျှင် ငွေကျပ် ၁၀၉၀ အထိ ၂၀၁၆ ဇူလိုင် ၂၂ ရက်တွင် ဈေးမြင့်ခဲ့သည်။ နှစ်ကုန်ပိုင်းတွင်မူ ငွေကျပ် ၉၅၀ သာရှိသည်။

၂၀၁၆ နှစ်လယ်နောက်ပိုင်း ငရုတ်အထွက်နည်းသည်ဆိုကာ မိုးထောင်ငရုတ်တစ်ပိဿာ လက်ကားဈေးနှုန်း ငွေကျပ် ၃၀၀၀ ဝန်းကျင်မှ ငွေကျပ် ၄၄၀၀ သို့မြင့်တက်လာသည်။ သို့သော် ပြည်ပမှတင်သွင်းလာသော အိန္ဒိယငရုပ်ရှည်မှာ တစ်ပိဿာငွေကျပ် ၄၀၀၀ မှ ၄၅၀၀ အတွင်းသာရှိသည်။ မိုးထောင်ငရုတ်ကဲ့သို့ ဈေးနှုန်းထူးခြားစွာ မြင့်တက်မှုမရှိပါ။ ၂၀၁၆ နှစ်ဦးပိုင်း ဖေဖော်ဝါရီ ၂ ရက်တွင် အိန္ဒိယငရုတ်ရှည်တစ်ပိဿာငွေကျပ် ၅၅၀၀၊ ကျောက်ရဲငရုတ်ရှည်တစ်ပိဿာ ငွေကျပ် ၄၉၀၀ အထိ မြင့်တက်ခဲ့သည်။

အောက်တိုဘာလကုန်မှစ၍ ပြည်တွင်းတွင် သကြားစက်များလည်ပတ်၍ သကြားအသစ်များ ထွက်ပေါ်လာသည်။ သို့သော် ပြည်တွင်းသကြားဈေးကွက်တွင် နယ်စပ်ပို့ ပြည်ပကတင်ပို့ကုန်အပြင် သကြားတင်ပို့မှုအတွက် နိုင်ငံစုံသကြားများ တင်သွင်းမှုများသဖြင့် ဒီဇင်ဘာလ တတိယပတ်မှာပင် သကြားတစ်ပိဿာ လက်ကားဈေးနှုန်းငွေကျပ် ၁၆၀၀ ဝန်းကျင်သို့ မြင့်တက်လာခဲ့သည်။ ၂၀၁၆ မေ ၇ ရက်တွင် သကြားတစ်ပိဿာ လက်ကားဈေးနှုန်းငွေကျပ် ၉၈၀ သာရှိရာမှ နှစ်ကုန်တွင် တစ်ပိဿာငွေကျပ် ၆၀၀ ဝန်းကျင် ဈေးမြင့်တက်လာခြင်းဖြစ်သည်။ မန်ကျည်းအသစ်ထွက်ပေါ်ရန် အချိန်နီးလာသော်လည်း ၂၀၁၆ ခုနှစ် ဒီဇင်ဘာလကုန်ပိုင်းတွင် အသား မန်ကျည်းတစ်ပိဿာ လက်ကားဈေးနှုန်း ငွေကျပ် ၃၅၀၀ အထိဈေးမြင့်နေဆဲရှိသည်။

၂၀၁၃ နှင့် ၂၀၁၄ ခုနှစ်တွင် ကုလားပဲခြမ်း တစ်ပိဿာလက်ကားဈေးနှုန်း ငွေကျပ် ၁၀၀၀ သာရှိရာမှ ၂၀၁၅ တွင် ငွေကျပ် ၂၆၀၀-၂၇၀၀ သို့ မြင့်တက်လာခဲ့သည်။ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင်မူ တစ်ပိဿာငွေကျပ် ၃၈၀၀-၄၀၀၀ သို့ ဈေးနှုန်းအမြင့်သို့ ရောက်ရှိခဲ့သည်။ ကုလားပဲခြမ်းအစား တစ်ပိဿာလျှင် ငွေကျပ် ၁၂၅၀-၁၃၆၀ နှုန်းရှိသော စားတော်ပဲ (ပဲပြုတ်ပဲ) အစားထိုးသုံးစွဲမှုရှိလာသည်။

ပဲစင်းငုံနီ RC တစ်တန်ဈေးနှုန်းမှာ ၂၀၁၆ ဇန်နဝါရီ ၁၃ ရက်တွင် ငွေကျပ် ၁၅၉၇၅၀၀ ထိ ဈေးမြင့်တက်ခဲ့သည်။ ၂၀၁၅ ခုနှစ် ဩဂုတ် ၂၁ ရက်တွင်မူ ပဲစင်းငုံနီ RC တစ်တန်ဈေးနှုန်းမှာ ငွေကျပ် ၁၇ သိန်းရှိခဲ့သည်။

၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်တွင်မူ မတ်ပဲ RC တစ်တန် ငွေကျပ် ၁၁၂၂၀၀၀၊ SQ,RC တစ်တန် ငွေကျပ် ၁၂၅၅၀၀၀၊ ပဲစင်းငုံနီ RC တစ်တန် ငွေကျပ် ၈၄၇၅၀ နှုန်းသာရှိရာ ဈေးနှုန်းမှာ ၂၀၁၆ ခုနှစ်အတွင်း အမြင့်ဆုံးဖြစ်ခဲ့သောဈေးနှုန်းများထက် တစ်တန်လျှင်ငွေကျပ်ခုနှစ်သိန်းဝန်းကျင်ဈေးနည်းနေသည်။ ၂၀၁၅ ခုနှစ် အမြင့်ဆုံးဈေးနှုန်းထက် ၂၀၁၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် မတ်ပဲတစ်တန် ငွေကျပ် ၁၃ သိန်းဝန်းကျင်၊ ပဲစင်းငုံနီ RC တစ်တန် ငွေကျပ်ရှစ်သိန်းဝန်းကျင် ဈေးနှုန်းရှိပြီး ဈေးနှုန်းနည်းနေသည်။

၂၀၁၆ မိုးမြေပဲအသစ်ထွက်ပေါ်ချိန်တွင် မြေပဲဆီလက်ကားတစ်ပိဿာ ဈေးနှုန်းမှာ ငွေကျပ် ၄၀၀၀- ၄၂၀၀ သာရှိသည်။ ၂၀၁၅ တွင် မြေပဲဆီ တစ်ပိဿာ လက်ကားဈေးနှုန်း ငွေကျပ် ၇၀၀၀ ဝန်းကျင်အထိ ဈေးမြင့်ခဲ့သော်လည်း ၂၀၁၆ ခုနှစ်တွင် ယင်းဈေးနှုန်းအမြင့်သို့ မရောက်ရှိခဲ့ဟု သိရသည်။

၂၀၁၆ ခုနှစ်တွင် စားဖိုဆောင်သီးနှံအများစု ဈေးနှုန်းမြင့်တက်မှုနှင့်အတူ ပြည်တွင်းဈေးကွက်သို့ ပြည်ပမှ ကြက်သွန်နီ၊ အာလူး၊ ငရုတ်ရှည်၊ သကြား၊ စားအုန်းဆီ၊ ကြူကုတ်ကြက်သွန်ဖြူ၊ ကုလားပဲခြမ်းများ ဝင်ရောက်မှုများပြားခဲ့သည်။



# ဆောင်းသီးထပ် ပဲတီစိမ်းစိုက်ပျိုးသော တောင်သူများနှင့် တွေ့ဆုံဆွေးနွေး

**ကိုကျော်(သုံးခွ)**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် သိုက်တူးကန်ကျေးရွာအုပ်စုမှ ဥရောပသမဂ္ဂနိုင်ငံများသို့ တင်ပို့ရန် G.A.P ၊ G.H.P စနစ်ဖြင့် စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလျက်ရှိသော ပဲတီစိမ်းစိုက်ခင်းများကို ဒီဇင်ဘာ ၂၈ ရက်က စိုက်ပျိုးရေး ဦးစီးဌာန(ရုံးချုပ်) မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုနှင့် တိုင်းဒေသကြီးဦးစီးမှူး(ညွှန်ကြားရေးမှူး) ဦးကိုကိုကြီးတို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး Bright Light Co., Ltd.မှ တာဝန်ရှိသူ ဦးမောင်မြင့်အပါအဝင် လယ်သမားများနှင့် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ထိုသို့ဆွေးနွေးရာတွင် စိုက်ပျိုးရေး ဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ်က သီးနှံများ စိုက်ပျိုးထုတ်လုပ်ရာတွင် အစားအစာများ ဘေးကင်းလုံခြုံရေးနှင့် တောင်သူလယ်သမားမိသားစုများ ကျန်းမာရေးအတွက် G.A.P၊ G.H.P စနစ်သည် အလွန်အရေးကြီးကြောင်း၊ ပိုးသတ်ဆေးများကိုမလိုအပ်ဘဲ အလွန်အကျွံမသုံးသင့်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်အားကစားခန်းမ၌ပြုလုပ်သော မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် (MRF) နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော တောင်သူလယ်သမားများ၏ လယ်ယာထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေးနှင့် အရည်အသွေးမြင့်တင်ရေးတို့အတွက် အကူအညီပေးမည့် လုပ်ငန်းဆွေးနွေးပွဲသို့လည်း တက်ရောက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ လက်ပန်ကျေးရွာနှင့် နန်းခလဲကျေးရွာတို့၌ ကိုရီးယားနိုင်ငံအကူအညီဖြင့် ဆောင်ရွက်နေသော မြန်မာဆယ်မားအူးလ် အွန်ဒုံကျေးရွာ သစ်စီမံကိန်း ဆောင်ရွက်ပြီးစီးမှုများကိုလည်း ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

# မိုးစပါးအထွက်နှုန်းနှင့် အထွက်မှန်ကန်ရေးစစ်တမ်းကောက်၊ စံကွက်ရိတ်သိမ်း

၂၀၁၆-၂၀၁၇ ခုနှစ် မိုးစပါးအထွက်နှုန်းနှင့် စုစုပေါင်းအထွက်မှန်ကန်ရေးစစ်တမ်းကောက်ယူနိုင်ရန်အတွက် ကိုယ်စားပြုစံကွက်ရိတ်သိမ်းခြင်းကို ဒီဇင်ဘာ ၂၈ ရက်က စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ် ဇရစ်ကျေးရွာအုပ်စုတွင် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ရိတ်သိမ်းခဲ့သည်။

ထိုသို့ စံကွက်ရိတ်သိမ်းရာတွင် ကွင်းအမှတ်( ၅၇၉ - က ) အတွင်း မိုးစပါးစိုက်ဧရိယာ ၁၅၅ ဧကရှိသည့်အနက် ရောမင်းစပါးမျိုး ၅၉ ဧကမှ “ညံ့”ဧရိယာ ၁၂ ဧကအား ကိုယ်စားပြုသည့် ဦးပိုင်အမှတ်(၁၃) ဧရိယာ ၀ ဒသမ ၂၈ ဧကရှိ တောင်သူ ဒေါ်ဝင်းမာ၏ စပါးစိုက်ခင်းတွင် ၀ ဒသမ ၁၀ ဧက စံကွက်ရိတ်သိမ်းခဲ့ရာ တစ်ဧကအထွက်နှုန်း ၅၄ ဒသမ ၅၀ တင်း ထွက်ရှိကြောင်းသိရသည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှူး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး၊ ဇရစ်ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**




# ဆောင်းမြေပဲ မျိုးစေ့ထုတ် ကွင်းသရုပ်ပြ

**ခင်ဦးစိုးဝေ**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ကျောက်မြောင်းမြို့ ဒေသအတွင်းရှိ ဝွေးပင်ကုန်းကျေးရွာနေ တောင်သူဦးသိန်းတန်၏ ကွင်းအမှတ်(၂၇၁၅)၊ ဦးပိုင် (၄၄) စံပြစိုက်ကွက် ၁၀ ဧကတွင် စိုက်ပျိုးထားသော ဆောင်းမြေပဲ (ဆင်းပဒေသာ-၁၁) မျိုးစေ့ထုတ်စံပြကွက် ကွင်းသရုပ်ပြပွဲကို ဒီဇင်ဘာ ၂၈ ရက်က ကျင်းပခဲ့သည်။

အဆိုပါကွင်းသရုပ်ပြပွဲတွင် တာဝန်ရှိသူများက ကွင်းအတွင်းစိုက်ပျိုးထားသော ဆောင်းမြေပဲမှာ အပင်စိုက်ရက် ၁၀၀-၁၀၅ ရက်ကြာမြင့်ပြီး အပင်တစ်ပင်တွင် အောင်တောင့် ၂၀ မှ ၂၅ တောင့်ပါရှိပြီး အဆန်ထွက်နှုန်းမှာ ၇၄ ရာခိုင်နှုန်းရှိကြောင်း၊ အစေ့ ၁၀၀ အလေးချိန်မှာ ၄၀-၄၅ ဂရမ်ရှိကာ တစ်ဧကလျှင်တင်း ၇၀ မှ ၇၅ တင်းထွက်ရှိကြောင်း ရှင်းလင်းပြောကြားရာ တောင်သူများက သိရှိလိုသည်များကို မေးမြန်းကြကြောင်း သိရသည်။

## ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲကျင်းပ

**မတ္တရာ ဇန်နဝါရီ ၁**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် ညောင်ကုန်း(တောင်)ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ တည်ဆောက်ပြီးစီးသွားပြီဖြစ်သော ထူးမြတ်ရွှေကျောင်းဆောင်သစ် ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ဒီဇင်ဘာ ၃၀ ရက်က ကျင်းပခဲ့သည်။

ကျောင်းဆောင်သစ်ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းလွင်၊ မြို့နယ်ပညာရေးမှူး ဦးဝင်းအောင်နှင့် အလှူရှင် ဦးရွှေဘတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်ပညာရေးမှူးတို့က အမှာစကားပြောကြားကာ အလှူရှင်က ကျောင်းဆောင်သစ်နှင့်ပတ်သက်သော အချက်အလက် စာရွက်စာတမ်းများကို မြို့နယ်ပညာရေးမှူးထံ လွှဲပြောင်းပေးအပ်သည်။

ထူးမြတ်ရွှေ ကျောင်းဆောင်သစ်သည် အလျား ၄၄ ပေ၊ အနံ ၂၁ ပေရှိကာ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း အဆောက်အအုံဖြစ်ပြီး ကျောင်းဆောင်အဆောက်အအုံနှင့်အတူ နှစ်ခန်းတွဲရေလောင်းအိမ်သာ၊ လေးယောက်ထိုင်စာသင်ခုံ အလုံး ၂၀၊ တစ်ယောက်ထိုင်ခုံနှင့် စားပွဲများ စုစုပေါင်း တန်ဖိုး ကျပ်သိန်း ၅၀၀ ကျော်ကို အလှူရှင်က လှူဒါန်းခဲ့ကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

## တန်းမြင့်မြေတိုင်းတာခြင်းနှင့် လုပ်ငန်းခွင်မြေတိုင်းတာခြင်း သင်တန်းဆင်းပွဲ တိုက်ကြီးမြို့နယ်၌ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနက ဖွင့်လှစ်ခဲ့သော တန်းမြင့်မြေတိုင်းတာခြင်းနှင့် မြေစာရင်းသင်တန်း အမှတ်စဉ်(၂၃)နှင့် လုပ်ငန်းခွင်မြေတိုင်းတာခြင်းနှင့် မြေစာရင်းသင်တန်း အမှတ်စဉ်(၄၀) သင်တန်းဆင်းပွဲများကို ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဇဟိုမြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေး သင်တန်းကျောင်း၌ ဒီဇင်ဘာ ၃၀ ရက်က ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲသို့ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူး ကျောင်းအုပ်ကြီး ဦးမျိုးဦး၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ ဦးစီးအရာရှိများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား ၃၄၀ တက်ရောက်ကြပြီး ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ကျောင်းအုပ်ကြီးက အမှာစကားပြောကြားသည်။

သင်တန်းတွင် အခြေခံမြေတိုင်းဘာသာရပ်၊ တန်းမြင့်မြေတိုင်းဘာသာရပ်၊ Total Station RTK-GPS များဖြင့် မြေတိုင်းတာခြင်း၊ Crop Database ဘာသာရပ်၊ ကွန်ပျူတာအသုံးပြုခြင်းနှင့် ကွန်ပျူတာဖြင့် မြေပုံရေးဆွဲနည်းပညာရပ်များ၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းနှင့် ငွေစာရင်းလုပ်ငန်း ဘာသာရပ်များ စသည်တို့ကို စာတွေ့လက်တွေ့သုံးလကြာ လေ့ကျင့်သင်ကြားပေးခဲ့ကြောင်း သိရသည်။ **ထွန်းလှိုင်(မြိုင်)**

## ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံသစ်ဖွင့်

**တွန်းဇံ ဇန်နဝါရီ ၁**

ချင်းပြည်နယ် တွန်းဇံမြို့နယ် တွီးမန်ကျေးရွာ၌ တည်ဆောက်ပြီးစီးသွားသော ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံသစ်ဖွင့်ပွဲနှင့် ကျန်းမာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ဒီဇင်ဘာ ၂၉ ရက်က ကျင်းပခဲ့သည်။

ကျန်းမာရေးဌာန အဆောက်အအုံသစ်ကို ပြည်နယ် လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင်ထန်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခမ်ခန့်ထန်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်ကျိန်ငိုက်မန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်နယ်လူမှုရေးဝန်ကြီးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆလိုင်းထောင်တို့က အမှာစကားပြောကြားကာ မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာထန်ရှင်းခိုင်က ကျေးလက်ကျန်းမာရေးဌာန အဆာက်အအုံ ဆောက်လုပ်ခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံသစ်ကို တာဝန်ယူဆောက်လုပ်ခဲ့သော လျန်းမုန်ကုမ္ပဏီမှ တာဝန်ရှိသူက အဆောက်အအုံဆိုင်ရာ အချက်အလက် စာရွက်စာတမ်းများကို မြို့နယ်ကုသရေးဦးစီးဌာနမှူးထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

တွီးမန်ကျေးရွာတွင် ယခုလို ကျန်းမာရေးဌာနက ကျေးလက်ကျန်းမာရေးဌာနအဆောက်အအုံသစ် ဆောက်လုပ်ဖွင့်လှစ်နိုင်သဖြင့် ကျေးရွာနေပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ပိုမိုဆောင်ရွက်ပေးနိုင်မည်ဖြစ်ကာ ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများကိုလည်း အချိန်မီဆောင်ရွက်ပေးနိုင်မည်ဖြစ်ခြင်းကြောင်း ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးကဏ္ဍအတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ဆိုးဆေးပါဝင်သော ငရုတ်သီးမှုန့်များ မရောင်းချရေး သတိပေး

**မြိတ် ဇန်နဝါရီ ၁**

စားသုံးသူများအား အန္တရာယ်ဖြစ်စေမည့် ဆိုးဆေးများနှင့် ဓာတုဗေဒဆေးများ ပါဝင်နေသော ငရုတ်သီးမှုန့်များနှင့် အစားအသောက်ထုတ်လုပ်ခြင်းနှင့် ပတ်သက်၍ ထောက်ခံချက်မရှိသည့် ငရုတ်သီးမှုန့်များကို တနင်္သာရီတိုင်းဒေသကြီး ဈေးကွက်အတွင်း ရောင်းချခြင်းမပြုရန်အတွက် ထုတ်လုပ်ရောင်းချသူများနှင့် အရောင်းဆိုင်များအား ဒီဇင်ဘာ ၃၀ ရက်က မြိတ်ခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ခေါ်ယူသတိပေး ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ရှင်းလင်းပွဲတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ စားသုံးသူရေးရာဦးစီးဌာန၊



မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိသူများက ဆိုးဆေးများ၏အန္တရာယ်၊ အစားအသောက်ထုတ်လုပ်ခြင်းဆိုင်ရာ ထောက်ခံချက်မရှိသည့် ငရုတ်သီးမှုန့်များ ရောင်းချခြင်းမပြုရန်၊ စံမညီသော အစားအသောက်များ ထုတ်လုပ်ရောင်းချမပြုရန်၊ အစားအသောက်နှင့် ဆေးဝါးဆိုင်ရာ ဥပဒေများ၊ ထုတ်လုပ်ရောင်းချသူများနှင့် အရောင်းဆိုင်များအား ပညာပေးကာလ ၁၄ ရက် သတ်မှတ်ပေးမည်ဖြစ်ကြောင်းနှင့် သတ်မှတ်ကာလကျော်လွန်ပါက တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေး အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း စသည့်အကြောင်းအရာများကို ထုတ်လုပ်ရောင်းချသူများနှင့် အရောင်းဆိုင်များအား အသိပေးရှင်းလင်းပြောကြားခဲ့သည်။

တနင်္သာရီတိုင်းဒေသကြီး ဈေးကွက်များအတွင်း ရောင်းချလျက်ရှိသော ငရုတ်သီးမှုန့်အမျိုးမျိုးဖြစ်သည့် (အကြမ်းမှုန့်၊ အနုမှုန့်၊ လော်ထောင်းမှုန့်၊ အစိမ်းမှုန့်များ) တွင် ခွင့်မပြုဆိုးဆေးများနှင့် ဓာတုပစ္စည်းများဖြစ်သော Aflatoxin B1 ၊ Impyrities စသည်တို့ ပါဝင်နေကြောင်း အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက စစ်ဆေးတွေ့ရှိရသဖြင့် ရောင်းချခြင်းမပြုရန် တားမြစ်ထားကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**

## လူကုန်ကူးမှုတားဆီးကာကွယ်ရေး ပညာပေးဆွေးနွေး

**လင်းခေး ဇန်နဝါရီ ၁**

ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးမြို့နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးကော်မတီကကြီးမှူး၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဆွေးနွေးပွဲကို လင်းခေးမြို့ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၃၀ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် လင်းခေးမြို့နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သူက လူကုန်ကူးခံရနိုင်သည့် အကြောင်းအရင်းများ၊ လူမှောင်ခိုကူးခံရခြင်း ကိစ္စရပ်များအကြောင်း၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများသည် ပြည်သူများနှင့် တိုက်ရိုက်ထိတွေ့ ဆက်ဆံနေကြရသူများဖြစ်ရာ လူမှောင်ခိုနှင့် လူကုန်ကူးမှုဖြစ်စဉ်များ မဖြစ်ပွားစေရေးအတွက် ရပ်ကွက်ကျေးရွာနေ ပြည်သူလူထုအတွင်း အသိပေးဆွေးနွေးမှုများကို ကြိုတင်ဆောင်ရွက်ထားသင့်ကြောင်း စသည်ဖြင့် အမှာစကားပြောကြားသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းထွေးက ဧပြီလအတွင်း ဖြစ်ပွားခဲ့သော လင်းခေးမြို့ ဝမ်လှိုင်ရပ်ကွက်နေ မိန်းကလေးငယ်တစ်ဦးအား တရုတ်နိုင်ငံသို့ရောင်းစားခံခဲ့ရသည့်ဖြစ်စဉ်တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့နှင့် ချိတ်ဆက်ကာ ပြန်လည်ရရှိအောင် ဆောင်ရွက်နေမှုအခြေအနေကိုလည်းကောင်း၊ မြို့နယ် လဝကဦးစီးမှူးက တစ်ဖက်နိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်ခြင်းဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိက လူမှောင်ခိုနှင့် လူကုန်ကူးမှုများနှင့် ပတ်သက်၍ ဥပဒေဆိုင်ရာ အကြောင်းအရာများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ မြို့နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေး ကော်မတီဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ပြီး သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြသည်။

**စိုင်းဇော်လတ်(လင်းခေး)**

## သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲ ဆုများချီးမြှင့်

**ရန်ကုန် ဇန်နဝါရီ ၁**

(၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ရန်ကုန်တောင်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပခဲ့သော သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲမှ ဆုရရှိသူများအား ဆုပေးပွဲကို ရန်ကုန်တောင်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရှင်စောပုခန်းမ၌ ဒီဇင်ဘာ ၃၀ ရက်က ကျင်းပသည်။

ဆုပေးပွဲတွင် ရန်ကုန်တောင်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့သို့ အလှူရှင် Gold Power ကုမ္ပဏီလီမိတက်မှ အလှူငွေကျပ်သုံးသိန်းနှင့် ကျပ်နှစ်သိန်းခွဲတန်ဖိုးရှိ အလှူပစ္စည်းများကို ပေးအပ်လှူဒါန်းပြီး ဆက်လက်၍ သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲမှ ဆုရရှိသူများအား ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးခိုင်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြသည်။




အဆိုပါ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲတွင် မွေးစမှ ခြောက်လအထိ (အမြွှာကလေးပြိုင်ပွဲ)၊ တစ်နှစ်မှ နှစ်နှစ်အထိ (အမြွှာကလေးပြိုင်ပွဲ)၊ မွေးစမှ ခြောက်လအထိ(ကလေးပြိုင်ပွဲ)၊ ခြောက်လမှ တစ်နှစ်အထိ (ကလေးပြိုင်ပွဲ)၊ တစ်နှစ်မှ နှစ်နှစ်အထိ(ကလေးပြိုင်ပွဲ) နှင့် သားကောင်းမိခင်ပြိုင်ပွဲများ ပါဝင်ခဲ့ကြောင်း သိရသည်။

**သက်ခိုင်(သန်လျင်)**



## ရှင်ပြုနားသအလှူပွဲများကြောင့် မြင်းမွေးထားသူများ အပိုဝင်ငွေရရှိ

**ငါ့သရောက် ဇန်နဝါရီ ၁**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ်အတွင်း ကျေးလက်ဒေသများ၌ ယခုအခါ သီးနှံစိုက်ခင်းများ သိမ်းဆည်းပြီး တောင်သူလယ်သမားများအနေဖြင့် သားသမီးများအတွက် ရှင်ပြုနားသအလှူပွဲများ ကျင်းပပေးသည့်အချိန်ဖြစ်ရာ ထိုရှင်ပြုနားသ အလှူပွဲများအတွက် မြင်းများ ထည့်သွင်းငှားရမ်းကြသဖြင့် ငါ့သရောက်မြို့နယ်အတွင်းမှ မြင်းမွေးမြူပြီး အငှားလိုက်ကြသူများ အပိုဝင်ငွေရရှိနေကြကြောင်း သိရသည်။

"ကျွန်တော်တို့မြို့နယ်မှာရှိတဲ့ ကျေးလက်ဒေသတွေမှာ ဒီလိုရာသီအချိန်က တောင်သူတွေက သူတို့ရဲ့သားသမီးများကို ရှင်ပြုနားသအလှူတော်မင်္ဂလာပွဲ ပြုလုပ်ပေးတဲ့အချိန်အခါ ဖြစ်ပါတယ်။ အလှူပွဲတစ်ပွဲဆိုရင် အနည်းဆုံး ငွေကျပ်သိန်း ၄၀၊ ၅၀ လောက်ကုန်ပါတယ်။ ငွေကုန်ပေမယ့်လည်း ကျွန်တော်တို့မြို့နယ်မှာ အလှူပွဲလုပ်တဲ့သူတွေ ပေါများပါတယ်။ ဒီလို အလှူပွဲတွေများတဲ့အတွက် မြင်းမွေးတဲ့သူတွေအတွက် ဝင်ငွေကောင်းပါတယ်။ အလှူပွဲပြုလုပ်တဲ့သူက မောင်ရှင်လောင်းတွေစီးဖို့အတွက် မြင်းငှားရပါတယ်။ မြင်းတစ်ကောင်ကို ငွေကျပ် ၁၅၀၀၀ ပေးရပါတယ်။ နောက်ပြီး ကျွန်တော်တို့မြို့နယ်မှာ နှစ်တိုင်းလိုလို အလှူပွဲလမ်းတွေ ပေါများနေတဲ့အတွက် မြင်းမွေးမြူထားတဲ့ တောင်သူတွေအနေနဲ့ အလှူလှူတဲ့ရာသီတွေမှာ အပိုဝင်ငွေရရှိလို့ စီးပွားရေးတွက်ခြေကိုက်ပါတယ်"ဟု ဖြူကြီးကျေးရွာမှ မြင်းမွေးမြူအငှားလိုက်သည့် တောင်သူတစ်ဦးကပြောသည်။

ငါ့သရောက်မြို့နယ်အတွင်း ကျေးလက်ဒေသများတွင် ရှင်ပြုနားသ အလှူတော်မင်္ဂလာပွဲများကို နှစ်စဉ် နတ်တော်လမှစတင်ကာ တပေါင်းလအထိ ကျင်းပလေ့ရှိပြီး အလှူတစ်ပွဲတွင် ညှော့ခံဆိုင်း၊ ဘိသိက်၊ အငြိမ့်မင်းသမီးများ ငှားရမ်း၍ စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြကြောင်းသိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ရေးမြို့နယ်အတွင်း ဆောင်းကာလတွင် အအေးလျော့နည်းလာ

**ရေး ဇန်နဝါရီ ၁**
မွန်ပြည်နယ် ရေးမြို့နယ်တွင် ၂၀၁၀ ခုနှစ် နောက်ပိုင်းခန့်မှ စတင်ကာ ဆောင်းရာသီကာလများတွင် အအေးလျော့နည်းလာလျက်ရှိကြောင်း ရေးမြို့နယ် မိုးလေဝသနှင့် ဇလဗေဒသုဉ္စနကြားမှုဦးစီးဌာနမှ သိရသည်။

"၂၀၁၀ ခုနှစ် နောက်ပိုင်းမှာ အအေးက ပိုမိုလျော့နည်းလာတယ်။ ဒေသအတွင်း ရေးအရှေ့ဘက်ခြမ်းဒေသတွေက နိုင်ငံတော်ပိုင် သစ်တောကြိုးဝိုင်းတွေမှာ သစ်ထုတ်လုပ်မှုက မြင့်တက်လာလို့ သစ်တောပြုန်းတီးစေတယ်။ ဆက်သွယ်ရေးတာဝါတိုင်တွေ များပြားလာတာကြောင့် လေထုအပူချိန်ကမြင့်မားလာကာ အပူချိန်ကမြင့်ပြီး အအေးက လျော့နည်းလာခြင်းဖြစ်တယ်"ဟု ရေးမြို့နယ်မိုးလေဝသနှင့် ဇလဗေဒသုဉ္စနကြားမှုဦးစီးဌာနမှ ဦးစီးမှူး ဦးဆန်းငွေက ပြောသည်။

ရေးမြို့နယ်၏ ယခုနှစ် ဆောင်းရာသီကာလ ပျမ်းမျှအနိမ့်ဆုံး နေ့အပူချိန်မှာ ၂၀ ဒီဂရီစင်တီဂရိတ်အထိ ရှိကြောင်း၊ ဆောင်းရာသီကာလ အအေးဆုံးနှစ်မှာ ၁၉၉၈ ခုနှစ်ဖြစ်ပြီး အပူချိန် ၇ ဒသမ ၅ ဒီဂရီစင်တီဂရိတ်သာ ရှိခဲ့ကာ နှစ်၃၀ အတွင်း အအေးဆုံးနှစ်လည်းဖြစ်ခဲ့ကြောင်း သိရသည်။

ရေးမြို့နယ်၏ နှစ် ၃၀ အတွင်း ဆောင်းရာသီကာလ နေ့အပူချိန် အမြင့်မားဆုံးနှစ်မှာ ၂၀၁၄ ခုနှစ်ဖြစ်ပြီး ၄၀ ဒီဂရီစင်တီဂရိတ်ရှိခဲ့ကြောင်း၊ ၁၉၉၆၊ ၂၀၁၀၊ ၂၀၁၄ နှင့် ၂၀၁၅ ခုနှစ်များသည် ရေးမြို့နယ်အတွင်း အပူချိန်မြင့်တက်သောနှစ်များ ဖြစ်ကြပြီး ရေရှားပါးပြတ်လပ်မှု၊ မီးဘေးအန္တရာယ်များ ကြုံတွေ့ခဲ့ရကာ ဒေသထွက် ရော်ဘာ၊ ကွမ်းသီးစသည့် ဒေသထွက် ရာသီပေါ်သီးနှံများလည်း ထိခိုက်ပျက်စီးမှုများ ကြုံတွေ့ခဲ့ရကြောင်း သိရသည်။

**နေမျိုးထွန်း(ရေး)**

# စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ချောင်းဦး ဇန်နဝါရီ ၁**
စားသုံးသူပြည်သူများ ဘေးကင်းလုံခြုံစိတ်ချရမှု ရှိစေရန်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် ခင်မွန်ကျေးရွာရှိ အောင်သရဖူကြာဆံစက်၌ စားသုံးသူကာကွယ်ရေးဆိုင်ရာ ကွင်းဆင်းအသိပညာပေးမှုများကို စားသုံးသူရေးရာဦးစီးဌာနက ဒီဇင်ဘာ ၂၇ ရက်က သွားရောက်ဆောင်ရွက်ခဲ့သည်။

မြင်းမူမြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးမှူး ဒေါ်ခိုင်မို့မို့၊ ချောင်းဦးမြို့နယ် တာဝန်ခံ ဦးအောင်လင်းနှင့် အဖွဲ့ဝင်များက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ရတနာစိုး၊ စာရင်းကိုင်(၃) ဒေါ်အေးအေးမာ၊ စည်ပင်သာယာကော်မတီအဖွဲ့ဝင် ဦးသိန်းလှိုင်၊ ခင်မွန်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးခင်မောင်အေးတို့နှင့် ပူးပေါင်းကာ အောင်သရဖူကြာဆံစက်သို့ ကွင်းဆင်း၍ လုပ်ငန်းရှင် ဦးမြင့်ဝင်းနှင့် တွေ့ဆုံပြီး ကြာဆံပြုလုပ်ပုံ၊ ပဲများ နေရာထားသိုပုံ၊ ကြိတ်ခွဲရာတွင် ရေမြောင်းများသို့ ရေထုတ်လွှတ်မှု၊ ပေါင်ဒါမှုန့်လှန်းသောနေရာ၊ ကျောက်ချဉ်သုံးစွဲမှု အခြေအနေများကို ပထမအဆင့် စားသုံးသူရှုထောင့်အရ ကြည့်ရှုစစ်ဆေးကာ ထုတ်ကုန်များလုံခြုံ စိတ်ချရမှု ရှိစေရေးနှင့် သတ်မှတ်လိုင်စင်များ ပြီးပြည့်စုံမှုရှိစေရေး အသိပညာပေးဆွေးနွေးပြီး စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

**ဖိုးချမ်း(မုံရွာ)**

# ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်မှု ကွင်းဆင်းစစ်ဆေး



**မန်တုံ ဇန်နဝါရီ ၁**
ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲခရိုင် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မန်တုံမြို့နယ်အတွင်း ပြည်ထောင်စုရန်ပုံငွေဖြင့် ဖောက်လုပ်လျက်ရှိသော ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်မှု လုပ်ငန်းများကို ဒေသဦးစီးအဖွဲ့နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်း၍ ဒီဇင်ဘာ ၂၇ ရက်က ကျေးရွာများသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မန်တုံမြို့နယ်အတွင်း၌ ကျေးရွာချင်းဆက်လမ်းများအဖြစ် မန်တုံ-အူစပ်-ကောင်းဆုံ-လွယ်ကြူ-မိုင်းမော မြေသားလမ်း ၁၀ မိုင်ကို ရန်ပုံငွေကျပ် ၁၇၇ ဒသမ ၄ သန်းဖြင့် ဟိုမိန်းတောင်ကုမ္ပဏီက တာဝန်ယူ၍လည်းကောင်း၊ အွယ်လော-ပန်နိမ့်-မာဝေါ-ဆိုင်းလိမ်- လမ်းဆုံ မြေသားလမ်း ၁၀ မိုင်ကို ရန်ပုံငွေ ကျပ် ၁၇၆ သန်းဖြင့် ဆွတ်ကြိုင်ကုမ္ပဏီက တာဝန်ယူ၍လည်းကောင်း ဖောက်လုပ်လျက်ရှိရာ လုပ်ငန်းဆောင်ရွက်မှုများကို ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ အလုပ်အမှုဆောင် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအယိုင်စင်၊ နမ့်ဆမ်မြို့နယ်နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးဖုန်းမြင့်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုင်းအောင်ကျော်နိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ခြင်းဖြစ်သည်။

ကုမ္ပဏီများက လုပ်ငန်းဆောင်ရွက်နေမှုများတွင် အရည်အသွေးပြည့်မီခြင်းရှိ မရှိကို တာဝန်ရှိသူများအဖွဲ့က သေချာစွာ တိုင်းတာစစ်ဆေးခဲ့ကြပြီး လုပ်ငန်းလုပ်ဆောင်သည့် ကုမ္ပဏီများအနေဖြင့်လည်း အရည်အသွေးပြည့်မီအောင် သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ဆောင်ပေးရန်နှင့် သတ်မှတ်စံနှုန်း မပြည့်မီပါက တာဝန်ယူဆောင်ရွက်သည့် ကုမ္ပဏီများ၏ တာဝန်သာဖြစ်ကြောင်း အသိပေးမှာကြားကာ လုပ်ငန်းနှင့်ပတ်သက်သည့် အခက်အခဲများ၊ လိုအပ်ချက်များကိုလည်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။**(ခရိုင်ပြန်/ဆက်)**

## သတင်းတိုများ

### စက်ရေတွင်းတူးဖော်မှု ကွင်းဆင်းစစ်ဆေး

ကယားပြည်နယ် ဖရူဆိုမြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေ ကျပ် ၄၀ ဒသမ ၉၆ သန်းဖြင့် ဒေါပိုအရှေ့ကျေးရွာ၌ လေးလက်မစက်ရေတွင်း တူးဖော်နေမှုကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)နှင့် ပြည်နယ် ၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများ ဒီဇင်ဘာ ၂၇ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ အဆိုပါ စက်ရေတွင်းကို GP Survey တိုင်းတာတွက်ချက်မှုများ ဆောင်ရွက်ပြီးမှ တူးဖော်နေခြင်းဖြစ်ကြောင်း၊ စက်ရေတွင်းတူးဖော်မှု အောင်မြင်ပါက ဒေါပိုအရှေ့ လောပလျှားလဲ ၊ ဒေါ်ခူလီ၊ ထီးသဲကူးကျေးရွာများရှိ အိမ်ထောင်စု ၁၅၀ ကျော်မှ ပြည်သူ ၈၅၀ ခန့်အတွက် နှစ်စဉ်နွေရာသီကာလတွင် ကြုံတွေ့ရလေ့ရှိသော ရေရှားပါးမှု ပြဿနာများကို ဖြေရှင်းပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။
**ဦးကျော်(ဖရူဆို)**

### လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြော

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်အတွင်း၌ ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် အသိပညာပေးဟောပြောပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခန်းမ၌ ဒီဇင်ဘာ ၃၀ ရက်က ပြုလုပ်ခဲ့ပြီး မုံရွာခရိုင် လျှပ်စစ်အင်ဂျင်နီယာ ဦးဝင်းမောင်နှင့် ချောင်းဦးမြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်လွင်ဦးတို့က လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် သတိပြုဖွယ်ရာများကို အသိပညာပေး ဟောပြောခဲ့သည်။

ထို့နောက် ဟောပြောပွဲသို့ တက်ရောက်သော ချောင်းဦးမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ခင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသစ်လွင်နှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများအား လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။
**(မြို့နယ် ပြန်/ဆက်)**

### လွတ်လပ်ရေးနေ့အခမ်းအနားကျင်းပရေး ဂန့်ဂေါတွင်ညှိနှိုင်းဆွေးနွေး

ဂန့်ဂေါမြို့နယ်၌ (၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို လွတ်လပ်ရေးနေ့အတွက် ချမှတ်ထားသော အမျိုးသားရေးဦးတည်ချက်များနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး မြို့နယ် လွတ်လပ်ရေးနေ့ကျင်းပရေးကော်မတီနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ ဒီဇင်ဘာ ၃၀ ရက်က ဂန့်ဂေါမြို့ မြစ်သာခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ဂန့်ဂေါမြို့နယ်တွင် (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ဘော်လီဘောပြိုင်ပွဲ၊ စစ်တုရင်ပြိုင်ပွဲ၊ စားပွဲတင်တင်းနစ်ပြိုင်ပွဲ၊ လွတ်လပ်ရေးနေ့အကြိုဟောပြောပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် ပျော်ရွှင်ပွဲများကို ကျင်းပလျက်ရှိကြောင်း၊ ဇန်နဝါရီ ၃ ရက်တွင် မာရသွန်ပြိုင်ပွဲကိုလည်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။
**(၁၀၁)**

### နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုစာရင်း ကွင်းဆင်းပြုလုပ်ပေး

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ငါးတဲကျေးရွာမှ နိုင်ငံသားစိစစ်ရေးကတ်ပြား မပြုလုပ်ရသေးသော ဒေသခံပြည်သူများအတွက် နိုင်ငံသားစိစစ်ရေးကတ်များနှင့် အိမ်ထောင်စုစာရင်းများကို တာဝန်ရှိသူများ ဒီဇင်ဘာ ၂၉ ရက်က ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွန်းနှင့် ကသာခရိုင် လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်စိုး တို့ ဦးဆောင်၍ ကသာမြို့နယ်ရုံးမှ ဝန်ထမ်းများနှင့်အတူ ကျေးရွာနေပြည်သူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ် ထောင်စုလူဦးရေစာရင်းများ ကွင်းဆင်းထုတ်ပေးခဲ့ရာ ဒေသခံပြည်သူ ၈၉ ဦးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စု ၃၀ အတွက် အိမ်ထောင်စုလူဦး ရေစာရင်းများ ပြုလုပ်ပေးနိုင်ခဲ့ကြောင်း သိရသည်။
**(ခရိုင် ပြန်/ဆက်)**

# ကရင်အမျိုးသားရုပ်တုနှင့်  ရဲတပ်ဖွဲ့၏ မှုခင်းအသိပညာပေးပြခန်းယာဉ်ကို နှစ်သစ်ကူးနေ့ အခမ်းအနားတွင် ပြည်သူများစိတ်ဝင်စားခဲ့

**ဘားအံ ဇန်နဝါရီ ၁**
ကရင်ပြည်နယ် ဘားအံမြို့နယ် တောင်ကလေးကွင်း၌ ဒီဇင်ဘာ ၂၉ ရက်က ကျင်းပခဲ့သည့် ကရင်နှစ်သစ်ကူးနေ့ အခမ်းအနားတွင် ကောက်ရိုးများဖြင့် လက်ရာမြောက်စွာ ဖန်တီးထားသည့် ကရင်အမျိုးသားရုပ်တုနှင့် ကရင်ပြည်နယ်ရဲတပ်ဖွဲ့က လာရောက်ပြသခဲ့သည့် မှုခင်းအသိပညာပေးပြခန်းယာဉ်တို့မှာ အခမ်းအနား တက်ရောက်သည့် ဒေသခံပြည်သူများအား ဆွဲဆောင်နိုင်မှုရှိခဲ့ကြောင်း သိရသည်။

ကရင်ပြည်နယ်ရဲတပ်ဖွဲ့၏ မှုခင်းအသိပညာပေးပြခန်းယာဉ်ဖြင့် ခင်းကျင်းပြသထားမှုများကို လာရောက်လေ့လာကြည့်ရှုသော ဒေသခံပြည်သူများအား ယာဉ်ပေါ်တွင် လိုက်ပါပြသသော ဘားအံမြို့နယ်ရဲတပ်ဖွဲ့ လေယာဉ်ကွင်းရဲကင်းမှူး ရဲအုပ်မျိုးကျော်ညွန့်က မှုခင်းကျဆင်းရေးဆိုင်ရာ သိမှတ်ဖွယ်ရာများကိုလည်းကောင်း၊ အမှတ်(၁၀) ယာဉ်ထိန်းဒုတပ်ဖွဲ့ခွဲမှူးရုံးမှ ရဲအုပ်ဟန်ကိုကိုဝင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကိုလည်းကောင်း၊ ဘားအံမူးယစ်တပ်ဖွဲ့စု(၃၁)မှ ရဲအုပ်စိုးနိုင်က မူးယစ်ဆေးဝါးအန္တရာယ်အကြောင်းကိုလည်းကောင်း၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ ရဲအုပ်ခွန်သူရအောင်က လူကုန်ကူးမှုမခံရစေရန် သိမှတ်ဖွယ်ရာများကိုလည်းကောင်း အသိပညာပေး ရှင်းလင်းဟောပြောခဲ့ကြပြီး ကရင်နှစ်သစ်ကူးနေ့အခမ်းအနား တက်ရောက်လာသည့် ထောင်နှင့်ချီသော ဒေသခံပြည်သူ ပရိသတ်များက စိတ်ဝင်စားစွာ လာရောက်ကြည့်ရှုနားထောင်ခဲ့ကြကြောင်း သိရသည်။

**မင်းသူ/ထွန်းထွန်းထွေး(ဘားအံ)**



# ကရင်တိုင်းရင်းသားတို့၏ ရိုးရာနှစ်သစ်ကူးပွဲတော် စည်ကားစွာကျင်းပ



**ဟသ်ာတ ဇန်နဝါရီ ၁**
ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်၌ ကရင်တိုင်းရင်းသားတို့၏ နှစ်သစ်ကူးပွဲတော်ကို တလုတ္တော်တိုက်နယ် ဘိတ်ရိုးကျေးရွာတွင် ဒီဇင်ဘာ ၂၉ ရက်က စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

ကရင်နှစ်သစ်ကူးပွဲတော်ကို ကရင်တိုင်းရင်းသားအလံတော် လွှင့်တင်ပွဲဖြင့် စတင်ဖွင့်လှစ်ခဲ့ပြီး နှစ်သစ်ကူးပွဲတော် ကျင်းပရေးတာဝန်ခံက ပွဲတော်ကျင်းပရခြင်းရည်ရွယ်ချက်နှင့် ကရင်နှစ်သစ်ကူးပွဲတော် ဖြစ်ပေါ်လာပုံကို ရှင်းလင်းပြောကြားသည်။ ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံမှ ပေးပို့သော နှစ်သစ်ကူးသဝဏ်လွှာကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးက ဖတ်ကြားပြီး ကရင်ပြည်သူ့ပါတီဥက္ကဋ္ဌထံမှ ပေးပို့သောသဝဏ်လွှာကို နော်အေးသန့်သန့်က လည်းကောင်း၊ တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးထံမှ ပေးပို့သော နှစ်သစ်ကူးသဝဏ်လွှာကို နော်ဆဲဂေးကလည်းကောင်း ဖတ်ကြားပေးခဲ့သည်။

ယင်းနောက် ဘိတ်ရိုးကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ ကိုယ်စားပြုဒုံးယိမ်းအဖွဲ့များက လူကြီးဒုံးယိမ်းအက၊ ကလေးဒုံးယိမ်းအကများဖြင့် ဖြေ့ခံဖျော်ဖြေခဲ့ကြပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးသန်းနိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဒုံးယိမ်းအကအဖွဲ့များအား ဆုများပေးအပ်ချီးမြှင့်ကာ အမှတ်တရ မှတ်တမ်းဓာတ်ပုံ၊ ဗီဒီယိုများ ရိုက်ကူးခဲ့ကြသည်။

ဘိတ်ရိုးကျေးရွာ ရိုးရာကရင်နှစ်သစ်ကူးပွဲတော်သို့ ဘိတ်ရိုးကျေးရွာအုပ်စုအတွင်းမှ ကရင်တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ တက်ရောက်ခဲ့ပြီး ကြွရောက်ချီးမြှင့်ပေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများကိုလည်း ကျေးဇူးအထူးတင်ရှိကြောင်း၊ ယခုနှစ် ကရင်နှစ်သစ်ကူးပွဲတော်ကြီးမှ နောင်နှစ်ပေါင်းများစွာအထိ ကရင်လူမျိုးများ၏ဘဝ တိုးတက်သာယာလှပပြီး တိုင်းပြည်ကြီးလည်း သာယာလှပစေကြောင်း ပွဲတော်ဖြစ်မြောက်ရေးကော်မတီဝင် စောခူးရှီးထူးက ဆုတောင်းစကားပြောကြားသည်။

**ကျော်ကျော်(ပြန်/ဆက်)**

# လူထုအားကစားလ နောက်ဆုံးပတ်တွင် အင်အား ၂၀၀၀ ကျော် စုပေါင်းလမ်းလျှောက်



**တောင်ငူ ဇန်နဝါရီ ၁**
ဒီဇင်ဘာအားကစားလ၏ နောက်ဆုံးပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲကို တောင်ငူမြို့၌ ဒီဇင်ဘာ ၃၁ ရက် နံနက်က ပြုလုပ်ခဲ့ရာ လူအင်အား ၂၀၀၀ ကျော် စုပေါင်းပါဝင်၍ လမ်းလျှောက်ခဲ့ကြောင်း သိရသည်။

လမ်းလျှောက်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမိုးမခနှင့် ဦးအေးမင်းဝင်း၊ တောင်ငူခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းစိုးနှင့် ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ သူနာပြုသင်တန်းကျောင်း၊ သားဖွားသင်တန်းကျောင်းတို့မှ ကျောင်းသား ကျောင်းသူများ၊ အားကစားဝါသနာရှင် ပြည်သူများ စုစုပေါင်း အင်အား ၂၀၀၀ ကျော်က မင်းကြီးညိုရုပ်တုမှ စတင်ကာ ခရိုင်အားကစားကွင်း(မိုင်ဒါကွင်း)အထိ စုပေါင်းလမ်းလျှောက်ခဲ့ကြပြီး အားကစားကွင်းအတွင်း ကိုယ်လက်လေ့ကျင့်ခန်းများ ပြုလုပ်ခဲ့ကြသည်။

လမ်းလျှောက်ပွဲတွင် ပါဝင်လမ်းလျှောက်ကြသော ပြည်သူများအား တောင်ငူခရိုင် အားကစားနှင့်ကာယပညာဦးစီးဌာန၏ အစီအစဉ်ဖြင့် ရေခဲသေတ္တာ၊ အဝတ်လျှော်စက်၊ ပန်ကာ၊ တီဗွီ၊ ထမင်းပေါင်းအိုး၊ ရေနွေးအိုး စသည့်ပစ္စည်းများ အပါအဝင် အခြားဆုမဲပေါင်း ၃၀၀ကျော်ကို အခမဲ့မဲဖောက်ပေးခဲ့ကြောင်း သိရသည်။ **မောင်ရွှေဝင်း(ပြည်)**

# မြစိမ်းရောင်စီမံကိန်းဆောင်ရွက်ရန် ရန်ပုံငွေလွှဲပြောင်းပေးအပ်

**မလှိုင် ဇန်နဝါရီ ၁**
မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခွင့်ရခဲ့သည့် နတ်စင်ကုန်းကျေးရွာအုပ်စု ငါးတစ်ပုံ(မြောက်) ကျေးရွာသို့ စီမံကိန်းရန်ပုံငွေ ကျပ်သိန်း ၃၀၀ ကို ဒီဇင်ဘာ ၃၀ ရက်က လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ကျင်းပခဲ့သည့် ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲတွင် မြို့နယ် မြစိမ်းရောင်ရန်ပုံငွေ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်ဗိုလ်ဗိုလ်က အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဒေါက်တာအေးကိုက မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ငါးတစ်ပုံ(မြောက်)ကျေးရွာ မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီထံသို့ ငွေစာရင်းဖွင့်လှစ်၍ ရန်ပုံငွေကျပ်သိန်း ၃၀၀ နှင့် ငွေစာရင်းထိန်းသိမ်းမှုပုံစံစာအုပ်များကို လွှဲပြောင်းပေးအပ်ခဲ့ပြီး ကျေးရွာ ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များအား ငွေစာရင်းထိန်းသိမ်းနည်း ပုံစံရှစ်မျိုးနှင့်ပတ်သက်၍ သင်တန်းများပို့ချခဲ့သည်။

ယခု စီမံကိန်းဆောင်ရွက်ခွင့် ရရှိခဲ့သော ငါးတစ်ပုံ(မြောက်)ကျေးရွာသည် မလှိုင်မြို့နယ်အတွင်းမှ သဘာဝဘေးကြုံတွေ့ခဲ့သော ကျေးရွာတစ်ရွာဖြစ်ရာ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခွင့်ရရှိသောကြောင့် စီမံကိန်းရန်ပုံငွေများဖြင့် ကျေးရွာရှိ အိမ်ခြေ ၈၆ အိမ်မှ လူဦးရေ ၅၀၀ ကျော်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာစေရန်နှင့် ဝင်ငွေတိုးပွားလာစေရန် အထောက်အကူပြုမည်ဖြစ်သည်။

**အောင်ဌေး(မလှိုင်)**

# လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြိုင်ပွဲကျင်းပ



**ချောင်းဦး ဇန်နဝါရီ ၁**
စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ (၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြိုင်ပွဲကို ချောင်းဦးမြို့ရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးဦးစီးဌာနရုံး၌ ဒီဇင်ဘာ ၃၀ ရက်က ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် ချောင်းဦးမြို့နယ်အတွင်းရှိ မွေးစမှ အသက်နှစ်နှစ်အရွယ်အထိ ကလေးငယ်ပေါင်း ၂၄ ဦး လာရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ယှဉ်ပြိုင်သော ကလေးငယ်များအား မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဦးစန်းလွင်နှင့် ကျန်းမာရေးဦးစီးဌာနမှ ဆရာ၊ ဆရာမများက ပြိုင်ပွဲစည်းကမ်းချက်များနှင့်အညီ ကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်ပေးကာ ကလေးမိခင်များအား ကျန်းမာရေး အသိပညာပေး ဆွေးနွေးဟောပြောမှုများလည်း ပြုလုပ်ပေးခဲ့သည်။

ကလေးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သော ကလေးများအား မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွင်းရေးမှူး ဒေါ်နိုင်နိုင်မော်နှင့် အသင်းဝင်များက လာရောက်ကြည့်ရှုအားပေးခဲ့ကြပြီး ပြိုင်ပွဲတွင် ဆုရရှိသော ကလေးများအား အသင်းအတွင်းရေးမှူးက ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မီမီ(ချောင်းဦး)**

# မူခင်းကျဆင်းရေးဆိုင်ရာများ ပညာပေးဟောပြော

**မင်းလှ ဇန်နဝါရီ ၁**
သရက်ခရိုင် မင်းလှမြို့နယ် ကတဲကျေးရွာမှ ဒေသခံပြည်သူများအား မူခင်းကျဆင်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို မင်းလှမြို့နယ်ရဲတပ်ဖွဲ့က ကြီးမှူး၍ ဒီဇင်ဘာ ၃၀ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် မင်းလှမြို့နယ် ရှမ်းတပ်ရဲကင်းမှူး ရဲအုပ်သက်နိုင်ဦး ဦးစီးသော တပ်ဖွဲ့ဝင်များက ကျေးရွာနေပြည်သူများအား လူသတ်မှု၊ မုဒိမ်းမှု၊ သက်ငယ်မုဒိမ်းမှု စသည့် ရာဇဝတ်မှုများအကြောင်းနှင့် အဆိုပါ ရာဇဝတ်မှုများ ပပျောက်ရေးဆိုင်ရာများ၊ မူးယစ်ဆေးဝါးကြောင့် ဖြစ်ပွားနိုင်သော ရာဇဝတ်မှုများနှင့် မူးယစ်ဆေး သုံးစွဲခြင်း၊ ရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်းတို့အတွက် ပြစ်မှုပြစ်ဒဏ်များ၊ စိတ်ကြွရူးသွပ်ဆေးဝါးများနှင့် ကော်ရှူခြင်း၏ ဆိုးကျိုးများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်၍ ဆိုင်ကယ်စီးနင်းရာတွင် ဆိုင်ကယ်စီးဦးထုပ်ဆောင်းရန်၊ နှစ်ဦးထက်ပို၍ မစီးရန်၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင်များ ပါရှိရန်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဖောက်ဖျက်ကျူးလွန်မှုများကို အရေးယူနိုင်သည့် ဥပဒေများအကြောင်း စသည်တို့ကို အသေးစိတ် ရှင်းလင်းဟောပြောခဲ့ကြသည်။ **ကိုသက်(အထက်မင်းလှ)**



# လူမှုဖူလုံရေးဆေးကုသယာဉ်ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေး

**မကွေး ဇန်နဝါရီ ၁**
မကွေးတိုင်းဒေသကြီး မကွေးမြို့လူမှုဖူလုံရေးအဖွဲ့ရုံးတာဝန်ခံအရာရှိ၏ ကွပ်ကဲမှုဖြင့် လူမှုဖူလုံရေးအဖွဲ့နှင့် သုခမင်္ဂလာအထူးကုဆေးခန်းတို့ပူးပေါင်းကာ ရွေ့လျားဆေးကုသယာဉ်ဖြင့် မြို့နယ်လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသည့် အလုပ်ဌာနများမှ အာမခံအလုပ်သမားအား ကျန်းမာရေးစောင့်ရှောက်မှုများ လိုက်လံဆောင်ရွက်ပေးလျက်ရှိရာ ဒီဇင်ဘာ ၃၀ ရက်က မကွေးမြို့ရှိ ခရိုင်အားကစားကွင်း၌ ကွင်းဆင်းဆေးကုသပေးခဲ့ကြောင်း သိရသည်။

မကွေးမြို့နယ် လူမှုဖူလုံရေးဆေးခန်းမှ တာဝန်ခံ ဒေါက်တာသီသီထွန်း ဦးဆောင်သော အဖွဲ့က ရွေ့လျားဆေးကုသယာဉ်ဖြင့် ကွင်းဆင်းဆေးကုပေးရာတွင် မြို့နယ်လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသည့် အလုပ်ဌာနများမှ အာမခံအလုပ်သမား ၁၅၀ ခန့်ကို အခမဲ့ ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ဆေးကုသမှုခံယူသည့် လူနာများအတွက် ဆရာဝန်၏ညွှန်ကြားချက်အရ လိုအပ်သောဆေးကုသမှုများကို ရွေ့လျားဆေးကုသယာဉ်တွင် ပါဝင်သောစက်များဖြင့် ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ကွင်းဆင်းဆေးကုသမှုကို ဇန်နဝါရီ ၃ ရက်အထိ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မေသူလွင်(မကွေးကိုယ်ပွား)**

# ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှု မြင့်မားရေးအတွက် တွေ့ဆုံဆွေးနွေး

**ပွင့်ဖြူ ဇန်နဝါရီ ၁**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်း ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှု မြင့်မားလာရေးအတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဒေသတွင်းမှ ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်သော တောင်သူများ၊ ကုန်သည်လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲကို ဒီဇင်ဘာ ၃၁ ရက်က ပွင့်ဖြူမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဗိုလ်ဥတ္တမခန်းမ၌ ကျင်းပခဲ့သည်။

တွေ့ဆုံပွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဇော်မင်းက ပွင့်ဖြူမြို့နယ်အတွင်း ဆီထွက်သီးနှံ ထုတ်လုပ်မှုအခြေအနေများ၊ ဈေးကွက်တင်ပို့ရောင်းချမှု အခြေအနေနှင့် အရည်အသွေးပြည့်မီသော ဆီထွက်သီးနှံထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တွေ့ဆုံပွဲတက်ရောက်သည့် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်သူ တောင်သူများနှင့် ကုန်သည်လုပ်ငန်းရှင်များက မြို့နယ်အတွင်း ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှု မြင့်မားလာရေးအတွက် ဆောင်ရွက်ရမည့် အချက်များနှင့် သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းကြပြီး သက်ဆိုင်ရာတာဝန်ရှိသူများ အသေးစိတ်ပြန်လည် ဖြေကြားဆွေးနွေးခဲ့သည်။ **သူရထွန်း (ပွင့်ဖြူ)**

# ဆေးမားအူလ်ဒုန်းစီမံကိန်းလုပ်ငန်းများအောင်မြင်၍ ရွာသုံးရွာတွင် တစ်ရက်တည်းဖွင့်လှစ်

**နွားထိုးကြီး ဇန်နဝါရီ ၁**

နွားထိုးကြီးမြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသော မြန်မာ ဆေးမားအူလ်ဒုန်းစီမံကိန်း၏ ပထမနှစ်စီမံကိန်းအရ ဆောင်ရွက်ခဲ့သော လုပ်ငန်းများ ပြီးမြောက်အောင်မြင်သဖြင့် ဖွင့်ပွဲအခမ်းအနားများကို ကျေးရွာသုံးရွာ၌ ဒီဇင်ဘာ ၃၁ ရက်က ကျင်းပခဲ့သည်။

အဆိုပါ ပထမနှစ်စီမံကိန်းအရ ရွှေပြည့်ရင်ကျေးရွာ၊ ထန်းဇင်(တ)ရွာနှင့် ထန်းဂွ(တ)ရွာတို့တွင် ဆောင်ရွက်ပြီးစီးခဲ့သည့် လုပ်ငန်းကြီးသုံးရပ်ဖြစ်သည့် လမ်းခင်းခြင်း၊ အစည်းအဝေးခန်းမဆောက်ခြင်းနှင့် ရေသန့်စက်များ တပ်ဆင်ခြင်းလုပ်ငန်းများအတွက် ဖွင့်ပွဲများကို တစ်ရက်တည်းတွင် ကျင်းပခဲ့ခြင်းဖြစ်ကာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိန်ကျော်မိုး၊ နွားထိုးကြီးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်မြင့်နှင့် မြင်းခြံခရိုင် စိုက်ပျိုးရေးမန်နေဂျာ ဦးမြင့်လင်းတို့က ဖွင့်လှစ်ပေးခဲ့ကြသည်။

ကျေးရွာသုံးရွာမှ အဆိုပါ စီမံကိန်းလုပ်ငန်းများကို စီမံကိန်းရန်ပုံငွေ အမေရိကန်ဒေါ်လာ ၂၀၀၀၀ အသုံးပြု၍ ဆောင်ရွက်အောင်မြင်ခဲ့ခြင်းဖြစ်ကြောင်းနှင့် မြန်မာ ဆေးမားအူလ်ဒုန်း စီမံကိန်းကို မန္တလေးတိုင်းဒေသကြီးအတွင်းမှ ကျေးရွာ ၁၀ ရွာတွင် ဆောင်ရွက်လျက်ရှိရာ နွားထိုးကြီးမြို့နယ်မှ ရွှေပြည့်ရင်ကျေးရွာ၊ ထန်းဇင်(တ)ရွာနှင့် ထန်းဂွ(တ)ရွာတို့ ပါဝင်ကြကြောင်း သိရသည်။

**ခင်ဇာမွန်မြင့်(ဥပဒေ)**




# ချပ်သင်းဘေးမဲ့တောအတွင်း သဘာဝအနေအထားပျက်အောင်လုပ်သူ ၃၂ ဦးကို အမှုဖွင့်ထား

**ကောလင်း ဇန်နဝါရီ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်ရှိ ချပ်သင်းဘေးမဲ့တောနယ်မြေအတွင်း ကျူးကျော်ဝင်ရောက်၍ သဘာဝအနေအထားပျက်စီးအောင် ပြုလုပ်ထားသူ ဒေသခံ ၃၂ ဦးအား တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေး ဥပဒေအရ အမှုဖွင့်ထားကြောင်း စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ချပ်သင်းဘေးမဲ့တောမှ တောအုပ်ကြီးဦးမြင့်စိုး၊ တောအုပ်ဦးဇော်မြင့်နှင့် အဖွဲ့ဝင်များ၊ ကောလင်းမြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ကြီးဦးမျိုးသူရဝင်းနှင့် အဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သက်သေများနှင့်အတူ ချပ်သင်းဘေးမဲ့တောအတွင်း ဒီဇင်ဘာ ၂၃ ရက်က ကွင်းဆင်းစစ်ဆေးစဉ် ကောလင်းမြို့နယ် ပန်းရဲမကျေးရွာမှ ဒေသခံ ၃၂ ဦးအနေဖြင့် ချပ်သင်းဘေးမဲ့တောနယ်မြေအတွင်း ကျူးကျော်ဝင်ရောက်၍ သဘာဝအလျောက်ပေါက်ရောက်နေသော သစ်ပင်များကို ခုတ်လှဲနေကြပြီး လက်ရှိသဘာဝအနေအထားကို ပျက်စီးအောင်ပြုလုပ်ထားကြောင်း စစ်ဆေးတွေ့ရှိရသည့်အတွက် အရေးယူပေးရန် ကောလင်းမြို့မရဲစခန်းသို့ ဒီဇင်ဘာ ၃၀ ရက်က တရားလိုပြုတိုင်တန်းခဲ့၍ ကောလင်းမြို့မရဲစခန်းက တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေအရ အမှုဖွင့်ကာ အမှုစစ်ရဲအုပ်ဇော်ဝင်းက အဆိုပါ ဒေသခံ ၃၂ ဦးအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ချပ်သင်းဘေးမဲ့တောသည် ကန့်ဘလူမြို့နယ်နှင့် ကောလင်းမြို့နယ်နှစ်ခုအတွင်း တည်ရှိကာ ဧရိယာ ၁၀၄ စတုရန်းမိုင် ကျယ်ဝန်းပြီး ရွှေသမင်ကောင်ရေ ၄၀၀ ခန့် ကျက်စားလျက်ရှိသလို လိပ်ပြာမျိုးစိတ်ပေါင်း ၆၅ မျိုး၊ ငှက်မျိုးစိတ် ၁၄၀၊ ကုန်းနေရေနေတွားသွားသတ္တဝါ ၅၄ မျိုးရှိကြောင်း မှတ်တမ်းများအရ သိရသည်။

ဘေးမဲ့တောအဖြစ် ၁၉၄၁ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး သစ်တောအမျိုးအစားအနေဖြင့် မုတ်သုံရွက်ကြွေတောအမျိုးအစားဖြစ်ကာ ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ သစ်ရာစသည့် သစ်မာများပေါက်ရောက်သည့် သဘာဝတောဖြစ်သဖြင့် ခရီးသွားလုပ်ငန်း ဖော်ဆောင်ရန် သင့်တော်သော သဘာဝနယ်မြေဖြစ်ပြီး ခရီးသွားလုပ်ငန်းဖော်ဆောင်နိုင်ရန် ခရီးသွားကုမ္ပဏီများနှင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရတို့ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# လွတ်လပ်ရေးနေ့ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲ ကျင်းပ

**ဝက်လက် ဇန်နဝါရီ ၁**

ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့်(၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် အခြေခံပညာအထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲများကို စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် အခြေခံပညာ အထက်တန်းကျောင်း၌ ဒီဇင်ဘာ ၃၀ ရက်က ကျင်းပခဲ့သည်။ စာစီစာကုံးပြိုင်ပွဲတွင် အထက်တန်းအဆင့်ကို လွတ်လပ်ရေးနှင့် အမျိုးသားရေးတာဝန် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အလယ်တန်းအဆင့်ကို လွတ်လပ်ရေးနေ့အတွေး ခေါင်းစဉ်ဖြင့်လည်းကောင်း ကျင်းပခဲ့ပြီး ဆုရရှိသူများအား ဇန်နဝါရီ ၄ ရက်တွင် ရွှေလုံဗိုလ်အားကစားကွင်း၌ ကျင်းပမည့် လွတ်လပ်ရေးနေ့အခမ်းအနားတွင် ဆုများ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**နန်းမြင့်(ဝက်လက်)**



ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့၌ ပြည်သူ့အကျိုးပြုလုပ်ငန်း စုပေါင်းဆောင်ရွက်မှုအဖြစ် နတ်တလင်းဘူတာရုံအတွင်း၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်အေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေဝဏ္ဏလှိုင်၊ မီးရထားဘူတာရုံပိုင် ဦးဝင်းသူတို့ ဦးဆောင်သော ဌာနဆိုင်ရာဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ စုပေါင်း၍ ဒီဇင်ဘာ ၃၁ ရက်က ဆောင်ရွက်စဉ်။

တင်မြင့်(နတ်တလင်း)



# မှုခင်းကျဆင်းရေး ပညာပေးလုပ်ငန်းများ ဆောင်ရွက်

**ညောင်တုန်း ဇန်နဝါရီ ၁**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၌ ပြည်သူများ မှုခင်းကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာဗဟုသုတများ ရရှိစေရန်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ မှုခင်းပညာပေးယာဉ်ဖြင့် မှုခင်းကြိုတင်ကာကွယ်တားဆီးရေး အသိပညာပေးမှုများကို ညောင်တုန်းမြို့ဗိုလ်ချုပ်လမ်းနှင့် (၈)လမ်းဆုံတွင် ဒီဇင်ဘာ ၃၁ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မှုခင်းပညာပေးယာဉ်ဖြင့် ကွင်းဆင်းပြသ အသိပညာပေးရာတွင် မှုခင်းကြိုတင်ကာကွယ်တားဆီးရေး၊ လူကုန်ကူးမှု ပပျောက်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ သက်ငယ်မုဒိမ်းမှုများ ပပျောက်ရေး စသည့်အကြောင်းအရာများကို ရဲတပ်ဖွဲ့ဝင်များက အသိပညာပေး ဟောပြောပြီး မှုခင်းပညာပေးယာဉ်ပေါ်ပါ အသိပညာပေး ပိုစတာများ ပြသခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကာ စုစုပေါင်း ဒေသခံပြည်သူ ၃၀၀ ခန့်ကို အသိပညာပေး ပြသနိုင်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်ဖွင့်လှစ်

**ကနီ ဇန်နဝါရီ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ် မဲဒင်ကျေးရွာ၌ ကျေးရွာနေပြည်သူများ စာပေဗဟုသုတ ရရှိစေရေးအတွက် အလှူရှင်များ၏လှူဒါန်းမှုဖြင့် ကိုယ့်အားကိုယ်ကိုး မိဘမေတ္တာဘဝအလင်းရောင် စာကြည့်တိုက်ကို ဒီဇင်ဘာ ၃၁ ရက်က စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

စာကြည့်တိုက်သစ်ဖွင့်ပွဲတွင် ကနီမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်ခင်ဝင်းကြည်က စာကြည့်တိုက်များဖွင့်လှစ်ခြင်း၏ အကျိုးကျေးဇူးများနှင့် စာကြည်တိုက် ရေရှည်တည်တံ့ရေး ဆောင်ရွက်ရမည့်အချက်များကို ရှင်းလင်းပြောကြားပြီး စာကြည့်တိုက်အလှူရှင် ဦးဝင်းငွေက စာကြည့်တိုက်လှူဒါန်းခြင်း ရည်ရွယ်ချက်ကို ပြောကြားသည်။ ထို့နောက် စာကြည့်တိုက်သစ်အတွက် စာအုပ်စာစောင်ပေါင်း ၁၅၀၀ ကျော်နှင့် စာကြည့်တိုက်အတွက် ဗီရိုများကို အလှူရှင်က စာကြည့်တိုက်မှူးထံ လွှဲပြောင်းလှူဒါန်းခဲ့ပြီး ကျေးရွာနေလူငယ်များအတွက် အားကစားပစ္စည်းများကိုလည်း လှူဒါန်းခဲ့သည်။

**သန်းဌေးအောင်(ကနီ)**

# လွတ်လပ်ရေးနေ့ အားကစားပြိုင်ပွဲများ ကျင်းပမည်

**ကသာ ဇန်နဝါရီ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့၌ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် အားကစားပြိုင်ပွဲများကို အင်းတော်မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူး၍ လွတ်လပ်ရေးနေ့တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အားကစားပြိုင်ပွဲများအဖြစ် ခရီးရှည် အပြေးပြိုင်ပွဲ၊ စစ်တုရင်ပြိုင်ပွဲ၊ ဖူဆယ်ဘောလုံးပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် ဝိုင်းခြင်းပြိုင်ပွဲများ ပါဝင်မည်ဖြစ်ကြောင်း၊ အားကစားပြိုင်ပွဲများ ကျင်းပသည့် ရည်ရွယ်ချက်မှာ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုခြင်းအပြင် မြို့နယ်အတွင်းရှိ ရွက်ပုန်းသီးအားကစားသမားများပေါ်ထွက်လာရေးကိုလည်း ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း အင်းတော်မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သီတာဝင်းထံမှ သိရသည်။**လူအောင်(ကသာ)**

# အသည်းရောင်အသားဝါဘီပိုး ကာကွယ်ဆေးထိုးပေး

**ရွှေတောင် ဇန်နဝါရီ ၁**

မြန်မာနိုင်ငံအသည်းဖောင်ဒေးရှင်း၏ ဦးဆောင်မှု ဗိုလ်ကျော်သန်းပရဟိတအဖွဲ့ (သာယာဝတီ)၏ ပံ့ပိုးကူညီမှု၊ စေတနာအားမာန် SHG(သာယာဝတီ)နှင့် ဘဝသစ်ရှေ့သို့(ပြည်ရုံး)CBO တို့၏ချိတ်ဆက်ပေးမှု၊ ရွှေတောင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ကျန်းမာရေးဌာနတို့၏ အားပေးကူညီမှုတို့ဖြင့် ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း ပြည်ခရိုင် ရွှေတောင်မြို့နယ်အတွင်းရှိ သွေးလှူရှင်များနှင့် ကူးစက်နိုင်ခြေများသူတို့ကို ပထမအကြိမ်အသည်းရောင်အသားဝါဘီပိုးကာကွယ်ဆေးထိုးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဘီပိုးကာကွယ်ဆေးထိုးပေးခြင်းကို ဒီဇင်ဘာ ၂၉ ရက်နံနက် ၉ နာရီက ရွှေတောင်မြို့ ယွန်းတန်းရပ်ကွက်ရှိ ရွှေမျက်မှန်ကျောင်းတိုက်၌ကျင်းပခဲ့ပြီး ရွှေတောင်မြို့နယ်ကျန်းမာရေးဌာန၏ အကူအညီဖြင့် ကာကွယ်ဆေးထိုးရန်ရောက်ရှိလာသူများအား အသည်းရောင်အသားဝါဘီပိုး ရှိ/မရှိသွေးစစ်ဆေးပေးခြင်း၊ ဘီပိုးမတွေ့သူများအား ကာကွယ်ဆေးထိုးနှံပေးခြင်းများ ပြုလုပ်ပေးခဲ့သည်။ အသည်းရောင်အသားဝါဘီပိုး ကာကွယ်ဆေးထိုးရန်စာရင်းပေးသွင်းသူ ၅၀၀ ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**


MPT
ရှေ့သို့လှမ်းချီ မြန်မာပြည်
၆၉
နှစ်မြောက်
လွတ်လပ်ရေးနေ့ကို
ဂုဏ်ပြုကြိုဆိုသောအားဖြင့်
MPT မှငွေဖြည့်လက်ဆောင်
များပေးအပ်လိုက်ပါပြီ . . .
( ၆၉ ) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုပါ၏
ဇန်နဝါရီလ ( ၁ ) ရက်နေ့မှ ( ၄ ) ရက်နေ့အတွင်း ဖုန်းငွေဖြည့်ပြီး ငွေဖြည့်လက်ဆောင်များကို ရယူလိုက်ပါ။
ငွေဖြည့်ပမာဏ (ကျပ်)
ငွေဖြည့်လက်ဆောင် (ကျပ်)
၁,၀၀၀
၂၀၀
၃,၀၀၀
၉၀၀
၅,၀၀၀
၂,၀၀၀
၁၀,၀၀၀
၅,၀၀၀
MPT GSM/WCDMA/CDMA အသုံးပြုသူများအားလုံး ပရိုမိုးရှင်းတွင် အကျုံးဝင်ပါသည်။
ရရှိထားသော ငွေဖြည့်လက်ဆောင်များကို MPT အချင်းချင်း ဖုန်းခေါ်ဆိုခြင်းနှင့် စာတိုပေးပို့ခြင်း၊ သုံးသလောက်သာ ကျသင့်မည့် အင်တာနက် တို့အတွက် ရရှိသည့်နေ့မှစ၍ ( ၅ ) ရက်အတွင်း အသုံးပြုနိုင်ပါသည်။
ပိုမိုသိရှိလိုပါက
www.mpt.com.mm
facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free
24 hours everyday

## အမည်ပြောင်း

ပုဏ္ဏားကျွန်းမြို့၊ ပန်းပျိုးလက်ကိုယ်ပိုင်အထက်တန်းကျောင်း၊ နဝမတန်းမှ (ဘ)ဦးမောင်သိန်းနု၏သမီး မခင်နွယ်ဦးအား မခိုင်နွယ်ဦးဟု ပြောင်းလဲခေါ်ပါရန်။ **မခိုင်နွယ်ဦး**


**ဒဂုံမြို့သစ်**

အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ် တောင်ပိုင်း၊ မြောက်ပိုင်းများရှိ မြေကွက်များကို ဈေးကောင်းပေးဝယ်သည်။

ဖုန်း-၀၉-၈၆၂၃၁၈၈

ဖုန်း-၀၉-၅၀၈၄၁၂၉


## သီရိစကြာရွှေနားဒင်စေတီတော် ဘုရားပွဲတော်နှင့် (၁၉)ကြိမ်မြောက်၊ ကံပေတိုက်နယ် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲ ပြုလုပ်ကျင်းပခြင်း

ရခိုင်ပြည်နယ်၊ မင်းပြားမြို့နယ်၊ ကံပေတိုက်နယ်၊ သံရှင်ကျေးရွာအုပ်စုၚ ၁၃၆၀-ပြည့်နှစ်ကပင် နှစ်စဉ် ပြုလုပ်ကျင်းပလာသော "သီရိစကြာရွှေနားဒင် စေတီတော်" ဘုရားပွဲတော်နှင့် ကံပေတိုက်နယ်၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲကို ၁၃၇၈-ခုနှစ်၊ ပြာသိုလဆန်း (၁၀) ရက်၊ (၇.၁.၁၇)နေ့မှ ပြာသိုလဆန်း (၁၄) ရက်၊ (၁၁.၁.၁၇)နေ့ထိ (၅)ရက်တိုင်တိုင် ပြုလုပ်ကျင်းပပါမည်။

တာဝန်ခံဆရာတော် ဘဒ္ဒန္တဉာဏ (ရန်ကုန်)

## ကျောင်းရေစက်ချအလှူတော်မင်္ဂလာ ဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ် ၂၀ ရပ်ကွက်၊ အောင်သိဒ္ဓိလမ်းမကြီး၊ ရွှေကျင်ကျောင်းတိုက်အတွင်း၌ အနန္တဂုဏ်ရည် ငါးလွှာစာချစာသင်သိမ်ကျောင်းတော်ကြီးကို အများပြည်သူစေတနာရှင်များဖြင့် စုပေါင်းတည်ဆောက်ပြီးစီးအောင်မြင်ပြီဖြစ်ပါ၍ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၄ ရက် ၁၃၇၈ ခုနှစ် ပြာသိုလဆန်း ၇ ရက် (ဗုဒ္ဓဟူးနေ့)တွင် ရေစက်သွန်းချအမျှပေးဝေမည်ဖြစ်ပါသောကြောင့် ရပ်ဝေးရပ်နီး အလှူရှင်အပေါင်းတို့အား လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ကျောင်းဖြစ်မြောက်ရေးကော်မတီ**

## အထက အဖျောက်မြို့ (၁၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ အဖျောက်မြို့၏ ကျောင်းသား ကျောင်းသူဟောင်းများမှ (၁၉)ကြိမ်မြောက် အငြိမ်းစား ဆရာကြီး ဆရာမကြီးများပူဇော်ပွဲကို ၁၅-၁-၂၀၁၇ ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် အထက (မြို့တွင်း) မြက်ခင်းပြင်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကန်တော့ခံ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**အလှူငွေလှူဒါန်းနိုင်သည့်ပုဂ္ဂိုလ်များ**

ဦးစိုးခိုင် ဖုန်း-၀၉-၇၉၉၃၅၁၅၀၈၊ ဦးပြုံးနိုင် ဖုန်း-၀၉-၇၉၉၃၃၃၃၉၅၊ ဦးလှသိန်း ဖုန်း-၀၉-၄၂၀၂၇၈၂၂၇၊ ဒေါ်လဲ့လဲ့ဝင်း ဖုန်း-၀၉-၇၉၀၉၃၅၉၄၅၊ ဦးစောရွှေ ဖုန်း-၀၉-၈၆၃၁၇၄၈၊ ဦးသန်းနိုင်အောင် ဖုန်း-၀၉-၄၄၈၀၀၅၁၆၃၊ ဦးယုကြိုင် ဖုန်း-၀၉-၂၅၄၀၂၁၉၂၆၊ ဦးခင်မောင်စိုး ဖုန်း-၀၁-၂၅၁၉၇၈၊ ဦးအောင်ခိုင် ဖုန်း-၀၉-၅၁၄၀၀၀၆

**အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ**


ကိုဝင်းနိုင် **ဒေါင်းမင်း** 09425355758,09255913926,09-252990976

အလောင်းတော်ကဿပ Dec 30 ထွက်မည်

▲ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကလော (၄)ရက်၊ ဆက်၍-လှိုင်ကော်ပါ (၅)ရက်။

▲ မော်လမြိုင်၊ ကျိုက်ထီး၊ စက်ခဲ၊ ထားဝယ်၊ မောင်းမကန်၊ ရှင်ကိုးရှင် (၅)ရက်။

▲ ဘားအံ၊ မြဝတီ၊ မဲဆောက် ခရီးစဉ် (၃)ရက်။ Guest- 75000

▲ ပုဂံ၊ ပုပ္ပါး၊ ရွှေစက်တော်၊ လေးဆူ၊ ပခုက္ကူ (၃)ရက်။ Hotel- 75000

▲ မန္တလေး၊ ပြင်ဦးလွင်၊ ရေပြာအိုင်၊ ကျောက်စိမ်းဘုရား (၃)ရက်။ Hotel- 65000

ကားမျိုးစုံဝီးငှား

**အောင်သရဖူ**

အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း

လူကြီးမင်းတို့၏ အိမ်ခန်း၊ ရုံးခန်းများ ပြောင်းရွှေ့ခြင်းအတွက် အလုပ်သမား နှင့် ကား စီစဉ်ပေးသည်။

အမှတ်-၁၈၃၊ မြေယမံအိမ်ရာ၊ လေးထောင့်ကန်လမ်းမ။

09254009334, 09254009335, 09254009336

**အောင်ပြည့်စုံ**

အိမ်ပြောင်း အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း

မြို့တွင်း/နယ်ဝေးများအတွက်

10',14',16'-Box ကားများဖြင့် အလုပ်သမားစီစဉ်ပေးသည်။

09-421041338

09-73224763

09-250095114

၁၂-ရာသီဟောကိန်း စာဖတ်ပရိသတ်များနှင့် မြန်မာပြည်သူ/သားများ နှစ်သစ်မှာ လိုအင်ဆန္ဒများပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

၂၀၁၇-ခုနှစ်

**စံ-ကဏီဘို**

**၁၂-ရာသီဟောကိန်း**

City Mart, Ocean, City Express, Capital, Orange, Sein Gay Har ဆိုင်များတွင်လည်း ဝယ်ယူရရှိနိုင်ပါသည်။

ပင်ရင်းဖြန့်ချိရေး

အမှတ်(၂၈၆)၊ မြေညီထပ်၊ လမ်း-၄၀(အထက်)၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၇၀၉၀၁၃၂၊ ၃၉၁၁၆၉၊ ၀၉-၈၆၁၀၄၈၈၊ ၀၉-၅၀၄၄၅၇၉

ထွက်ပြီ

မန္တလေးဖြန့်ချိရေး

လှထုကြီးပွားရေးစာအုပ်တိုက် အမှတ်(၂၂၁)၊ ၈၄-လမ်းနှင့် ၃၃-လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း-၀၂-၃၉၇၁၇၊ ၆၀၁၃၆


## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပန်းတနော်မြို့နယ်၊ ဘဝိုင်းကျေးရွာအုပ်စု၊ ဘဝိုင်းရွာမနေ ဦးမြင့်ဦး ၁၄/ပတန(နိုင်)၀၄၀၇၈၂နှင့် ဒေါ်သိန်းသိန်း ၁၄/ပတန(နိုင်)၀၁၃၁၂၇ တို့၏သမီးကြီး မခင်မာဦးသည် မိဘများဆိုဆုံးမသည်ကို နာခံခြင်းမရှိဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး လွန်ခဲ့သော ၂၁ နှစ်ခန့်က နေအိမ်မှဆင်းသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ နောက်နောင် ၄င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝဖြေရှင်းပေးမည်မဟုတ်ပါ။ **ဦးမြင့်ဦး-ဒေါ်သိန်းသိန်း**




| **မွေးနေ့သက္ကရာဇ် အမှန်** | ဒေါ်ခင်ယု ၁၂/မရက(နိုင်)၀၀၈၈၈၁၏ မွေးသက္ကရာဇ်သည် မြန်မာခုနှစ်ဖြင့် (ဆန်း ၁၀-၁-၁၃၁၅)ဖြစ်ပြီး ခရစ်နှစ်ဖြင့် ၂၄-၃-၁၉၅၃ ဖြစ်ပါသည်။ |
|---|---|

| **ဖောင်းကြွပျောက် လျှောက်ထားခြင်း** | ယာဉ်အမှတ် 4G/9155 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)** |
|---|---|

# ကုန်အမှတ်တံဆိပ်သတိပေးကြော်ငြာခြင်း

Greenline Myanmar Group Co.,Ltd သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်၊ အမှတ်တံဆိပ်အမှတ်အသားကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် တရားဝင် မှတ်ပုံတင်ပြီးဖြစ်ပါသည်။




အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားကို ကျွန်ုပ်တို့၏ မိတ်ဆွေကုမ္ပဏီက " POY-SIAN " ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားဖြင့် ရှူဆေးဘူးများကို ပြည်ပမှ မှာယူတင်သွင်း၍ ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝှမ်းတွင် ဖြန့်ချိရောင်းချသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကုမ္ပဏီမူပိုင်အဖြစ် အသုံးပြုလျက်ရှိသော အဆိုပါကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို ကုမ္ပဏီမှတပါး အခြားသူတစ်ဦးတစ်ယောက်မှဖြစ်စေ၊ တစ်စိတ်တဒေသဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား ၊ ထင်ရောင်ထင်မှား၊ ဆင်တူယိုးမှား တုပပြုလုပ်သုံးစွဲနေသူများကို တွေ့မြင်ကြားသိရပါက ကုမ္ပဏီလုပ်ငန်း အကျိုးစီးပွား တိုက်ရိုက်နစ်နာဆုံးရှုံးမှုမှ ကုန်ကျသမျှသောအရပ်ရပ် စရိတ်ကြေးငွေများအတွက် လျော်ကြေးငွေများ တောင်းဆိုသွားရန်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းရှိ မည်သည့် တရားရုံးတွင်မဆို တရားမ ကြောင်းအရဖြစ်စေ၊ ရာဇဝတ်ကြောင်းအရဖြစ်စေ တရားစွဲဆိုမည့်အပြင် တုပပြုလုပ်ထားသည့် ကုန်အမှတ်တံဆိပ် စာအုပ်အမှတ်အသားများကို ပယ်ဖျက်ပေးသည်အထိ ဆက်လက်အရေးယူ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတိပေးကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးနေဝင်း
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၃၁၀)
LL.B, WIPO ( Switzerland )
အမှတ်-၁၂၀ (ပ) ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
Ph: 09 445108436, 09 972524449

LMA လွင်မြင့်အောင် မြင်းခွာရွက်ဆေးရည်
အမှတ်တံဆိပ်
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - TMR ၀၀၅၃၉၄ (၀၅၁၃)
စိတ်ဖိစီးမှုလျော့ပါးစေရန်၊ သီးကောင်းစေရန်၊
ခွန်အားသစ်ဖြစ်စေရန်၊ မှတ်ဉာဏ်ကောင်းစေရန်၊
အရွယ်တင်နုပျိုစေရန် သောက်သုံးနိုင်ပါသည်။
Certificate TH09/3125
ISO 9001:2008 နှင့် GMP လက်မှတ်ရ Lwin Myint Aung Industrial Co.,Ltd. (၄/၂၀၁၀ တဆထလ(တိုး) ၉၉၈) အမှတ် ၁၃၀/၇၊ ငါးထပ်ကြီးဘုရားလမ်း၊ ရန်ကုန်မြို့မှထုတ်လုပ်သည်။
Certificate TH06/3966.02







## မြေရောင်းမည်

သဃ်န်းကျွန်းမြို့နယ်၊ JUNCTION ZAWANAအနီး၊ လေးထောင့်ကန်လမ်းမကြီးမှ အနည်းငယ်ဝင်ရုံနှင့် Y.K.K.O အနောက်ဘက်၊ ပေ (၄၅×၅၅) ဧ/မြောက်ရပ်ကွက် ဘိုးဘွားပိုင်မြေ **(သိန်း ၂၃၀၀)**

**ဖုန်း-၀၉-၅၀၂၈၂၆၉၊**
**၀၉-၂၅၀၁၄၆၂၄၃**




## ကန့်ကွက်ရန်ကြော်ငြာ

လှိုင်လင်ခရိုင်၊ နမ့်စန်မြို့၊ ရပ်ကွက် (၁)၊ အကွက်အမှတ် (၁၉)၊ ဦးပိုင်အမှတ် (၁၃၉)၊ ဧရိယာ ၀ဒသမ၀၈၉ ဧကပေါ်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးစိုင်းလောက်လျှမ်း (ဦးစိုင်းလောင်လိုင်း) ၁၃/နစန(နိုင်)၀၀၄၆၄၃ မှ ဂရန်မူရင်းပျောက်ဆုံးသွားပါသဖြင့် ဂရန်မိတ္တူကူးယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများနှင့် ယခုကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ဤရုံးသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဂရန်မိတ္တူထုတ်ပေးသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**လှိုင်လင်ခရိုင်၊ လှိုင်လင်မြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် (G)၊ ဦးပိုင်အမှတ် (၄၆)၊ ၅၇လမ်း×၅၈လမ်း၊ မနော်ဟရီ×ခိုင်ရွှေဝါလမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးရွှေမြင့်ထံမှ ဦးပိုင် ၄၆ (ခဲစင်း)တောင်ဘက်ခြမ်းအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၇၄၈/၂၀၁၆) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်မာယာ ၉/မကန(နိုင်)၀၈၄၇၂၅ မှ တောဂရန် တင်ပြ၍ တောမှမြို့ပြောင်း၊ အမည်ပြောင်း၊ ဦးပိုင်ခွဲအမှတ်ဖွဲ့စည်းခွင့်ပြုပါရန်နှင့် မြေပုံ၊မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့၊ ကန်မိန်းကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော်ကြီး
## အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ ဘဒ္ဒန္တမုနိန္ဒ
### သက်တော်(၈၆)နှစ်၊ သိက္ခာတော်(၆၆)ဝါ

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊လားရှိုးမြို့၊ ကန်မိန်းကျောင်း ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ ဘဒ္ဒန္တမုနိန္ဒဆရာတော်ကြီးသည် (၁၃၇၈ ခုနှစ် ပြာသိုလဆန်း ၂ ရက်) ၃၀-၁၂-၂၀၁၆ရက် (သောကြာနေ့) နံနက် ၀၀း၂၀နာရီတွင် ဘဝနတ်နန်းသို့ စံမြန်းတော်မူခဲ့ပါသည်။

ဆရာတော်ကြီး၏ ရုပ်ကလာပ်အား လားရှိုးမြို့၊ ကန်မိန်းကျောင်းတိုက်၊ သုခဝိဟာရ ဓမ္မာရုံကျောင်းတော်ကြီးတွင် အပူဇော်ခံထားရှိပြီး (၁၃၇၈ခုနှစ် ပြာသိုလဆန်း ၁၃ ရက်) ၁၀-၁-၂၀၁၇ရက်တွင် စံကျောင်းချပူဇော်ကာ ပြာသိုလပြည့်ကျော် ၁ ရက် ၁၃-၁-၂၀၁၇ရက် (သောကြာနေ့)တွင် သာဓုကီဠနပူဇော်ပွဲသဘင်ဆင်ယင်ကျင်းပမည်ဖြစ်ပါသဖြင့် ဆရာတော် ကြီး၏ တပည့်သာဝကအားလုံးတို့နှင့် ရပ်နီးရပ်ဝေး ဓမ္မမိတ်ဆွေအားလုံးတို့အား ဖိတ်ကြားအပ်ပါသည်။

၁၃-၁-၂၀၁၇ရက် စျာပနအခမ်းအနားတွင် ပင့်သံဃာတော်အပါး (၁၀၀၀)တို့အား ဆွမ်း၊ သင်္ကန်းလှူဖွယ်ဝတ္ထုများကို ဘဝနတ်ထံပို့လှူဒါန်းတော်မူသောဆရာတော်ကြီးအား ရည်စူး၍ လှူဒါန်းပူဇော်မည် ဖြစ်ပါသည်။

**သာဓုကီဠနပူဇော်ပွဲကျင်းပရေးကော်မတီ၊**
**ကန်မိန်းကျောင်းတိုက်၊ လားရှိုးမြို့**

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
# ဦးချိန်ဖူးဂျိန်း (ခ) ဦးလှမောင်
### အသက် (၈၀)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဝက်ပါလမ်း၊ အမှတ် ၂၂နေ (ဦးချိန်တာ- ဒေါ်ကြိမ်ရင်ဖုံ)တို့၏သား၊ (ဦးကျန်ယိုလင်-ဒေါ်ဖုန်ကျင်းတီ)တို့၏ သားသမက်၊ ဒေါ်ကျန်ရီမေ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးခင်မောင်ဝင်း-ဒေါ်ဝင်းဝင်းမော်၊ ဦးသန့်ဇင်-ဒေါ်လီရှွင်ရှမ်း၊ ဦးကျော်ထွန်းနိုင်- ဒေါ်ရီရီ၊ ဦးထွန်းလှ၊ ဦးခင်မောင်ရင်၊ ဦးဂမ်စိုင်း-ဒေါ်ဖြူလှရင်၊ ဦးအောင်ဝင်း-ဒေါ်ဝေဝေထွေး၊ ဦးဇော်မင်းထွေးတို့၏ဖခင်၊ မောင်ရဲစည်သူအောင်၊ မမြတ်စုမွန်၊ မောင်အောင်ကျော်မျိုး၊ မောင်ဇော်ဝဏ္ဏ၊ မောင်အောင်မင်းခန့်၊ မောင်ညဏ်ဟိန်းအောင်၊ မနှင်းဝေအောင်၊ မောင်ဖွဲ့ထက်အောင်တို့၏ ဘိုးဘိုးကြီးသည် ၂၉-၁၂-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၁း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၁-၂၀၁၇ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေး ယုနန်သုသာန်သို့ ပို့ဆောင်ဂူသွင်းမြေမြှုပ်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

### ခရစ်တော်၌ အိပ်ပျော်ခြင်း
### ဒေါ်စန္ဒီစိုးသွင် (Teacher Sundee)
### အသက်(၄၀)

ဦးခင်မောင်သွင် - (Teacher Marjorie) တို့၏ ချစ်လှစွာသောသမီး၊ Teacher Mi Mi, (U Mg Mg Thwin),U Nyi Nyi Thwin, U Thiha Soe Thwinတို့၏ညီမ၊ Teacher Irene, Daw Yee Yee Thein, Daw Ni Ni, Teacher Mar Marတို့၏တူမ၊ ဦးရန်နိုင်စိုး၊ ဒေါ်ဟေမာစိုးတို့၏ညီမ/အစ်မသည် ၃၁-၁၂-၂၀၁၆ရက် (စနေနေ့) နံနက် ၄ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် သင်းအုပ်ဆရာ၊ မိသားစုနှင့်အတူ အပ်နှံခြင်းဝတ်ကို ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ ပြုလုပ်ပြီးဖြစ်ပါကြောင်း။ ဒေါ်စန္ဒီစိုးသွင်း၏ အသက်တာအတွက် ကျေးဇူးတော် ချီးမွမ်းခြင်း ဓမ္မဝတ်ကို ၈-၁-၂၀၁၇ရက် (တနင်္ဂနွေနေ့)ညနေ ၃နာရီတွင် ဦးနော်အသင်းတော်(၁၁၅)၊ အနော်ရထာလမ်း၊ လသာမြို့နယ်တွင် ကျင်းပမည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

### ပျောက်ဆုံးကြောင်း

ကျွန်မ မသန္တာအေး ၁၀/မလမ(နိုင်)၂၀၃၅၃၄ ၏ Passport (No. မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၈၇၀၁၆၅၀၇၀**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ခင်ထားမေ(သူကောင်း) ပါမောက္ခ(ဌာနမှူး-ငြိမ်း) မြန်မာစာဌာန၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်
### အသက် (၇၁)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ် (၃၁/က)၊ အခန်း ၅၀၃၊ အင်းစိန်လမ်းမကြီးနေ ဦးသောင်းထွန်း (စက်ရုံမှူး-ငြိမ်း၊ ဆပ်ပြာစက်ရုံအမှတ်-၂)၏ဇနီး၊ ဦးသူထွန်း (Baran and Fujikura EPC Co.,Ltd.)-ဒေါ်နန်းထွေးလှိုင်၊ မလှိုင်ပန်းဖြူ (Telenor Myanmar Co.,Ltd)တို့၏မိခင်၊ မောင်လင်းသန့်ထွန်း၏ ဘွားဘွားကြီးသည် ၂၉-၁၂-၂၀၁၆ ရက် (ကြာသပတေးနေ့) နံနက် ၃း၂၅ နာရီတွင်ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။ **နဒီမြန်မာဟိုတယ်မိသားစု မန္တလေးမြို့**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်သန်းသန်းလှ
### အသက် (၅၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၇)ရပ်ကွက်၊ ပင်လုံ (၁)လမ်း၊ အမှတ် (၅၉)နေ ဦးအောင်စိုးသိန်း (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး)၏ချစ်လှစွာသောဇနီး ဒေါ်သန်းသန်းလှ အသက် (၅၃)နှစ်သည် ၃၀-၁၂-၂၀၁၆ရက်(သောကြာနေ့) နံနက် ၀၀း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးအောင်နိုင်ဦး-ဒေါ်ဥမ္မာစိုးအောင်**
**ညွှန်ကြားရေးမှူးချုပ်**
**ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်သန်းသန်းလှ
### အသက် (၅၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၇)ရပ်ကွက်၊ ပင်လုံ (၁)လမ်း၊ အမှတ် (၅၉)နေ ဦးအောင်စိုးသိန်း (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး)၏ချစ်လှစွာသောဇနီး ဒေါ်သန်းသန်းလှ အသက် (၅၃)နှစ်သည် ၃၀-၁၂-၂၀၁၆ ရက် (သောကြာနေ့) နံနက် ၀၀း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမျိုးညွှန့်အောင်-ဒေါ်နီနီအေး**
**ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**

---

### အထူးကျေးဇူးတင်ရှိခြင်း
### ဒေါ်ရှုကျင်(မအူပင်မြို့)
### အသက် (၈၆)နှစ်

၁၅-၁၂-၂၀၁၆ရက်(ကြာသပတေးနေ့) တွင် ကွယ်လွန်သွားခဲ့သော မိခင်ကြီး ဒေါ်ရှုကျင်နာမကျန်းစဉ် မေတ္တာစေတနာအပြည့်ဖြင့် အနီးကပ်ကုသပေးခဲ့သော ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ တိုးလင်းအောင်ဆေးရုံမှ အထွေထွေအထူးကုသမားတော်ကြီး ဒေါက်တာဦးအုန်းမြင့်နှင့် ဆရာဝန်များ၊ သူနာပြုများ၊ သတင်းစာများနှင့် Facebook တို့မှ ဝမ်းနည်းကြောင်းဖော်ပြကြသော ဝန်ကြီးဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ထမ်းမိသားစုများ၊ တယ်လီဖုန်းဖြင့် နှစ်သိမ့်စကားပြောကြားသူများ၊ သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများနှင့် လွမ်းသူ့ပန်းခြင်း၊ ပန်းခွေများပေးပို့ကြသော ဝန်ကြီးဌာနအသီးသီးလက်အောက်ရှိ အဖွဲ့အစည်းများ၊ ဆက်စပ်လျက်ရှိသော ပြည်တွင်းပြည်ပကုမ္ပဏီများ၊ ကွယ်လွန်သည့်နေ့မှစ၍ ရက်လည်နေ့ထိတိုင်အောင် နေ့ရောညပါ အချိန်ပြည့်အလှည့်ကျ တာဝန်ယူဧည့်ခံဆောင်ရွက်ပေးခဲ့ကြသော ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် Perpetual Power Solution Co.,Ltd တို့မှ အင်ဂျင်နီယာများနှင့်ဝန်ထမ်းများ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်ဝတ်အသင်း၊ နာရေးကူညီမှုအသင်းများ၊ ဦးကျော်သူ၏နာရေးကူညီမှုအသင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဓာတ်ပုံနှင့်ဗီဒီယိုတို့ဖြင့် မှတ်တမ်းတင်ရိုက်ကူးပေးကြသော Great Kyaw အဖွဲ့၊ နာရေးလိုက်ပါပို့ဆောင်ကြသော ရပ်နီးရပ်ဝေးတို့မှ ဆရာသမားများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းအပေါင်းအသင်းများ၊ လုပ်ဖော်ကိုင်ဖက်များနှင့်တကွ အစစအရာရာလိုလေသေးမရှိ ကူညီပေးခဲ့ကြသူများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### ဒေါ်ခင်ထားမေ
### ပါမောက္ခ၊ ဌာနမှူး(ငြိမ်း)မြန်မာစာဌာန
### အသက် (၇၁) နှစ်

ကျေးဇူးရှင်ဆရာမကြီး ဒေါ်ခင်ထားမေ ပါမောက္ခ၊ ဌာနမှူး(ငြိမ်း) မြန်မာစာဌာန၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်သည် ၂၉-၁၂-၂၀၁၆ ရက် နံနက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ ဒေါက်တာစိုးနိုင်**
**ပါမောက္ခ ဒေါက်တာစုစုခိုင်နှင့်**
**ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်**
**မြန်မာစာဌာနမှ ဆရာ ဆရာမများ**

---

### အထူးကျေးဇူးတင်ရှိခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်ချစ်တင် (ပဲခူးမြို့)
### အသက် (၉၃)နှစ်

၂၆-၁၂-၂၀၁၆ ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားသော မိခင်ကြီး၏ နာရေးကိစ္စတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးပါသော ဆွေမျိုးမိတ်ဆွေများအားလုံး၊ လိုက်ပါပို့ဆောင်သော ဆွေမျိုးမိတ်ဆွေများအားလုံး၊ အင်ဂျင်နီယာတပ်မှ အရာရှိ၊ အရာခံ၊ အကြပ်စစ်သည် မိသားစုများအားလုံး သုခကမ္ဘာဆေးရုံမှ ဂရုစိုက်ကြပ်မတ်ပေးသော ဆရာဝန်များ၊ ဝန်ထမ်းများ၊ ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ ကုမ္ပဏီများ၊ တယ်လီဖုန်းဖြင့် အားပေးနှစ်သိမ့်ပေးသူများ၊ ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးအထူးတင်ရှိပါသည်။ **ကျန်ရစ်သူမိသားစု**

---

### ဒေါ်အုန်းမြင့်(ခ)ဖြူဖြူ အသက် (၇၂)နှစ်
### စား/ဖျော်ရုံးချုပ် (ငြိမ်း)

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ ခတ္တီယနေ (ဦးဘညွန့်-ဒေါ်မြစောသင်)တို့၏သမီး၊ ဦးအုန်းမောင်- (ဒေါ်စန်းမြင့်)၊ ဦးစိုးသိန်း- ဒေါ်အေးခင်တို့၏ညီမ၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ အောင်ဇေယျအိမ်ရာ၊ ရတနာသိင်္ခလမ်း၊ တိုက် ၁၂၊ အခန်း ၃၀၃နေ (ဗိုလ်ကြီးစိုးတင်)၏ဇနီး၊ ဒေါက်တာတင်မောင်သန်း- ဒေါ်နီလာစိုး၊ ဗိုလ်မှူးရဲဖုန်းစိုး (ငြိမ်း)- ဒေါ်ဆွေဆွေဝင်းတို့၏မိခင်၊ မဖြူနှင်းသန့်၊ မောင်ဘုန်းဟိန်းကျော်၊ မောင်ကောင်းဆက်ဟိန်း၊ မောင်အောင်ခန့်ဘုန်းမြတ်တို့၏ အဘွားသည် ၃၁-၁၂- ၂၀၁၆ရက် (စနေနေ့) နံနက် ၁၁း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂-၁-၂၀၁၇ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၆-၁-၂၀၁၇ရက်(သောကြာနေ့)နံနက်တွင် အထက်ပါ နေအိမ်သို့ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်သန်းသန်းလှ
### အသက် (၅၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၇)ရပ်ကွက်၊ ပင်လုံ (၁) လမ်း၊ အမှတ် (၅၉)နေ ဦးအောင်စိုးသိန်း (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး)၏ချစ်လှစွာသောဇနီး ဒေါ်သန်းသန်းလှ အသက် (၅၃)နှစ်သည် ၃၀-၁၂-၂၀၁၆ ရက် (သောကြာနေ့) နံနက် ၀၀း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဇော်လွင်ဦး-ဒေါ်ချစ်ကြည်ရေး**
**ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**

---

### ဗိုလ်မှူးသူရနေမျိုး အသက် (၄၃)နှစ်
### (ကြည်း-၃၁၂၇၈)

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ် (၁၂)နေ Able Winners Company ၏ Finance Director ဒေါ်လဲ့လဲ့ဝင်းထွတ်၏ အစ်ကိုသည် ၃၀-၁၂-၂၀၁၆ရက် (သောကြာနေ့) နံနက် ၃း၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Able Winners Company ၏ အုပ်ချုပ်မှုဒါရိုက်တာနှင့် ဝန်ထမ်းများ**

# ကိုးတန်ကောက်ကျေးရွာအတွင်း ရဲတပ်ဖွဲ့ဝင်များရှင်းလင်းရေးဆောင်ရွက်စဉ် ဗီဒီယိုမှတ်တမ်းရိုက်ကူးခဲ့မှုနှင့်စပ်လျဉ်းသည့် သတင်းထုတ်ပြန်

**နေပြည်တော် ဇန်နဝါရီ ၁**

၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်ညနေပိုင်းက လူမှုကွန်ရက်စာမျက်နှာတစ်ခုမှ စတင်လွှင့်တင်ခဲ့သော ဗီဒီယိုဖိုင်တစ်ဖိုင်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်အချို့က ရိုက်နှက်၊ ကန်ကျောက်သည့် ပုံရိပ်များပါရှိလာခဲ့ပြီး ယင်းဗီဒီယိုဖိုင်၏ ရည်ညွှန်းချက်တွင် ရခိုင်ပြည်နယ်၌ဖြစ်ပွားခဲ့သော ဖြစ်စဉ်ဖြစ်သည်ဟုဖော်ပြထားခဲ့ကြောင်း၊ ယင်းဗီဒီယိုဖိုင်ကိုကိုးကား၍ သတင်းဌာနများတွင် ဆင့်ပွားဖော်ပြလျက်ရှိသည်ကိုလည်း တွေ့ရှိရကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

အဆိုပါဗီဒီယိုဖိုင်လွှင့်တင်ထားသည်ကို သိလျှင်သိချင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပြည်ထဲရေးဝန်ကြီးဌာနတာဝန်ရှိသူများထံ ယင်းဗီဒီယိုဖိုင်နှင့်စပ်လျဉ်း၍ စိစစ်ရန်ဆက်သွယ်မေးမြန်းခဲ့ကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တာဝန်ရှိသူများ၏ စိစစ်ဖော်ထုတ်ပြီး ပြန်လည်ရှင်းလင်းတင်ပြချက်အရ ယင်းဗီဒီယိုဖိုင်မှာ ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၅ ရက်နေ့က ကိုးတန်ကောက်ကျေးရွာအတွင်းသို့ အမှတ်(၂) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲနှင့် အမှတ် (၃၆) လုံခြုံရေးရဲတပ်ဖွဲ့ခွဲတို့ ပူးပေါင်းပါဝင်သည့်အဖွဲ့က ဝင်ရောက်ရှင်းလင်းခဲ့စဉ် ဖြစ်ပွားခဲ့သောဖြစ်စဉ်တစ်ခုကို ရိုက်ကူးထားခြင်းဖြစ်ကြောင်း၊ ရွာအတွင်းရှင်းလင်းစဉ် အမှတ်(၃၆) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ဒုတိယရဲအုပ်တေဇာလင်း ဦးစီးရဲတပ်ဖွဲ့ဝင် ၁၀ ဦးအဖွဲ့က ရွာသားများကို ထိန်းသိမ်းနေစဉ် ရဲတပ်သား ဇော်မျိုးထိုက်က ၎င်း၏လက်ကိုင်ဖုန်းဖြင့် ရိုက်ကူးခဲ့ခြင်းဖြစ်သည်ဟု စိစစ်သိရှိရကြောင်း ဖော်ပြထားသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ❐



ကော့သောင်းမြို့နယ် မြိတ်ကျွန်းစုရှိ ဆလုံလူမျိုးများနေထိုင်ရာ ဂျလန်းကျွန်း၌ ဂျလန်းဆရာတော်ဦးစီး၍ လောကနာထစေတီတော်အား ထီးတော်တင်ပွဲကို ဇန်နဝါရီ ၁ ရက် နံနက်ပိုင်းကကျင်းပရာ ကော့သောင်း၊ မြိတ်နှင့်ကျွန်းစုများမှ ဆလုံလူမျိုးများနှင့် မြို့ခံပြည်သူတို့ဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်
သန်းထိုက်(လှိုင်သာယာ)

# ဂျပန်စတိုင်ဆယ်ပြားဈေး လွတ်လပ်ရေးနေ့တွင် ကျင်းပမည်

**သတင်း-မြင့်မောင်စိုး**

**ရန်ကုန် ဇန်နဝါရီ ၁**

ပြည်သူများ၏ တောင်းဆိုချက်အရ ဂျပန်စတိုင်ဆယ်ပြားဈေးပွဲတော် (Flea Market) ကိုလာမည့်လွတ်လပ်ရေးနေ့ (ဇန်နဝါရီ ၄ ရက်) တွင် ပြည်သူ့ဥယျာဉ်၌ ထပ်မံကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာ-ဂျပန် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်းဥက္ကဋ္ဌ ဦးအေးကိုကိုက ပြောကြားသည်။

"ဒီဆယ်ပြားဈေးက ဂျပန်နိုင်ငံမှာဆိုရင် လစဉ် ပထမတနင်္ဂနွေနေ့တိုင်းမှာ ရပ်ကွက်အလိုက်ကျင်းပတဲ့ ဈေးပွဲဖြစ်ပါတယ်။ နှစ်ပေါင်း ၂၀ ကျော်ရှိလာပြီဖြစ်တဲ့ ဂျပန်ယဉ်ကျေးမှုတစ်ရပ်ဖြစ်ပါတယ်။ မိမိအိမ်မှာ အသုံးပြုပြီးဖြစ်တဲ့ပစ္စည်းကို တခြားလူတွေကို ဈေးပေါပေါနဲ့ ပြန်ရောင်းပေးတဲ့ဈေးပွဲဖြစ်ပါတယ်။ ရောင်းတဲ့သူတွေက ဈေးပေါပေါနဲ့ ပြန်ရောင်းပေးသလို ဝယ်တဲ့သူတွေကလည်း ပေါ့ပေါ့ပါးပါးနဲ့ဝယ်ယူသွားကြပါတယ်" ဟု ဦးအေးကိုကိုက ပြောကြားသည်။

*စာမျက်နှာ ၁၂ ကော်လံ ၁* ❁




**ဇန်နဝါရီ ၁ ရက်က နေပြည်တော်၌ ဖွင့်လှစ်ခဲ့သော အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ( NRPC) ၏ ညအလှမြင်ကွင်းကို တွေ့ရစဉ်**
ခါတ်ပုံ-ကျော်ရဲဆွေ (သတင်းစဉ်)

လွတ်လပ်ရေး အကြိုဆောင်းပါး

**ငြိမ်းချမ်းရေးသာအဓိက** စာ-၆

**အစ္စတန်ဘူလ် နိုက်ကလပ်၌ သေနတ်ပစ်ခတ်မှုများဖြစ်ပွား ၃၉ ဦးသေဆုံး** စာ-၁၀

**၂၀၁၆ ခုနှစ်တွင် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၌ ယာဉ်မတော်တဆမှု ၇၄၄ မှု ဖြစ်ပွား** စာ-၁၃

